မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ခန္ဓာငါးပါးကို မပြတ်ရှုမြင်

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ် အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက် ရှည်ရခြင်းသည် မြတ်၏။

သဟာသဝဂ် (ဓမ္မပဒ - ၁၁၃)

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၉)၊ အမှတ် (၁၄၉)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်ပြည်နယ် မြဝတီမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်တို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မွန်ပြည်နယ် မော်လမြိုင်မြို့၌ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်တို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ ကရင်ပြည်နယ် ကော့ကရိတ်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး မြဝတီမြို့သို့ ရောက်ရှိရာ မြို့တွင်းလမ်းမတစ်လျှောက်၌ ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြဝတီမြို့နယ် မြစန္ဒီပန်းခြံ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "တစ်တိုင်းပြည်လုံး ဘယ်နေရာကိုသွားသွား တတ်နိုင်သမျှ ပြည်သူလူထုနဲ့တွေ့ဆုံဖို့ ကျွန်မတို့က စီစဉ်ပါတယ်။ ဒီတွေ့ဆုံပွဲတွေ အောင်မြင်ဖို့ဆိုတာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှု အောင်မြင်မှာ ဖြစ်ပါတယ်။ ပြည်သူလူထု ပူးပေါင်းပါဝင်မှုဆိုတာ ပထမဆုံး စည်းကမ်းရှိဖို့လိုပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်ပြည်နယ် မြဝတီမြို့နယ် မြစန္ဒီပန်းခြံ၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

သတင်းစဉ်

KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

ပြည်သူလူထု၏ အရည်အချင်းသည် နိုင်ငံ၏အရည်အချင်း ပြည်သူလူထု၏ တန်ဖိုးသည် နိုင်ငံ၏တန်ဖိုး

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရင်းအနှီးရှိဖို့က လွန်စွာ အရေးကြီးသည်။ အရင်းအနှီးဟူသော ယေဘုယျစကားလုံးတွင် ငွေကြေးအရင်းအနှီး၊ ရုပ်ဝတ္ထုအရင်းအနှီးနှင့် လူသားအရင်းအနှီး တို့ ပါဝင်လျက်ရှိပြီး အဆိုပါ အရင်းအနှီးသုံးရပ်အနက် လူသားအရင်းအနှီးက အခြေခံအကျဆုံး၊ အဓိကအကျဆုံးပင် ဖြစ်သည်။ သို့အတွက်ကြောင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာစေရန်မှာ ထိုနိုင်ငံ၏ ပြည်သူများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် လိုအပ်သည်ဟု သုတေသီများက လက်ခံအသိအမှတ်ပြု ထားကြသည်။

နိုင်ငံအတွင်းရှိ အလုပ်လုပ်သည့် အရွယ် လူများ၊ ထိုလူများ၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်ရေးရာ အခြေအနေနှင့် သဘောထားအယူအဆတို့သည် ထိုနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းဆောင်ပေးနိုင်သော လူသားအရင်းအမြစ်များပင်ဖြစ်သည့် အလျောက် လူသားအရင်းအမြစ် အရည်အသွေးမြင့်မားလာစေရန် ပြုစုပျိုးထောင်ခြင်း၊ နိုင်ငံ၏လူသားအရင်းအမြစ်များကို စုစည်း၍ ထိထိရောက်ရောက် အသုံးချခြင်းအားဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။ လူသားအရင်းအမြစ် အရည်အသွေးမြင့်မားလာစေရေး ပြုစုပျိုးထောင်ရာတွင် အဓိကအကျဆုံး လုပ်ငန်းများမှာ ပညာရေးနှင့် ကျန်းမာရေးတို့ပင်ဖြစ်သည်။ ပြည်သူများ ပညာတတ်မြောက်မှ အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုအဆင့်အတန်းတို့ မြင့်မားမည်ဖြစ်ပြီး ပြည်သူများ ကျန်းမာကြံ့ခိုင်မှ ကာယဉာဏစွမ်းအားနှင့် အလုပ်လုပ်နိုင်မှု စွမ်းရည်တို့ တိုးတက်လာမည်ဖြစ်သည်။

"... ပြည်သူတွေဟာ နိုင်ငံအတွက် အဓိကကျပါတယ်။ ပြည်သူလူထုရဲ့ အရည်အချင်းဟာ နိုင်ငံရဲ့ အရည်အချင်းပါ။ ပြည်သူလူထုရဲ့ တန်ဖိုးဟာ နိုင်ငံရဲ့ တန်ဖိုးပါ။ ဒါကြောင့် ကျန်းမာရေး၊ ပညာရေးကို အလေးထားတယ်ဆိုတာ ကျွန်မတို့ရဲ့ ကလေးတွေကို တန်ဖိုးရှိတဲ့ လူကြီးတွေ ဖြစ်အောင်လို့ပါ။ ကျွန်မတို့ကလေးတွေဟာ ကျန်းမာတယ်ဆိုရင် ရုပ်ပိုင်းဆိုင်ရာတန်ဖိုး ပြည့်တာပါ။ ပညာရှိတယ်ဆိုရင် စိတ်ပိုင်းဆိုင်ရာ တန်ဖိုးပြည့်တာပါ။ ပညာရှိတယ်ဆိုတဲ့နေရာမှာ တက္ကသိုလ်ဘွဲ့ရတာတွေ ပြောနေတာမဟုတ်ပါဘူး။ ပညာရှိတယ်ဆိုတာ ဘဝပြဿနာတွေကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ အရည်အချင်းတွေကို ဆိုလိုတာပါ။ ဒါကြောင့် အသက်မွေးဝမ်းကျောင်းပညာကို ကျွန်မအလွန်အားပေးပါတယ်။"ဟူ၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကော့ဂရိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများနှင့် ဖေဖော်ဝါရီ ၂၄ ရက်က တွေ့ဆုံရာတွင် ထည့်သွင်းပြောကြားခဲ့သည့် အချက်မှာ နိုင်ငံတော်၏လူသားအရင်းအမြစ် ပျိုးထောင်ရေးအတွက် အလေးအနက် ဆောင်ရွက်ချက်နှင့် သဘောထားများပင်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ လူသားအရင်းအမြစ် တန်ဖိုးမြင့်မားလာရေး အတွက် ဆောင်ရွက်ရာတွင် (၁) လူ့အဖွဲ့အစည်း(သို့မဟုတ်) အစိုးရ၊ (၂) ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် (၃) လူ့အဖွဲ့အစည်းအတွင်းရှိ လူပုဂ္ဂိုလ်တစ်ဦးချင်းစီတို့ သုံးဦး သုံးဖလှယ် ရင်းနှီးမြှုပ်နှံကြရသည်ဟု အဆိုရှိသည်။ လူ့အဖွဲ့အစည်း သို့မဟုတ် အစိုးရက ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဝန်ထမ်း စသည့်လုပ်ငန်းများတွင် လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက လုပ်ငန်းခွင်လေ့ကျင့်မှု အတွက်လည်းကောင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်းက မိမိတို့၏ ကိုယ်ပိုင် အချိန်နှင့် ငွေကြေးတို့ကိုလည်းကောင်း အသီးသီးမြှုပ်နှံကြရခြင်း ဖြစ်ပြီး ထွက်ပေါ်လာသည့် လူသားအရင်းအမြစ်ကို ထိထိ ရောက်ရောက် အသုံးချခြင်း၊ လုပ်အားအရည်အသွေး မြင့်မား တိုးတက်အောင် စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ အမျိုးသားဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းအတွက် ပြည်သူတစ်ရပ်လုံး၏ ထောက်ခံမှုဖြင့် နိုင်ငံအတွင်းရှိ လူမှုရေးအင်အားစုအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူခြင်းအားဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုနှင့် နိုင်ငံစီးပွားဖွံ့ဖြိုးမှုတို့ အချိတ်အဆက်မိမိ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ပညာရှင်များက မိန့်ဆိုထားကြသည်။

ပြည်သူလူထု၏ အရည်အချင်းသည် နိုင်ငံ၏ အရည်အချင်း၊ ပြည်သူလူထု၏ တန်ဖိုးသည် နိုင်ငံ၏တန်ဖိုး ဖြစ်သည့်အလျောက် အရည်အချင်းပြည့်ဝသည့် ပြည်သူများ၊ တန်ဖိုးမြင့်မားသည့် ပြည်သူများ ဖြစ်ထွန်းလာရေးအတွက် အားလုံးကိုယ်စီ အားထုတ်ကြိုးပမ်းနိုင်ကြပါစေကြောင်း။ ။

၂၀၂၀ ပြည့်နှစ်၊ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေး တာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဧလ**

မြန်မာနိုင်ငံပြန်တမ်း

အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးလှဌေးအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

ဥပ္ပါတသန္တိစေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို မတ် ၂ ရက်မှ ၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်၏ (၁၂) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို မတ် ၂ ရက်မှ ၈ ရက်အထိ ခုနှစ်ရက်တိုင်တိုင် စေတီတော်ပွဲတော်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပွဲတော်ကာလအတွင်း KIA, King Long, Souest, Hyundai နှင့် Baic မော်တော်ယာဉ်များကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးမည့် ကားအရောင်းပြခန်းများ၊ အထူးစျေးနှုန်းဖြင့် ရောင်းချပေးမည့် အဝတ်အထည်အရောင်းဆိုင်များ၊ လူသုံးကုန်ပစ္စည်းမျိုးစုံ အရောင်းပြခန်းများ၊ စားသောက်ဆိုင်ခန်းများ၊ ကလေးကစားကွင်းများ ပါဝင်သည့် အပြင် ဖျော်ဖြေရေးအစီအစဉ်အနေဖြင့် တင်မောင်ဆန်းမင်းဝင်း(ရွှေမန်းသဘင်) ဇာတ်အဖွဲ့က မတ် ၂ ရက်မှ ၃ ရက်အထိ၊ ရွှေပွဲမင်းဇာတ်အဖွဲ့က မတ် ၅ ရက်မှ ၆ ရက်အထိ၊ ရွှေအိမ်စံဇာတ်အဖွဲ့က မတ် ၇ ရက်မှ ၈ ရက်အထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

အဆိုပါ ပွဲတော်အတွင်း ဆိုင်ခန်းများ ပါဝင်ဖွင့်လှစ်လိုသူများအနေဖြင့် ဖုန်း - ၀၉၂၅၀၁၁၃၉၈၊ ၀၉၄၄၄၀၆၇၃၀၂ နှင့် ၀၉၂၅၇၅၁၂၇၀၀ တို့ကို ဆက်သွယ်နိုင်ကြောင်း သိရသည်။ **ထက်လျှံ**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူးချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (International Labour Organization–ILO) ၏ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Greg Vines အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (International Labour Organization – ILO) ၏ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Greg Vines အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိုင်အယ်လ်အိုအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ၏အလုပ်သမားဥပဒေ ပြုပြင်ပြောင်းလဲမှုများနှင့် Myanmar Decent Work Country Programme (DWCP) ကို အကောင်အထည်ဖော် ဆောင်ရွက်မှုတို့တွင် ILO အနေဖြင့် ပံ့ပိုးကူညီမှုများနှင့်စပ်လျဉ်း၍ လည်းကောင်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

မူဆယ်၌ ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်နိုင်ရန် နာခေါင်းစည်းငါးထောင် လျှုဒါန်း

မူဆယ် ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်အတွင်းရှိ ပြည်သူလူထုများ ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် မူဆယ်မြို့ Oriental Highway ကုမ္ပဏီလီမိတက်မှ စီမံကိန်းမန်နေဂျာ ဦးမျိုးအောင်က ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် နာခေါင်းစည်း စုစုပေါင်းငါးထောင်ကို ပေးအပ်လှူဒါန်းရာ မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က လက်ခံရယူခဲ့သည်။

မူဆယ်မြို့တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်လာခြင်း မရှိစေရန်အတွက် ကြိုတင်ကာကွယ်မှုများကို ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတ အသင်းအဖွဲ့များက အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုများထံသို့လည်း နာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)

“ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီစနစ်မှာ အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ပြည်သူတွေက သူတို့ရဲ့ဆန္ဒကို ထုတ်ဖော်ပြတဲ့ပွဲမို့လို့ အရေးကြီးပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲနိုင်ခြင်းထက် ကျွန်မတို့ နောင်မျိုးဆက်တွေအတွက် လုံခြုံမှုရှိခြင်းက ပိုပြီးအရေးကြီးပါတယ်။ လုံခြုံမှုဆိုတာ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုတွေ နှစ်ခုစလုံးရှိမှ နိုင်ငံဟာ ပြီးပြည့်စုံတဲ့နိုင်ငံလို့ ကျွန်မတို့ ပြောနိုင်မှာပါ”

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်ပြည်နယ် မြဝတီမြို့နယ်မှ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

* *ရွှေဖုံးမှ*

တကယ်တော့ ကျွန်မတို့နိုင်ငံ ရှေ့တန်းကိုရောက်ချင်ရင် ပိုပြီးအင်အားနည်းတဲ့လူတွေကို ကြင်နာတဲ့စိတ်၊ ပိုပြီးစာနာတဲ့စိတ်၊ ပိုပြီးတန်ဖိုးထားတဲ့စိတ်တွေကို ကျွန်မတို့အားလုံး တစ်ယောက်ချင်းတစ်ယောက်ချင်းရဲ့ နှလုံးသားထဲမှာ မွေးမြူရမှာပါ။ ဒီလိုစိတ်ဓာတ်တွေကို အခုလိုပွဲမျိုးကစပြီး ပြုစုပျိုးထောင်ရပါမယ်။ ကိုယ်တစ်ယောက်တည်းအတွက်မဟုတ်ဘဲ ဘေးကပတ်ဝန်းကျင်က တခြားလူတွေအတွက် အဆင်ပြေအောင်လို့လည်း ကျွန်မတို့ စဉ်းစားဖို့လိုပါတယ်။ အဲဒီလိုစဉ်းစားနိုင်မှ ကျွန်မတို့နိုင်ငံ တိုးတက်နိုင်မှာပါ။

နိုင်ငံ့အတွက် အမြဲနိစ္စရှုဝ တွေးစေချင်

ကျွန်မတို့နိုင်ငံကို အရည်အချင်းပြည့်စုံစေချင်တယ်ဆိုရင် ပထမဦးဆုံးစရမှာက ကိုယ့်ကိုယ်ကိုယ် အရည်အချင်းပြည့်စုံအောင် ကြိုးစားရမှာ ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် အရည်အချင်းပြည့်စုံအောင် မလုပ်ဘဲနဲ့ နိုင်ငံက အရည်အချင်းမပြည့်ပါဘူးလို့ ပြောနေရင် ဒါ အရှေ့အနောက် မညီတဲ့စကားလို့ ကျွန်မတို့ ပြောရမှာပါ။ ဒါကြောင့် ပြည်သူတွေကို နိုင်ငံ့အတွက် အမြဲနိစ္စရှုဝ တွေးစေချင်ပါတယ်။ နိုင်ငံ့အတွက် စဉ်းစားစေချင်ပါတယ်။ နေ့တိုင်းနေ့တိုင်း ငါ့နိုင်ငံအကျိုးအတွက် ဘာလုပ်နေသလဲဆိုတာကို ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးသုံးသပ်စေချင်ပါတယ်။

ဒီလိုပြောတဲ့အတွက် တချို့က ကျွန်တော်တို့၊ ကျွန်မတို့ အလုပ်တွေက နိုင်ငံရေးနဲ့ ဘာမှမဆိုင်ပါဘူးလို့ ပြောကြပါလိမ့်မယ်။ ဒါပေမယ့် လူတိုင်းလူတိုင်းရဲ့ လုပ်ရပ်မှန်သမျှဟာ နိုင်ငံနဲ့ ဆိုင်ပါတယ်။ ကျောင်းသူ ကျောင်းသားတွေအနေနဲ့ ပညာတတ်အောင်သင်ယူခြင်းက နိုင်ငံအတွက် တာဝန်ကျေအောင်လုပ်ခြင်း ဖြစ်ပါတယ်။ ဈေးသည်က ဈေးရောင်းတဲ့အခါမှာ မှန်မှန်ကန်ကန်နဲ့ ကောင်းကောင်းမွန်မွန်လုပ်နေတယ်ဆိုတာ နိုင်ငံအတွက် လုပ်တာပါ။ လူတစ်ယောက်ချင်း တစ်ယောက်ချင်းအနေနဲ့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ရှိအောင်၊ သိက္ခာရှိအောင် နေထိုင်ကျင့်ကြံခြင်းကလည်း နိုင်ငံအတွက် လုပ်တာဖြစ်ပါတယ်။

တစ်ဖက်က တိုးတက်နေတဲ့နိုင်ငံကို မြင်နေရ

နိုင်ငံက ဖွံ့ဖြိုးမှုနောက်ကျတဲ့နိုင်ငံဆိုတာ မြဝတီလိုနေရာမျိုးက ပြည်သူလူထုကို ပြောဖို့မလိုပါဘူး။ ဘာဖြစ်လို့လဲဆိုရင် တစ်ဖက်က တိုးတက်နေတဲ့နိုင်ငံကို မြင်နေရပါတယ်။ တစ်ဖက်နိုင်ငံရဲ့ အခြေအနေနဲ့ ကျွန်မတို့နိုင်ငံရဲ့ အခြေအနေ ဘယ်လိုကွာခြားတယ်ဆိုတာကို မြင်နေရပါတယ်။ လက်တွေ့ကျကျပြောရမယ်ဆိုရင် ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားတွေက နယ်စပ်ဖြတ်ကျော်ပြီး တစ်ဖက်နိုင်ငံမှာ အလုပ်လုပ်ရပါတယ်။ အဲဒီလို အလုပ်လုပ်တဲ့အတွက် မိသားစုတွေ တကွဲတပြားနေထိုင်ရပါတယ်။ မိသားစုတိုင်း၊ မိသားစုတိုင်းဟာ တကယ်တော့ စုစုစည်းစည်းနဲ့ နေနိုင်မှ ကောင်းပါတယ်။ အကြောင်းကြောင်းကြောင့် မိသားစုဟာ စုစုစည်းစည်းနဲ့ မနေနိုင်ဘူးဆိုရင် ဒီမိသားစုရဲ့ တိုးတက်မှုကို ထိခိုက်ပါတယ်။

ကျွန်မတို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေက နိုင်ငံရပ်ခြားမှာသွားပြီး အလုပ်လုပ်ရတယ်ဆိုရင် ကျွန်မတို့နိုင်ငံကို ထိခိုက်ပါတယ်။ ကိုယ့်ရဲ့ အရည်အချင်းတွေအရ ကိုယ်တိုင် ရွေးချယ်ပြီး အလုပ်လုပ်တယ်ဆိုတာက တစ်မျိုးပါ။ ဝမ်းရေးအတွက် မဖြစ်မနေသွားလုပ်ရမယ်ဆိုရင် နိုင်ငံနဲ့ ကိုယ့်မိသားစု၊ ကိုယ့်ရပ်ရွာကိုပစ်ပြီး သွားလုပ်ရတယ်ဆိုတာမျိုးကို ကျွန်မတို့ မဖြစ်စေချင်ပါဘူး။ ဒါကြောင့် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်တယ်ဆိုတာ ကျွန်မတို့ရဲ့ ပြည်သူလူထုအတွက် ရွေးချယ်ပိုင်ခွင့်တွေ များဖို့ဖြစ်ပါတယ်။

ပြည်သူတွေကို ရွေးချယ်ပိုင်ခွင့်တွေ ပေးခြင်းဖြစ်

ကျွန်မတို့ ဒီမိုကရေစီ၊ ဒီမိုကရေစီဆိုပြီး ပြောနေတဲ့အခါမှာ ဒီမိုကရေစီရဲ့ အားသာချက်တစ်ခုက ဘာလဲဆိုတော့ ပြည်သူတွေကို ရွေးချယ်ပိုင်ခွင့်တွေ ပေးခြင်းဖြစ်ပါတယ်။ နိုင်ငံရေးအရဆိုရင် ကိုယ်လိုချင်တဲ့အစိုးရ၊ ကိုယ်ကြိုက်တဲ့အစိုးရကို မဲပေးပြီး ရွေးချယ်ပိုင်ခွင့်ရှိပါတယ်။

နောက်ပြီး ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ပြီ၊ စီးပွားရေးတောင့်တင်းနေပြီဆိုရင် ကိုယ့်ရဲ့ အသက်မွေးဝမ်းကျောင်းအတွက် ကိုယ့်မှာ ရွေးချယ်နိုင်တဲ့ အခွင့်အရေးတွေ ပိုပြီးများလာပါတယ်။ မဖွံ့ဖြိုး၊ မတိုးတက်တဲ့ နိုင်ငံမှာ ရွေးချယ်စရာတွေ မရှိပါဘူး။ ရတဲ့အလုပ်ကို လုပ်ရပြီး ဖြစ်သလိုနေရပါတယ်။ ဒါပေမယ့် နိုင်ငံဖွံ့ဖြိုးပြီ၊ တိုးတက်ပြီဆိုရင် ပြည်သူတွေအတွက် ရွေးချယ်ပိုင်ခွင့်တွေ များလာပါတယ်။ ဥပမာ ပညာရေးဘက်မှာဆိုရင် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာ ဆိုရင် ကလေးတွေက ဘယ်လိုကျောင်းမျိုးမှာ ပညာသင်ချင်တယ်ဆိုတာကို သူတို့မှာ ရွေးချယ်ပိုင်ခွင့်တွေ ပိုပြီး များလာပါတယ်။

အရေးအကြီးဆုံးအချက်က ငြိမ်းချမ်းရေး

ဒါကြောင့် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်မတို့ ကြိုးစားနေပါတယ်။ ဒီမိုကရေစီနိုင်ငံစစ်စစ်ဖြစ်ဖို့ ကြိုးစားတယ်ဆိုတာ ပြည်သူလူထုတွေရဲ့ ရွေးချယ်ပိုင်ခွင့်တွေကို ကျွန်မတို့ မြှင့်တင်ပေးချင်လို့ ဖြစ်ပါတယ်။ အဲဒီလို ကြိုးစားနေတဲ့နေရာမှာ အရေးအကြီးဆုံးအချက်က ငြိမ်းချမ်းရေးဆိုတာကို အထူးပြောဖို့ မလိုပါဘူး။ ငြိမ်းချမ်းရေးရဲ့တန်ဖိုး၊ ငြိမ်းချမ်းရေးမရှိခြင်းရဲ့ အနိဋ္ဌာရုံတွေကို ကရင်ပြည်နယ်က ပြည်သူတွေ အသိဆုံးပါ။ ပြည်သူတွေအနေနဲ့ မငြိမ်းချမ်းတဲ့ဒဏ်တွေကို ခံခဲ့ရပါတယ်။ ငြိမ်းချမ်းမှုရသွားတဲ့နေရာမှာ ဘယ်လိုပြောင်းလဲသွားတယ်ဆိုတာကိုလည်း မျက်ဝါးထင်ထင် သိမြင်နေကြပါတယ်။

ကျွန်မတို့အားလုံးဟာ ငြိမ်းချမ်းရေးရဖို့အတွက် ပိုင်းဝန်းပြီး ဆောင်ရွက်ဖို့လိုပါတယ်။ ငြိမ်းချမ်းရေးရဖို့ဆိုတာ စိတ်အတွင်းက စရပါတယ်။ စိတ်ထဲကနေ တကယ့်ကို ငြိမ်းချမ်းရေးလိုချင်မှ ကျွန်မတို့ ငြိမ်းချမ်းရေးရနိုင်မှာပါ။ စိတ်ထဲကနေ တကယ့်ငြိမ်းချမ်းရေးကို မလိုချင်ဘဲနဲ့ ပါးစပ်ကနေ ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးလို့ပြောပြီး စိတ်ထဲမှာ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ လုပ်နေမယ်ဆိုရင် ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးလမ်းစဉ်ဟာ ကြာပါလိမ့်မယ်။ ကြာလည်း ကြာခဲ့ပါပြီ။

မြန်မာနိုင်ငံ လွတ်လပ်ရေးရစဉ်အခါကစပြီး ပြည်တွင်းစစ်မီးတွေ လုံးလုံးငြိမ်းတယ်ဆိုတာ တစ်ခါမှ မရှိခဲ့ပါဘူး။ ဒါ ၇၃ နှစ် ရှိသွားပါပြီ။ ကျွန်မတို့ရဲ့ ပြည်သူတွေဟာ ဒီ ၇၃ နှစ်အတွင်းမှာ ဖြစ်သလိုရုန်းကန်ပြီး ရှင်သန်နေကြရပါတယ်။ ကျွန်မအနေနဲ့ ပြည်သူတွေကို ဖြစ်သလို ရုန်းကန်ပြီး ရှင်သန်နေထိုင်ရတဲ့ ပြည်သူတွေ မဖြစ်စေချင်ဘူး။ ကိုယ့်ရဲ့ ရွေးချယ်မှုအရ ကိုယ့်အခွင့်အရေးကို ကောင်းကောင်းမွန်မွန်စောင့်ရှောက်မယ်၊ ကာကွယ်မယ်၊ တာဝန်ကိုလည်း ထမ်းဆောင်မယ်ဆိုတဲ့ ပြည်သူလူထုမျိုး ဖြစ်စေချင်ပါတယ်။ ပြည်သူတွေရဲ့ စိတ်ဓာတ်ကို ကျွန်မ မစိုးရိမ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အမှန်ပြောရရင် ကိုယ့်ပြည်သူတွေကို အတော်ဆုံးဖြစ်စေချင်ပါတယ်။ ကိုယ့်သား၊ ကိုယ့်သမီးကို အတော်ဆုံး၊ အလိမ္မာဆုံး ဖြစ်စေချင်သလို အခြားနိုင်ငံသူ နိုင်ငံသားတွေနဲ့စာရင် ကျွန်မတို့ရဲ့ ပြည်သူတွေကို ပိုပြီးတော်စေချင်ပါတယ်။ ပိုပြီး စိတ်ဓာတ်ခွန်အား ပြည့်ဝစေချင်ပါတယ်။ ပိုပြီးဉာဏ်ရည်အရ အမြော်အမြင်ရှိစေချင်ပါတယ်။ အဲဒီလို ကျွန်မဖြစ်စေချင်ပါတယ်။

ငြိမ်းချမ်းရေးလိုချင်တဲ့ စိတ်ဓာတ်တွေကိုမွေးပါ

ဒါပေမယ့် ဒီလိုဖြစ်သလား၊ မဖြစ်ဘူးလားဆိုတာ ကျွန်မ ကမ္ဘာကြီးကိုကြည့်လိုက်တဲ့အခါ ကျွန်မတို့ပြည်သူတွေရဲ့ စိတ်ဓာတ်၊ စိတ်နေစိတ်ထားဟာ ကမ္ဘာက ဘယ်သူနဲ့မဆို ယှဉ်နိုင်တယ်လို့ မြင်ပါတယ်။ ကျွန်မတို့အနေနဲ့ ဖွံ့ဖြိုးမှုကို မယှဉ်နိုင်ပါဘူး၊ နောက်ကျနေပါတယ်။ ဒီနောက်ကျနေတဲ့ ဖွံ့ဖြိုးမှုကို ကျွန်မတို့ ပြင်လို့ရပါတယ်။ ကျွန်မတို့ပြည်သူတွေရဲ့ စိတ်ထားတွေကို တစ်ယောက်ချင်း တစ်ယောက်ချင်း ထိန်းသိမ်းထားနိုင်မှ ဆက်ပြီး တန်ဖိုးရှိနိုင်မှာ ဖြစ်ပါတယ်။ ကျွန်မက ငြိမ်းချမ်းရေးလိုချင်တဲ့ စိတ်ဓာတ်တွေကို မွေးပါလို့ ပြည်သူတွေကို တိုက်တွန်းချင်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ အပစ်အခတ်ရပ်စဲရေးအတွက် မဟုတ်ဘူး။ လက်နက်ကိုင်တပ်ဖွဲ့ဝင်တွေအနေနဲ့ ငြိမ်းချမ်းဖို့အတွက် မဟုတ်ဘူး။ ကျွန်မတို့ရဲ့ ပြည်ထောင်စုအတွင်းက မတူကွဲပြားတဲ့ ယဉ်ကျေးမှုတွေ၊ ကိုးကွယ်တဲ့ ဘာသာတွေ၊ ဘာသာစကားတွေ အားလုံးထဲကနေပြီး တည်ငြိမ်မှုရအောင် တစ်ယောက်နဲ့တစ်ယောက် လေးလေးစားစား ချစ်ချစ်ခင်ခင် နေတတ်နိုင်ဖို့ကို ဦးတည်တာ ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ ပြည်သူတွေက မည့်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် အထင်မသေးပါနဲ့။ ငါတို့က ဆင်းရဲတဲ့နိုင်ငံ၊ ငါတို့က ဆင်းရဲတယ်၊ ငါတို့က ပညာရေးဘက်မှာ နောက်ကျတဲ့နိုင်ငံဆိုပြီး အားငယ်စရာမလိုပါဘူး။ ဒီကိစ္စတွေက ပြုပြင်လို့ရပါတယ်။ စိတ်ဓာတ်က မှန်ကန်ရင် ဘာမဆို ပြုပြင်လို့ရပါတယ်။ ကိုယ့်စိတ်ကိုယ် ကိုယ်ပြုပြင်မယ်ဆိုတဲ့ တကယ့်သန္ဓိဋ္ဌာန်ချလိုက်ပြီဆိုရင် တိုးတက်ဖို့လမ်းက ပေါ်လာပါတယ်။ ဒါကြောင့် ကျွန်မတို့ပြည်သူတွေကို ရည်မှန်းချက်ကြီးစေချင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ကောင်းတဲ့မာနတွေ ထားစေချင်ပါတယ်။ ငါတို့က ကမ္ဘာ့အလယ်မှာ တင့်တင့်တယ်တယ်နဲ့ နေနိုင်တဲ့လူမျိုးဖြစ်တယ်ဆိုတဲ့ ခံယူချက်၊ ယုံကြည်ချက်နဲ့ ကျွန်မတို့နိုင်ငံရဲ့ခရီးကို ဆက်ပြီးလှမ်းစေချင်ပါတယ်။

တစ်ယောက်ချင်းမှာ ရွေးချယ်ပိုင်ခွင့်ရှိ

ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီးတွေဟာ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးရေးဆိုပြီး လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြပါတယ်။ ဒါက ရွေးချယ်ပိုင်ခွင့်ပါ။ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးတယ်ဆိုတာ ရွေးချယ်ပိုင်ခွင့်၊ ငါ ဘယ်လမ်းလျှောက်မယ်။ ငါလျှောက်တဲ့လမ်းမှာ ရင်ဆိုင်ရမယ့် စိန်ခေါ်မှုတွေကို ဘယ်လိုရင်ဆိုင်မယ်ဆိုတာ ကိုယ့်က ရွေးချယ်ပိုင်ခွင့်ရှိပါတယ်။ ဒီလမ်းကို လျှောက်ပြီဆိုရင် ဒီလမ်းမှာတွေ့ရမယ့် အခက်အခဲတွေကို ကိုယ်က အမြဲရွေးချယ်နိုင်မှာ မဟုတ်ပါဘူး။ ဒီအခက်အခဲတွေကို ရင်ဆိုင်ရမှာပါ။ ဘယ်လိုပုံစံနဲ့ ရင်ဆိုင်မယ်ဆိုတာ လူတိုင်းလူတိုင်း၊ တစ်ယောက်ချင်း တစ်ယောက်ချင်းမှာ ရွေးချယ်ပိုင်ခွင့်ရှိပါတယ်။ ကိုယ်က သိက္ခာရှိတဲ့ အမှန်တရားတွေနဲ့ ရင်ဆိုင်မလား၊ ညစ်ပတ်စုတ်ပဲ့ပြီး ရင်ဆိုင်မလား အဲဒါတွေကို ကိုယ်ကိုယ်တိုင် အားလုံးက ရွေးချယ်ပိုင်ခွင့်ရှိပါတယ်။ ဒါကြောင့် ရွေးချယ်ကြပါ။ ပညာရှိတွေက အမြဲပြောပါတယ်။ မှန်ကန်တဲ့လမ်းက မမှန်ကန်တဲ့လမ်းထက် အများကြီး ပိုပြီးလျှောက်ရတာ ခက်ပါတယ်။

အားလုံးက စွဲစွဲမြဲမြဲမှတ်ထားစေချင်

မမှန်ကန်တဲ့လမ်းဆိုတာ ရေတိုကိုကြည့်ပြီး အခုအဆင်ပြေရင်ပြီးရောဆိုပြီး ဖြစ်သလို တဒင်္ဂအဆင်ပြေနိုင်ရေးအတွက် အဆင်ပြေသလိုလုပ်သွားတာပါ။ ဒါပေမယ့် ရေရှည်ကို ကြည့်မယ်၊ တစ်ယောက်ချင်း တစ်ယောက်ချင်းအတွက် မဟုတ်ဘူး၊ ကျွန်မတို့ရဲ့ နောင်မျိုးဆက်တွေအတွက် ကြည့်မယ်ဆိုတဲ့ စိတ်ဓာတ်တွေနဲ့ လျှောက်ရင် ပိုပြီးခက်ခဲပါတယ်။ ဒါကြောင့် နိုင်ငံရေးသုခမိန်ကြီးတစ်ဦးရဲ့ စကားကို ကျွန်မ ထပ်တလဲလဲပြောပါတယ်။ နိုင်ငံရေးသုခမိန်ကြီးက “နိုင်ငံရေးကို လုပ်စားတဲ့သူတွေဟာ နောက်ရွေးကောက်ပွဲအတွက်ပဲ စဉ်းစားတယ်။ နိုင်ငံ့အရေးကို လုပ်တဲ့သူတွေက နောင်မျိုးဆက်တွေအတွက် စဉ်းစားတယ်” ဆိုတဲ့ ပြောစကားက အလွန်မှန်ကန်တဲ့စကားပါ။ ဒါကို အားလုံးက စွဲစွဲမြဲမြဲမှတ်ထားစေချင်ပါတယ်။

ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီစနစ်မှာ အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ပြည်သူတွေက သူတို့ရဲ့ဆန္ဒကို ထုတ်ဖော်ပြတဲ့ပွဲမို့လို့ အရေးကြီးပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲနိုင်ခြင်းထက် ကျွန်မတို့ နောင်မျိုးဆက်တွေအတွက် လုံခြုံမှုရှိခြင်းက ပိုပြီးအရေးကြီးပါတယ်။ လုံခြုံမှုဆိုတာ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုတွေ နှစ်ခုစလုံးရှိမှ နိုင်ငံဟာ ပြီးပြည့်စုံတဲ့နိုင်ငံလို့ ကျွန်မတို့ ပြောနိုင်မှာပါ။

ဒီလိုပြည်သူတွေနဲ့ တွေ့ဆုံပွဲတွေ လုပ်တဲ့အခါမှာ မေးခွန်းတွေ မေးခွင့်နဲ့ တင်ပြချင်တာတွေ တင်ပြနိုင်အောင် ကျွန်မ အမြဖိတ်ခေါ်ပါတယ်။ ကျွန်မတို့ ကိုယ်တိုင်ရှင်းပြတယ်ဆိုတာ ပြည်သူနဲ့ ကျွန်မတို့ တစ်ထပ်တည်း စဉ်းစားနိုင်မှ၊ ညီညီညွတ်ညွတ်သွားနိုင်မှ မတူတဲ့အမြင်တွေကို တစ်ယောက်နဲ့ တစ်ယောက်အကြား အေးအေးဆေးဆေး ရှင်းလင်းနိုင်မှ ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီးဟာ တကယ်တည်တံ့ခိုင်မြဲနိုင်မယ်။ တကယ်ဖွံ့ဖြိုးတိုးတက်နိုင်မယ်။

အားလုံးရဲ့ အထက်မှာ ပြည်ထောင်စုအရေးရှိ

ဒီလိုပြည်နယ်တွေမှာ ပြည်ထောင်စုအရေးကို အဓိကထားပြီး ကျွန်မ ပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံရှိတဲ့ နိုင်ငံဖြစ်တဲ့အတွက် ကိုယ့်ပြည်နယ်အရေး၊ ကိုယ့်လူမျိုးစုအရေးကို အလေးထားတဲ့ စိတ်ကလည်း သဘာဝကျပါတယ်။ ဒီစိတ်ထားရှိတာက မှန်ပါတယ်။ ဒါပေမယ့် အဲဒါအားလုံးရဲ့ အထက်မှာ ပြည်ထောင်စုအရေးရှိတယ်ဆိုတာကို မမေ့စေချင်ပါဘူး။ ပြည်ထောင်စုဆိုတာ ကျွန်မအတွက် ဘယ်တော့မှ မရိုးနိုင်တဲ့၊ လှပတင့်တယ်တဲ့ ဝေါဟာရတစ်ခုပါ။

စာမျက်နှာ ၄ သို့

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လှိုင်းဘွဲမြို့နယ် အောင်ဆန်းခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။
သတင်းစဉ်

“ကျွန်မတို့ နိုင်ငံက နိုင်ငံတကာရဲ့ ဖိအားတွေကို အများကြီး ခံခဲ့ရပါတယ်။ အဓိကခံရတာက ရခိုင်ပြည်နယ်မှာဖြစ်တဲ့ ပြဿနာတွေကို သေသေချာချာ ဂဃနဏ နားမလည်ဘဲနဲ့ ကျွန်မတို့ကို အမျိုးမျိုးဝေဖန် စွပ်စွဲနေတာတွေကြောင့်ပါ။ အခုဆို စိန်ခေါ်မှုတွေ အများကြီးရင်ဆိုင်နေရတဲ့ စိန်ခေါ်မှု ထဲကနေ အရင်နှစ်က ကျွန်မတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ သိသိသာသာ တက်လာပါတယ်။ ဒါက ကျွန်မတို့ နိုင်ငံဟာ ရုန်းကန်နေရပြီး အကူအညီမရတဲ့ အထဲကနေ ဒီလို တိုးတက်မှုရအောင် လုပ်နိုင်တာပါ။ ဒါပေမယ့် စိန်ခေါ်မှု တွေက တစ်ချိန်လုံးရှိနေပါတယ်။ မထင်မှတ်ဘဲနဲ့လည်း ပေါ်လာတာရှိပါတယ်”

စာမျက်နှာ ၃ မှ

ပြည်ထောင်စုဆိုတာ ကျွန်မတို့ စုပေါင်းပြီး ထူထောင်ထားတဲ့နိုင်ငံ၊ ကျွန်မတို့ရဲ့ စုပေါင်းအင်အားတွေနဲ့ ဖြစ်ပေါ်လာတဲ့ တိုင်းပြည်၊ ဒါဘယ်လောက်ချစ်ဖို့ကောင်းသလဲ၊ ဘယ်လောက်တန်ဖိုးထားဖို့ ကောင်းသလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။ မိသားစုဆိုတဲ့ စကားလုံးလိုပါ။

တန်းတူညီတူ အရေးကြီး

မိသားစုဆိုတာ အဖေတစ်ယောက်တည်းလည်း မဟုတ်ဘူး၊ အမေတစ်ယောက်တည်းလည်း မဟုတ်ဘူး၊ မိဘတစ်ယောက်တည်းလည်း မဟုတ်ဘူး သားသမီးတွေပါတယ်။ အိမ်မှာနေတဲ့ ဘိုးဘွားတွေပါမယ် အဲဒါ မိသားစုပါ။ ပြည်ထောင်စုကို မိသားစုလို့ ပြောတာပါ။ ပြည်ထောင်စုဆိုတဲ့ တိုင်းပြည်တစ်ခု ကျွန်မတို့မှာ ရှိနေပါပြီ။ ဒါပေမယ့် စုပေါင်းစိတ်ဓာတ်နဲ့ စုပေါင်းပြီး ထူထောင်တဲ့တိုင်းပြည်က တကယ့်ကို တောင့်တင်းမယ်၊ ခိုင်မာမယ်၊ တိုးတက်မှုတွေကို ကျွန်မတို့ ရနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မက ပြည်နယ်တွေကို အလေးထားပြီး လာတာပါ။ ပြည်နယ်တွေကို တိုင်းဒေသကြီးတွေထက် အရေးကြီးတယ်ထင်လို့ မဟုတ်ပါဘူး။ ကျွန်မတို့ရဲ့ နိုင်ငံသားတစ်ဦးချင်း တစ်ဦးချင်းဟာ တန်းတူညီတူ အရေးကြီးပါတယ်။

နိုင်ငံသားတွေအနေနဲ့ဆိုရင် နိုင်ငံသား တစ်ယောက်ချင်း တစ်ယောက်ချင်းကို တူညီတဲ့တန်ဖိုး ကျွန်မ ထားပါတယ်။ နိုင်ငံရေးလုပ်တဲ့အခါမှာ တစ်ယောက်ချင်း တစ်ယောက်ချင်းအတွက်၊ အများစုအတွက် စဉ်းစားရပါတယ်။ ဒီနှစ်ခုကြားမှာ အလုပ်ဖြစ်အောင်၊ လက်တွေ့ကျကျ တိုးတက်မှုရနိုင်အောင် ကျွန်မ အမြဲတမ်းစဉ်းစားပြီး လုပ်ရပါတယ်။ ဒါ ကျွန်မတို့ပြည်သူတွေနဲ့ တွေ့ဆုံပွဲမှာ ပြည်သူတွေက ကိုယ့်ရပ် ကိုယ့်ရွာ ကိုယ့်ဒေသအကျိုးအတွက်၊ တိုးတက်မှုအတွက် တင်ပြကြပါတယ်။ အဲဒီလို ပြည်သူတွေတင်ပြတဲ့အခါမှာ ပြဿနာတွေက ဒီနေရာတစ်ခုတည်းမှာရှိတယ်လို့ ထင်နေကြပါတယ်။

မရှိမဖြစ်လိုအပ်တာက ငြိမ်းချမ်းရေး

ဒါကြောင့် ကျွန်မက အမြဲတမ်းရှင်းပြရပါတယ်။ ဒီလို ပြဿနာတွေက တစ်တိုင်းပြည်လုံးမှာ ရှိနေပါတယ်။ ဒီနေရာမှာတင် မဟုတ်ပါဘူး။ ကျွန်မတို့ သွားလေရာ နေရာတွေမှာ ဒီပြဿနာတွေ ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ကျန်းမာရေး၊ ပညာရေး၊ လယ်ယာမြေတွေ၊ မြေယာပိုင်ဆိုင်ခွင့်၊ သောက်သုံးရေရရှိရေးတွေက နေရာတိုင်း၊ နေရာတိုင်းမှာ ဒီပြဿနာတွေ ရှိပါတယ်။ နေရာတိုင်း နေရာတိုင်းမှာ ကျွန်မတို့ပြည်သူတွေက အကူအညီလိုအပ်နေပါတယ်။ ဒါဟာ ကျွန်မတို့ ဖွံ့ဖြိုးမှုနည်းနေလို့ပါ။ ဒါကြောင့် ကျွန်မတို့ ဖွံ့ဖြိုးမှု ပိုပြီးများပြားလာအောင်၊ ပိုပြီးခိုင်မာလာအောင် ကြိုးစားရပါမယ်။ သို့သော်လည်း ဖွံ့ဖြိုးမှုနှင့်အတူ မရှိမဖြစ်လိုအပ်တာက ငြိမ်းချမ်းရေးပါ။ ဒါကို အစိုးရရဲ့ မြန်မာနိုင်ငံအတွက် ရေရှည်ဖွံ့ဖြိုးရေး စီမံကိန်းမှာ အသိအမှတ်ပြု ထည့်သွင်းရေးဆွဲထားပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးဆိုတာ ခွဲလို့မရပါဘူး။ ဖွံ့ဖြိုးရေးရှိမှ ငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မယ်။ ငြိမ်းချမ်းရေးရှိမှ ဖွံ့ဖြိုးရေးကို ဆက်ပြီးထိန်းသိမ်းနိုင်မယ်။ ဒါကြောင့် ကျွန်မတို့ ငြိမ်းချမ်းရေးကို ကြိုးစားပြီး လုပ်ကိုင်နေခြင်းက ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး နှစ်ခုစလုံး ရဖို့ပါ။ တစ်ချိန်တည်းမှာ နှစ်ခုစလုံးရဖို့ ကျွန်မတို့ ကြိုးစားနေပါတယ်။

ဖွံ့ဖြိုးရေးခိုင်မာဖို့အတွက် ဝိုင်းဝန်းပြီးကြိုးစား

ဒါကြောင့် ကျွန်မတို့ရဲ့ ပြည်သူတွေအားလုံးက ဝိုင်းဝန်းပြီး အကူအညီပေးကြပါ။ အထူးသဖြင့် ကျွန်မတို့ရဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမတွေ၊ ပြည်ထောင်စုသားချင်းတွေ အားလုံးက ဒီပြည်ထောင်စုရဲ့ သား၊ သမီးတွေဖြစ်တယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ပြည်ထောင်စုကို တန်ဖိုးထားပြီး ငြိမ်းချမ်းရေးရဖို့အတွက်၊ ဖွံ့ဖြိုးရေးခိုင်မာဖို့အတွက် ဝိုင်းဝန်းပြီး ကြိုးစားကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

ငြိမ်းချမ်းချင်တဲ့စိတ်တွေကို ထိန်းသိမ်း

ဒီလိုကြိုးစားမယ်ဆိုရင် နောင်လာနောက်သားတွေ၊ မျိုးဆက်သစ်တွေအတွက် ကျွန်မတို့ခေတ်မှာ ကျွန်မတို့ တာဝန်ကျေတယ်ဆိုတဲ့ စကားလုံးလေးတစ်ခွန်းနဲ့ ချီးမွမ်းလိုက်မယ်ဆိုရင် ကျွန်မတို့အားလုံး နေရကျိုးနပ်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ကျွန်မတို့ပြည်သူတွေ ကြိုးစားကြပါ။ ငြိမ်းချမ်းရေးရအောင်လို့ တစ်ဦးချင်း တစ်ဦးချင်း အတွေးစိတ်ထဲကစပြီး ငြိမ်းချမ်းရေးကို ဦးတည်ကြပါ။ ဘယ်ဘာသာကို ကိုးကွယ်ကိုးကွယ် မေတ္တာတရားဆိုတာ ဆိုးတယ်လို့ ဘယ်ဘာသာကမှ မပြောပါဘူး။ ကျွန်မတို့အချင်းချင်းမှာ မေတ္တာပွားကြပါ။ ငြိမ်းချမ်းချင်တဲ့ စိတ်တွေကို ထိန်းသိမ်းကြပါ။ အလုပ်ကိုလည်း ကြိုးစားကြပါ။ ကျွန်မတို့ ပြည်သူ ပြည်သားတွေအနေနဲ့ အလုပ်ကြိုးစားဖို့ လိုအပ်ပါတယ်။

၁၉၄၇ ခုနှစ် လွတ်လပ်ရေးမရင်ခင်က ဖေဖေပြောခဲ့တဲ့ စကားရှိပါတယ်။ ဖေဖေပြောတာက “ဒီစစ်ကြီးအတွင်းမှာ နိုင်ငံဟာ အင်မတန်မှ အထိနာပြီးပျက်စီးခဲ့လို့ တခြားသူတွေ လမ်းလျှောက်နေတဲ့အချိန်မှာ ပြေးနိုင်မှဖြစ်မယ်” လို့ ပြောခဲ့ပါတယ်။ အခုလည်း ဒီအတိုင်းပါပဲ။ ကျွန်မတို့ဟာ တခြားနိုင်ငံတွေ လမ်းလျှောက်နေတဲ့အချိန်မှာ ကျွန်မတို့ ပြေးနိုင်မှ၊ ပိုပြီးအပင်ပန်းခံနိုင်မှ ကျွန်မတို့ ရောက်သင့်ရောက်ထိုက်တဲ့နေရာကို ရောက်သွားမှာပါ။

တစ်ယောက်ချင်း တစ်ယောက်ချင်း လက်ကမ်း

ဒါကြောင့် အပြေးလေ့ကျင့်ကြပါလို့ ကျွန်မအနေနဲ့ ဆော်သြချင်ပါတယ်။ အားလုံးကနေပြီး တစ်ယောက်နဲ့ တစ်ယောက် လက်တွဲပြီးပြေးတယ်ဆိုရင် တစ်ယောက်တည်းပြေးတာထက် အများကြီးသက်သာပါတယ်။ ဘာမဆို လက်တွဲပြီးလုပ်တယ်ဆိုရင် ကိုယ်တစ်ယောက်တည်း လုပ်ရတာထက် ပိုပြီးစိတ်ထဲမှာ ပေါ့ပါးသွားမှာပါ။ ဒါကြောင့် တစ်ယောက်ချင်း တစ်ယောက်ချင်း လက်ကမ်းပြီး၊ လက်ကိုဆုပ်ကိုင်ထားပြီး အတူသွားချင်တဲ့ စိတ်ဓာတ်တွေကို အားပေးကြပါ။ အချင်းချင်း စိတ်ဝမ်းကွဲမယ့် စိတ်ဓာတ်တွေ၊ အတွေးအခေါ်တွေ၊ အပြောအဆိုတွေ၊ အလုပ်အကိုင်တွေကို ရှောင်ကြဉ်ကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံပါတယ်” ဟု ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ ကြိုတင်တင်ပြမေးမြန်းထားသည့် မြဝတီမြို့ အမှတ် (၅)ရပ်ကွက်မှ ဦးစိန်သောင်း၏ မြဝတီမြို့ဆေးရုံအား ခုတင်(၂၀၀)ဆံ့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရေး၊ လက်ရှိ ခုတင်(၁၀၀)ဆံ့ဆေးရုံတွင် အထူးကုဆရာဝန်များနှင့် လိုအပ်သော ဆက်စပ်ပစ္စည်းများ ဖြည့်ဆည်းပေးရေး၊ အမှတ်(၂) ချစ်ကြည်ရေးတံတားဖောက်လုပ်ခဲ့သည့်အတွက် အမှတ်(၅)ရပ်ကွက် ရေပူကျေးရွာအဝင် လမ်းပြောင်းပြန်ဖြစ်နေသည့်အတွက် ရေပူကျေးရွာအဝင်လမ်း လမ်းလယ်ကျွန်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတား လမ်းလယ်ကျွန်းနှင့် လမ်းဘေးဝဲ၊ ယာတွင် လမ်းမီးတိုင်ထွန်းလင်းရေး၊ အမှတ်(၃)ရပ်ကွက်မှ ဦးမြင့်ကျော်၏ မြဝတီမြို့ အာရှလမ်းမပေါ်ရှိ ဂရိတ်ဝမ်းဟိုတယ်နှင့် မိုးထမင်းဆိုင်လမ်းကြားမှ ရေနုတ်မြောင်းဖောက်လုပ်ပေးရေး မေးခွန်းတို့နှင့် စပ်လျဉ်း၍ လည်းကောင်း။

ရှင်းလင်းပြောကြား

တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများထဲမှ မေးခွန်းမေးမြန်းလိုသူ (၃၉) ဦးအနက် မဲပေါက်သူ (၅)ဦးဖြစ်သည့် အမှတ်(၂)ရပ်ကွက်မှ ဦးဝင်းနိုင်ဦး၏ မြဝတီမြို့၌ မှူးယစ်ဆေးဝါး၊ ခိုးဆိုး၊ လုနှိုက်များအား ထိရောက်စွာ အရေးယူပေးနိုင်ရေး၊ အမှတ်(၅)ရပ်ကွက်မှ ဦးစောလွင်၏ အမှတ်(၅)ရပ်ကွက် စိုက်စုံ၊ မြတ်လေး အေးမြိုင်လမ်းရှိ အိမ်ထောင်စု ၁၅၅ စု နေထိုင်သည့်နေရာအား BGF အဖွဲ့မှ သိမ်းဆည်းသွားသည့်အတွက် ဖြေရှင်းပေးနိုင်ရေး၊ အမှတ်(၃) ရပ်ကွက်မှ ဦးချစ်ငွေ၏ အမှတ်(၃)ရပ်ကွက်၌ မြေနေရာကိစ္စ အနိုင်ကျင့်တရားခွဲဆိုခံနေရမှုအား ဖြေရှင်းပေးနိုင်ရေး၊ အမှတ်(၄)ရပ်ကွက်မှ ဦးစောမောင်ပိန်၏ အမှတ်(၄) ရပ်ကွက်တွင် ငြိမ်းချမ်းရေးကောင်စီမှ လူဦးရေ ၆၀ နှင့် ဒေသခံ ၂၀ တို့အား ကျူးကျော်နေထိုင်သည်ဟုဆိုပြီး တရားစွဲခံနေရမှုအား ဖြေရှင်းပေးရေး၊ အမှတ်(၄) ရပ်ကွက်မှ ဒေါ်ခင်သီတာ၏ မြဝတီမြို့၌ လူကူးမျဉ်းကျားပြုလုပ်ပေးရန်နှင့် ပလက်ဖောင်းများ ပြုပြင်ပေးရေးမေးခွန်းတို့နှင့် စပ်လျဉ်း၍လည်းကောင်း မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ချက်ချင်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့်အခြေအနေများ၊ စိစစ်ဆောင်ရွက်ပေးသွားရမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းရမည်

မေးမြန်းတင်ပြချက်များအပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မူးယစ်ဆေးဝါးကိစ္စသည် မိမိတို့ နိုင်ငံ နေရာအနှံ့အပြားတွင် ဖြစ်နေပါကြောင်း၊ မူးယစ်ဆေးဝါးကို ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံများ၌ပင် အားလုံးဖြေရှင်း၍ မရသေးပါကြောင်း၊ တရားဥပဒေစိုးမိုးမှုခိုင်လုံသည့် နိုင်ငံများ၌လည်း မထိန်းချုပ်နိုင်သေးပါကြောင်း၊ မိမိတို့နိုင်ငံတွင် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူရော၊ အစိုးရရော ကြိုးပမ်းရမည် ဖြစ်ပါကြောင်း၊

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

ဥပဒေဆိုသည်မှာ လူ့အဖွဲ့အစည်းအတွင်း၌ တည်ငြိမ်အောင်ထိန်းသိမ်းရန်ဖြစ်ပြီး နိုင်ငံအကျိုး၊ လူ့အဖွဲ့အစည်းအကျိုးအတွက် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပြည်သူများအနေဖြင့် ဥပဒေကို လေးစားလိုက်နာရန် လိုအပ်ပါကြောင်း၊ ရဲတပ်ဖွဲ့သည်လည်း လူမှုအသိုက်အဝန်း တည်ငြိမ်ရေးအတွက် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ရဲတပ်ဖွဲ့အနေဖြင့်လည်း ပြည်သူ့လေးစားအောင် နေထိုင်သင့်ပါကြောင်း၊ မူးယစ်ဆေးစွဲသွားသည့် ပြည်သူများ ပြန်လည်ထူထောင်နိုင်ရန် ခက်ခဲပါကြောင်း၊ သို့သော်လည်း ဆေးဖြတ်ပြီးသူများ ပြန်လည်မသုံးစွဲစေရန် ထူထောင်ရေးစင်တာများ ဆောင်ရွက်နေပါကြောင်း၊ တရားဥပဒေဈေးမှ ရဲတပ်ဖွဲ့ဝင်များ အဆင့်မီစေရေး၊ မူးယစ်ပညာပေးလုပ်ငန်းများကို လုပ်ကိုင်နေပါကြောင်း၊ မြေယာပြဿနာများကိုလည်း အမြန်ဆုံးစိစစ်ပေးမည်ဖြစ်ပါကြောင်း၊ ကွင်းဆင်းစစ်ဆေးစေမည်ဖြစ်ပါကြောင်း၊ တရားရုံး၌ ရင်ဆိုင်နေရသည့်အမှုကိုလည်း အမြန်စစ်ဆေးဆောင်ရွက်ရန် ညွှန်ကြားသွားမည်ဖြစ်ပါကြောင်း၊ လူကူးမျဉ်းကျားနှင့် ပလက်ဖောင်းကိုလည်း စည်ပင်သာယာအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် အမှိုက်များကို စနစ်တကျ စွန့်ပစ်ကြစေလိုကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့ရပ်ရွာကိစ္စများကို စိတ်ဝင်တစား နားထောင်နေသည့် အတွက် မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ စည်းကမ်းရှိပြီး တာဝန်သိသည့်ပြည်သူများ များပြားလာပါက မိမိတို့နိုင်ငံ ယခုထက်တိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်သူများ ကျန်းမာချမ်းသာပြီး ဘေးကင်းကြပါစေကြောင်း ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

လှိုင်းဘွဲမြို့သို့ ရောက်ရှိ

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မြဝတီမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ကော့ကရိတ်မြို့သို့ ပြန်လည်ရောက်ရှိပြီး ထိုမှ တစ်ဆင့် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ လှိုင်းဘွဲမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ကရင်ပြည်နယ် လွတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများက ကရင်ဒုံးယိမ်းအက အဖွဲ့များနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် လှိုင်းဘွဲမြို့တွင်း လမ်းမတစ်လျှောက်၌ ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် လှိုင်းဘွဲမြို့နယ် အောင်ဆန်းခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကရင်ပြည်နယ်က ကျယ်ပြန့်တဲ့အခါ နေရာတိုင်းနေရာတိုင်းကို ရောက်ဖို့ဆိုတာ ခဲယဉ်းပါတယ်။ ကျွန်မအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ မရောက်ဖူးတဲ့ နေရာဆိုတာ မရှိသလောက်ပါပဲ။ သို့သော်ငြားလည်း တစ်နေရာမှာ နေရတဲ့အချိန်က အင်မတန်မှ နည်းပါတယ်။ ကျွန်မတို့က ကျယ်ကျယ်ပြန့်ပြန့် ပြည်သူလူထုနဲ့ ထိတွေ့မှုရှိနိုင်အောင် နည်းအမျိုးမျိုးနဲ့ တစ်တိုင်းပြည်လုံးကို ရောက်အောင် ကြိုးစားပြီးသွားခဲ့ပါတယ်။

အားလုံးက ဆက်စပ်နေ

အခုနောက်ပိုင်း အစိုးရတာဝန်ကို ထမ်းဆောင်တဲ့အခါ ဒီလိုခရီးသွားဖို့အချိန်က ပိုပြီးနည်းလာတယ်လို့ ပြောရမှာပါ။ ကျွန်မက နိုင်ငံခြားရေးဝန်ကြီးဌာနကို တာဝန်ယူထားတဲ့အတွက် နိုင်ငံခြားရေးဆိုင်ရာ ကိစ္စတွေအပြင် ပြည်တွင်းမှာရှိတဲ့ တာဝန်တွေကိုလည်း ဆောင်ရွက်ရပါတယ်။ ပြည်တွင်းနဲ့ ပြည်ပ တာဝန်တွေဆိုတာ တကယ်တော့ လုံးဝကွဲနေတာ မဟုတ်ပါဘူး။ အားလုံးက ဆက်စပ်နေပါတယ်။

ကျွန်မတို့ရဲ့ နိုင်ငံဟာ ကမ္ဘာကြီးပေါ်မှာ အထီးတည်းနဲ့ ကိုယ့်ကိုယ်ကိုယ် ရပ်တည်နေတဲ့နိုင်ငံ မဟုတ်ပါဘူး။ ဘယ်နိုင်ငံကမှ အခုခေတ်မှာ တစ်နိုင်ငံတည်း ကမ္ဘာ့အလယ်မှာ ရပ်တည်လို့ မရပါဘူး။ ကမ္ဘာ့အလယ်မှာ ဝင်ဆံ့အောင်၊ တင့်တယ်အောင်နေဖို့ ကြိုးစားရပါတယ်။ ဒီလို ကြိုးစားတဲ့အခါမှာ တစ်ကမ္ဘာလုံးကနေပြီး လက်ခံထားတဲ့ စံနှုန်းစံထားတွေကို လေးစားရပါတယ်။

ဒါပေမယ့် ကျွန်မတို့နိုင်ငံရဲ့ အစဉ်အလာအရ ကောင်းတဲ့ စံနှုန်းစံထားတွေကို ဆက်လက်ပြီး ထိန်းသိမ်းထားဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတိုင်းနိုင်ငံတိုင်း၊ ယဉ်ကျေးမှုတိုင်းမှာ သူ့တန်ဖိုးနဲ့သူ ရှိပါတယ်။ ဒီတန်ဖိုးကိုလည်း ကျွန်မကြာလေပိုပြီး နားလည်လာတယ်လို့ ပြောရပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ခရီးသွားတဲ့အခါ ချမ်းသာတဲ့နိုင်ငံတွေနဲ့ သိပ်ပြီးမချမ်းသာတဲ့ နိုင်ငံတွေကို ရောက်ခဲ့ပါတယ်။ အရေးကြီးတာက သူတို့ ပြည်သူတွေရဲ့ အရည်အချင်းပါ။ ဒါက ကျွန်မတို့အတွက် သင်ခန်းစာပါ။ ကျွန်မတို့ နိုင်ငံက ချမ်းသာတဲ့၊ အင်အားကြီးတဲ့ နိုင်ငံကြီး မဟုတ်ပါဘူး။ အရေးကြီးတာက နိုင်ငံသားတစ်ဦးချင်းတစ်ဦးချင်းရဲ့ အရည်အချင်းပါ။ ဒါကို တခြားပြင်ပနိုင်ငံတွေက အသိအမှတ်ပြုပြီး လေးစားတန်ဖိုးထားရတယ်ဆိုတာ ကျွန်မတို့အတွက် အားတက်စရာဖြစ်ပါတယ်။

အလားအလာဖြစ်နိုင်ခြေတွေ သိပ်ကောင်းတဲ့နိုင်ငံ

ကျွန်မတို့ နိုင်ငံကို လွတ်လပ်ရေးရပြီးတဲ့ အချိန်က စပြီး ကမ္ဘာက ပြောပါတယ်။ "ဒီနိုင်ငံဟာ အလားအလာဖြစ်နိုင်ခြေတွေ သိပ်ကောင်းတဲ့ နိုင်ငံဆိုပြီး" ခဏခဏ ပြောကြပါတယ်။ တစ်ဆက်တည်း သူတို့ပြောတာက "ဒီအလားအလာတွေ ဖြစ်မြောက်ခြေတွေက မပြည့်သေးဘူး" လို့လည်း ပြောကြပါတယ်။ အလားအလာတွေ ဖြစ်မြောက်နိုင်ခြေတွေရှိပြီး မဖြစ်မြောက်သေးဘူး။ ဖြစ်မြောက်အောင် ဆောင်ရွက်ဖို့ လိုသေးတယ်ဆိုတာကိုလည်း ခဏခဏပြောကြပါတယ်။ ဒါဟာ ကျွန်မတို့ရဲ့ ဦးတည်ချက် တစ်ခုပါ။

ပြည်သူကနေ တာဝန်ပေးထားတဲ့ အစိုးရတစ်ခုအနေနဲ့ တာဝန်ရှိတဲ့အတိုင်း ကျွန်မတို့ နိုင်ငံမှာရှိတဲ့ ဖြစ်မြောက်ဖွယ်ရာ အလားအလာကောင်းတွေကို အကောင်အထည်ဖော်ဖို့ တာဝန်ရှိပါတယ်။ ဒီလိုအကောင်အထည်ဖော်ရာမှာ ပြည်သူက အမြဲပါရမယ်ဆိုတာကိုလည်း ကျွန်မတို့ ဘယ်တော့မှ မျက်ခြည်မပြတ်ပါဘူး။ ပြည်သူတွေအနေနဲ့ ကိုယ့်နိုင်ငံ တိုးတက်စေချင်ရင်၊ ကိုယ်ဖြစ်စေချင်တာတွေ ဖြစ်ချင်ရင် ကိုယ်ကိုယ်တိုင်လည်း ပါဝင်ရပါမယ်။ နိုင်ငံရဲ့တိုးတက်မှုနဲ့ ပတ်သက်လို့ ဘယ်တော့ဖွံ့ဖြိုးမလဲ၊ ဘယ်တော့ချမ်းသာမလဲဆိုပြီး မေးနေကြတဲ့အထဲမှာ တကယ်လုပ်ပြီး မေးတဲ့လူက နည်းပါတယ်။ ဒီလိုမေးတဲ့သူအများစုက လုပ်နိုင်ရဲ့သားနဲ့ မလုပ်ဘဲမေးတာပါ။ မလုပ်နိုင်တဲ့သူတွေကို ပြောတာ မဟုတ်ပါဘူး။ ဒါပေမယ့် လုပ်နိုင်ရက်နဲ့ မလုပ်တဲ့သူတွေက မေးလေ့မေးထရှိတာကို ကျွန်မသတိပြုမိပါတယ်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရမယ်

ကျွန်မတို့ ပြည်သူတွေအနေနဲ့ ကိုယ့်တန်ဖိုးကို ကိုယ်မမေ့ပါနဲ့။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရမယ်။ ကိုယ့်မှာ လုပ်အားရှိတယ်ဆိုတာကို မမေ့ပါနဲ့။ ဒီလုပ်အားကို ကိုယ့်အတွက်လည်း သုံးပါ။ အများအတွက်လည်း သုံးပါ။ ဒီလို လုပ်လိုက်မယ်ဆိုရင် နိုင်ငံက ဖွံ့ဖြိုးတိုးတက်မှာပါ။

ကျွန်မတို့ နိုင်ငံက နိုင်ငံတကာရဲ့ ဖိအားတွေကို အများကြီးခံခဲ့ရပါတယ်။ အဓိက ခံရတာက ရခိုင်ပြည်နယ်မှာဖြစ်တဲ့ ပြဿနာတွေကို သေသေချာချာ ဂဃနဏ နားမလည်ဘဲနဲ့ ကျွန်မတို့ကို အမျိုးမျိုးဝေဖန် စွပ်စွဲနေတာတွေကြောင့်ပါ။ အခုဆို စိန်ခေါ်မှုတွေ အများကြီး ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုထဲကနေ အရင်နှစ်က ကျွန်မတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ သိသိသာသာ တက်လာပါတယ်။ ဒါက ကျွန်မတို့ နိုင်ငံဟာ ရုန်းကန်နေရပြီး အကူအညီမရတဲ့အထဲကနေ ဒီလိုတိုးတက်မှုရအောင် လုပ်နိုင်တာပါ။ ဒါပေမယ့် စိန်ခေါ်မှုတွေက တစ်ချိန်လုံးရှိနေပါတယ်။ မထင်မှတ်ဘဲနဲ့လည်း ပေါ်လာတာရှိပါတယ်။

နိုင်ငံသားတွေကို တတ်နိုင်သမျှစောင့်ရှောက်

အများသိတဲ့ ကိုရိုနာဗိုင်းရပ်ဝိကိစ္စက ကျွန်မတို့ နိုင်ငံအပေါ်မှာ အကျိုးသက်ရောက်မှုရှိပါတယ်။ အဲဒီအကျိုးသက်ရောက်မှုတွေကို ရှောင်ရှားလို့မရပါဘူး။ သို့သော် ကျွန်မတို့က ပထမဦးဆုံး လုပ်သင့်လုပ်ထိုက်တာကို လုပ်တဲ့ နိုင်ငံတစ်ခုပါ။ ကျွန်မတို့အနေနဲ့ ကျန်းမာရေးကိစ္စသာမက စီးပွားရေးဘက်ကလည်း ထိခိုက်နိုင်တယ်ဆိုတာကို နှလုံးသွင်းပြီး အစောကြီးလုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ပါတယ်။ ဝူဟန်မှာရှိနေတဲ့ ကျွန်မတို့ရဲ့ လူငယ်နိုင်ငံသားတွေကို ပြန်ပြီးခေါ်တဲ့ အထဲမှာ ကျွန်မတို့က ပထမဦးဆုံးပါ။ ကမ္ဘာပေါ်မှာ အချမ်းသာဆုံး နိုင်ငံမဟုတ်ပါဘူး။ ဒါပေမယ့် နိုင်ငံသားတွေကို တတ်နိုင်သမျှစောင့်ရှောက်မယ်ဆိုပြီး ပထမဦးဆုံး စီစဉ်ပြီး ပြန်ခေါ်တဲ့နိုင်ငံ ဖြစ်ပါတယ်။ အခုလည်း နိုင်ငံကို ပြန်လာချင်တဲ့ တရားမဝင်သွားရောက်ခဲ့တဲ့သူတွေကို ကျွန်မတို့က တတ်နိုင်သလောက် ကူညီပြီး ပြန်ခေါ်မှာပါ။

ဒီလို တရားမဝင်သွားရောက်နေတဲ့သူတွေနဲ့ ဆက်စပ်ပြီး သူတို့အနေနဲ့ တရားဝင် စာရွက်စာတမ်းတွေမရှိတဲ့အတွက် အနိုင်ကျင့်ခံရတာတွေနဲ့ပတ်သက်ပြီး ကျွန်မ အမြဲကူညီပါတယ်။ ဒါအစိုးရကနေ ချမှတ်ထားတဲ့မူပါ။ ကျွန်မတို့ နိုင်ငံသူနိုင်ငံသားတွေအားလုံး တစ်ယောက်ချင်း တစ်ယောက်ချင်း ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ကျွန်မတို့ တာဝန်ယူမှုရှိပါတယ်။ အဲဒီတာဝန်ကိုလည်း ကျွန်မတို့ ခေါင်းမရှောင်ပါဘူး။ ကျွန်မ ခဏခဏ တာဝန်အကြောင်းကို ပြောပါတယ်။ တကယ်တော့ တာဝန်ရှိတယ်ဆိုတာကို ကိုယ်က ဂုဏ်ယူရမယ်။ တာဝန်မရှိတဲ့သူဆိုတာ တန်ဖိုးမရှိတဲ့သူပါ။ ဒါကြောင့် တာဝန်ဆိုတာ နောက်ဆုံးကျတော့ သတ်မှတ်ထားတဲ့ ကိုယ်လုပ်ရမယ့် ကိစ္စမဟုတ်ဘဲနဲ့ မေတ္တာစေတနာနဲ့ တွဲနေတဲ့ကိစ္စဖြစ်တဲ့အတွက် တကယ် အဓိပ္ပာယ်ပြည့်ဝပါတယ်။ ကျွန်မတို့ဟာ တစ်ယောက်နဲ့ တစ်ယောက် တကယ်မေတ္တာ၊ စေတနာထားမယ်ဆိုရင် ကိုယ့်ကိုလုပ်ပေးသမျှအပေါ် ကိုယ်က တန်ဖိုးထားပြီး ကျေးဇူးတင်မယ်ဆိုရင် ကျွန်မတို့ လူ့အသိုင်းအဝိုင်းဟာ သာယာတဲ့ အသိုင်းအဝိုင်းတစ်ခုဖြစ်မှာပါ။

ပေးကမ်းချင်တဲ့ စိတ်ဓာတ်က အလွန်ကောင်း

ဘာဖြစ်လို့လဲဆိုရင် ကျွန်မတို့ နိုင်ငံက ပြည်သူတွေဟာ မေတ္တာ၊ စေတနာဘက်မှာ မည့်ပါဘူး။ ပြည်သူတွေက ချစ်စရာလည်း ကောင်းတယ်၊ တန်ဖိုးထားစရာလည်း ကောင်းတယ်လို့ ကျွန်မထင်ပါတယ်။ ကျွန်မတို့ ပြည်သူတွေမှာရှိတဲ့ ပေးကမ်းချင်တဲ့ စိတ်ဓာတ်က အလွန်ကောင်းပါတယ်။ ဒါကို စနစ်တကျလုပ်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်မတို့ ပြည်သူတွေဟာ ကိုယ့်ရဲ့ အားသာချက်တွေကိုလည်း သိရမယ်။ ကိုယ်ရဲ့ အားနည်းချက်တွေကိုလည်း သိရမယ်။ ရက်ရောတယ်ဆိုတာ ကောင်းပါတယ်။ အားလုံးနဲ့ မျှဝေချင်တယ်ဆိုတဲ့စိတ်က ကောင်းပါတယ်။ ဒါပေမယ့် အဲဒီလိုမျှဝေတဲ့နေရာမှာလည်း စည်းကမ်းရှိရှိမျှဝေမှ ထိထိရောက်ရောက်ရှိမယ်။ ကူညီတဲ့နေရာမှာ စနစ်တကျနဲ့ စည်းနဲ့ကမ်းနဲ့လုပ်မှ ထိရောက်မှုရှိမယ်။ ဒါကို ပြည်သူတွေက ပိုပြီးနည်းနည်းအင်အားဖြည့်လုပ်ဖို့ လိုပါတယ်။

အားလုံးက အတူတူ ဒီလှေကြီးနဲ့သွားနေတာ

ကျွန်မတို့ နိုင်ငံမှာ ရင်ဆိုင်နေရတဲ့ ပြဿနာတွေက နေရာတိုင်းမှာ ကွဲပြားသလိုလိုနဲ့ အတူတူပါ။ ဒါကြောင့် ကျွန်မဘယ်သွားသွား ပြည်သူတွေရဲ့ အခြေခံပြဿနာတွေနဲ့ စိန်ခေါ်မှုတွေက အတူတူပါ။ ဒါကြောင့် ကျွန်မတို့ နိုင်ငံသူနိုင်ငံသားတွေနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေ အားလုံးက အတူတူ ဒီလှေကြီးနဲ့ သွားနေတာပါ။ ဒီလှေကြီးဘယ်ကိုခရီးသွားနေလဲဆိုတာ လူတိုင်းလူတိုင်းက စဉ်းစားတတ်အောင် နှလုံးသွင်းရပါမယ်။ ကျွန်မတို့ သွားနေတဲ့ခရီးက စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးခရီးကို သွားနေတာဖြစ်ပါတယ်။ ဒီခရီးကို သွားမှ ကျွန်မတို့ တိုင်းပြည်တစ်ပြည်လုံး ဖွံ့ဖြိုးတိုးတက်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ မြန်မာနိုင်ငံကပါလားဆိုပြီး ချီးမွမ်းလေးစားတဲ့စိတ်ဖြစ်တဲ့အထိ ရည်ရွယ်ပြီး နိုင်ငံသူနိုင်ငံသားတွေ တစ်ဦးချင်းတစ်ဦးချင်းက ကြိုးစားမှုဖြစ်မှာပါ။ နိုင်ငံသူနိုင်ငံသားတွေ တစ်ဦးချင်းတစ်ဦးချင်းက မကြိုးစားရင် မဖြစ်ပါဘူး။ ကမ္ဘာပေါ်မှာ စည်းကမ်းအရှိဆုံးနိုင်ငံလို့ သတ်မှတ်တဲ့ နိုင်ငံတွေထဲမှာပါဝင်တဲ့ ဂျာမနီနဲ့ ဂျပန်နိုင်ငံတို့မှာရှိတဲ့ နိုင်ငံသူနိုင်ငံသားတွေဟာ တစ်ယောက်ချင်း တစ်ယောက်ချင်း စည်းကမ်းရှိပါတယ်။ ဒီလိုစည်းကမ်းရှိတဲ့အတွက် သူတို့ဟာ ဒုတိယကမ္ဘာစစ်ပြီးတဲ့ အချိန်ကာလ အစမှာ ပြာပုံကျနေတဲ့ အဆင့်ကနေ ကမ္ဘာပေါ်မှာ အချမ်းသာဆုံး နိုင်ငံအဆင့်ဖြစ်အောင် လုပ်နိုင်ခဲ့ပါတယ်။

ကမ္ဘာကနေ အသိအမှတ်ပြုတဲ့ နိုင်ငံတစ်ခုဖြစ်ရမယ်

ကျွန်မတို့လည်း ရည်မှန်းချက်ကြီးရမယ်၊ ရိုးရိုးကျင့်မြင့်မြင့်ကြီးရမယ်၊ ကမ္ဘာကနေ အသိအမှတ်ပြုတဲ့ နိုင်ငံတစ်ခုဖြစ်ရမယ် ဒီလိုစိတ်တွေထားရပါမယ်။ ရိုးရိုးကျင့်တယ်ဆိုတာ ကျွန်မတို့အနေနဲ့ အလုပ်ကို ရိုးသားမှုနဲ့ လုပ်ရမယ်။ ပကာသန အပြင်ပန်းအားကျအောင် လုပ်တာမျိုးမဟုတ်ဘဲ၊ တကယ့်ကို လူသားအချင်းချင်း တန်ဖိုးထားလောက်တဲ့ အရည်အချင်းတွေ တစ်ယောက်ချင်းတစ်ယောက်ချင်းမှာ ရှိအောင် ကျွန်မတို့ ကြိုးစားရမှာ ဖြစ်ပါတယ်။

ပြည်သူတွေကို ကျွန်မတွေ့ရင် မေးခွန်းတွေ မေးတယ်ဆိုတာက ဘာပြဿနာတွေရှိလဲဆိုတာကို သိချင်လို့ပါ။ အရင်ဆုံး ကျွန်မတို့ ဘယ်လိုဖြေရှင်းပေးနိုင်မလဲဆိုတာကို သိချင်လို့ပါ။ ပြဿနာတိုင်းကို ဖြေရှင်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ကျွန်မတို့က အတတ်နိုင်ဆုံးကြိုးစားပြီး အကောင်းဆုံး လုပ်ဖို့ အားစိုက်ပြီးလုပ်ပါတယ်။ အားလုံးကို ဖြေရှင်းပေးဖို့ ဆိုတာ မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပြဿနာတော်တော်များများက လူလူချင်းဖြစ်တဲ့ ပြဿနာတွေပါ။ လူလူချင်းဖြစ်တဲ့ ပြဿနာဆိုတာ တစ်ယောက်က ကျေနပ်ပေမယ့် နောက်တစ်ယောက်က ကျေနပ်ချင်မှ ကျေနပ်မှာပါ။ အားလုံးကို ကျေနပ်အောင် လုပ်လို့လည်းမရပါဘူး။

စာမျက်နှာ ၆ သို့

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လှိုင်းဘွဲမြို့နယ်မှ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လှိုင်းဘွဲမြို့နယ် ရဟတ်ယာဉ်ကွင်းဌ၌ စောင့်ဆိုင်းနေသည့် ဒေသခံပြည်သူများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။ သတင်းစဉ်

စာမျက်နှာ ၅ မှ

အဲဒါက အစိုးရရဲ့ တာဝန်တစ်ခုပါ။ အားလုံးကျေနပ်အောင် လုပ်ချင်လို့ရှိရင် အစိုးရတစ်ခုကို အောင်မြင်အောင်လို့ ထိန်းကျောင်းနိုင်မှာ မဟုတ်ပါဘူး။ မူနဲ့လုပ်ရပါတယ်။ အစိုးရဆိုတာ မူရှိရပါတယ်။ မူဆိုတာ ဥပဒေမဟုတ်ပါဘူး။ မူဆိုတာက ယုံကြည်ချက်လို့ ကျွန်မ ပြောချင်ပါတယ်။ ယုံကြည်ချက်အပေါ်မှာ အခြေခံပြီး လုပ်ထုံးလုပ်နည်းတွေကို ကျွန်မ ပြောချင်ပါတယ်။

နိုင်ငံရဲ့တန်ဖိုး

ကျွန်မတို့ရဲ့ ယုံကြည်ချက်က ဘာလဲဆိုရင် နိုင်ငံတစ်နိုင်ငံဆိုတာ တကယ်တော့ ပြည်သူပါ။ ပြည်သူရဲ့ တန်ဖိုးဟာ နိုင်ငံရဲ့ တန်ဖိုးပါ။ ပြည်သူကို အလေးထားတယ်၊ တန်ဖိုးထားတယ်။ ဒါကြောင့် ပြည်သူကို တန်ဖိုးထားတဲ့ ပုံစံနဲ့ ကျွန်မတို့ရဲ့ နိုင်ငံကို ပြုစုပျိုးထောင်သွားရမယ်ဆိုတာ ကျွန်မတို့ရဲ့ မူပါ။ ဒါကြောင့် တရားဥပဒေစိုးမိုးရေးကို အားပေးတယ်ဆိုတာ တရားဥပဒေစိုးမိုးရေးရှိမှ ကျွန်မတို့ ပြည်သူတွေ လုံခြုံအေးချမ်းပြီး တိုးတက်နိုင်မယ်။

နောက်ပြီး ကျွန်မတို့က အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးကို အလွန်လိုလားပါတယ်။ ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းရေးဆိုတာကို လွတ်လပ်ရေးရကတည်းက မသိခဲ့ရပါဘူး။ ငြိမ်းချမ်းရေးမရှိရင် တကယ်ခံရတာ ပြည်သူလူထုပါ။ အပြစ်မဲ့ပြည်သူတွေဟာ အခံရဆုံးပါ။ ဒါကြောင့် ငြိမ်းချမ်းရေးကို လိုအပ်တယ်၊ ငြိမ်းချမ်းရေးကို ရအောင်လုပ်ရမယ်၊ လူတိုင်းလူတိုင်း ကိုယ့်တတ်အားသရွေ့ ငြိမ်းချမ်းရေးရရှိဖို့ ကူညီပေးစေချင်ပါတယ်။ ငြိမ်းချမ်းရေးရရှိဖို့ ကူညီပေးတယ်ဆိုတာ ဖွံ့ဖြိုးရေးရရှိဖို့ ကူညီပေးတာနဲ့ အတူတူပါ။ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဖွံ့ဖြိုးရေးဆိုတာ မရှိနိုင်ပါဘူး။ ဒါကြောင့် ငြိမ်းချမ်းရေးရဖို့အတွက် တစ်ယောက်ချင်း တစ်ယောက်ချင်းကနေ ငါဟာ ငြိမ်းချမ်းရေးဘက်တော်သားဖြစ်မယ်၊ ငါဟာ ငြိမ်းချမ်းရေးဘက်က ရပ်တည်မယ်။ တစ်ယောက်နဲ့တစ်ယောက် သဘောထားမတူတာတော့ ရှိမှာပါ။

တိုးတက်မယ်ဆိုတာ ယုံကြည်

သဘောထား မတူညီတာတွေကို မငြိမ်းချမ်းတဲ့ နည်းတွေနဲ့ ဖြေရှင်းဖို့မလိုပါဘူး။ ငြိမ်းချမ်းတဲ့နည်းတွေနဲ့ ဖြေရှင်းနိုင်တယ်ဆိုတဲ့ ယုံကြည်ချက်ကို လက်ကိုင်ထားပြီး ကျွန်မတို့ တစ်ယောက်ချင်းတစ်ယောက်ချင်းကသွားမယ်ဆိုရင် ဒီနိုင်ငံဟာ မကြာမီမှာ ငြိမ်းချမ်းတဲ့နိုင်ငံ ဖြစ်မှာပါ။ နိုင်ငံဟာ ငြိမ်းချမ်းရေးရပြီဆိုတာနဲ့ တော်တော်မြန်မြန် တိုးတက်မယ်ဆိုတာကို ကျွန်မ ယုံကြည်ပါတယ်။

အခု ကျွန်မတို့ နိုင်ငံဟာ မငြိမ်းချမ်းသေးဘူး၊ လက်နက်ကိုင်တပ်ဖွဲ့တွေကလည်း တော်တော်များပါတယ်။ ကျွန်မတို့ရဲ့ ပင်လုံအစည်းအဝေးကိစ္စတွေကလည်း မပြီးပြတ်သေးပါ ဘူး။ သို့သော် ရခိုင်နဲ့ပတ်သက်ပြီး တစ်ကမ္ဘာလုံးက ဖိနှိပ်နေတာတွေလည်း ရှိပါတယ်။ ဒီကြားထဲကနေ ကျွန်မတို့ ရုန်းကန်ပြီး တိုးတက်အောင် လုပ်နိုင်ပါတယ်။ ဒီလိုပြဿနာတွေ မရှိဘူးဆိုရင် ဘယ်လောက်တိုးတက်နိုင်မလဲဆိုတာ စဉ်းစားကြည့်ပါ။

ပြည်ပက ကျွန်မတို့ကို ဘယ်လိုပဲကြည့်ကြည့်၊ ဘယ်လို ဖိအားတွေပဲရှိရှိ အဓိကပြည်တွင်းအင်အားပါ။ ကျွန်မတို့ ပြည်တွင်းမှာ ကျွန်မတို့ဟာ ညီညွတ်တယ် တစ်စိတ်တည်း တစ်ဝမ်းတည်းရှိတယ်။ အားလုံးလက်တွဲပြီး ရင်ဆိုင်စရာအားလုံးကို ရင်ဆိုင်မယ်ဆိုရင် ဘယ်ပြည်ပ စိန်ခေါ်မှုကိုမှ ကျွန်မတို့ ကြောက်ဖို့မလိုပါဘူး။ ဘယ်ပြည်ပ စိန်ခေါ်မှုကိုမှ စိုးရိမ်စရာမရှိပါဘူး။

ကျွန်မတို့ တိုးတက်ရမှာ မုချအမှန်ပါ။ ဒါကို ကျွန်မတို့ ယုံကြည်နိုင်ပါတယ်။ လူတစ်ယောက်ချင်း တစ်ယောက်ချင်းဟာ ကိုယ်ဘာလုပ်ပေးနိုင်လဲဆိုတာကို ကြည့်ပါ။ ငြိမ်းချမ်းရေးဘက်မှာ လုပ်ပေးမလား၊ ကိုယ်ကိုယ်တိုင် စည်းကမ်းရှိဖို့အတွက် လုပ်ပေးမလား၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်ရဲ့လုပ်ငန်းတွေမှာ အောင်မြင်မှုအတွက် လုပ်ပေးမလား၊ ဒီလိုရွေးချယ်စရာတွေက အများကြီးရှိပါတယ်။

ဝိုင်းဝန်းပြီးကူညီပေး

ဒီရွေ့က ကျောင်းသူ ကျောင်းသားတွေအနေနဲ့ ကျောင်းမှာ စာသင်သွားတဲ့အခါ ရည်ရွယ်ချက်က ငါတို့ နိုင်ငံတိုးတတ်ဖို့နဲ့ ငါတို့ နိုင်ငံကို ကူညီနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျောင်းမှာစာသင်မယ်ဆိုရင် ဒါနိုင်ငံ ဖွံ့ဖြိုးရေးအတွက်၊ ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုပါတယ်။ ဒါကို ကျွန်မတို့ ပြည်သူများအားလုံးက ကြိုးစားပေးပါ။ ကျွန်မတို့ အစိုးရကလည်း ကြိုးစားပါမယ်။ ကျွန်မတို့မှာ စိန်ခေါ်မှုတွေ များတယ်၊ အားနည်းချက်တွေလည်း ရှိပါတယ် ဒါကို ကျွန်မတို့ ဝန်ခံပါတယ်။ ဒါကိုလည်း ကျွန်မတို့ ရင်ဆိုင်ပါမယ်။ အားနည်းချက်တွေကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ အမြဲကြိုးစားနေပါတယ်။ ပြည်သူတွေကလည်း ကိုယ့်ရဲ့ အားနည်းချက်တွေကို ရင်ဆိုင်ကျော်လွှားပြီး ကျွန်မတို့ နိုင်ငံ တိုးတက်ရေးအတွက် ဝိုင်းဝန်းပြီးကူညီပေးဖို့ ကျွန်မ မေတ္တာရပ်ခံချင်ပါတယ်"ဟု ပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ ကြိုတင်တင်ပြမေးမြန်းထားသည့် လှိုင်းဘွဲမြို့ (က) ရပ်ကွက်မှ နန်းမူမူခလိန်းဟိ၏ လှိုင်းဘွဲ–ဘားအံ ကားလမ်းအား အဆင့်မြှင့်တင်ပေးရေး၊ (ခ)ရပ်ကွက်မှ ဦးသာဒင်၏ လှိုင်းဘွဲမြို့ရှောင် လမ်းဖောက်လုပ်ပေးရေး၊ ရွှေဝွန်းကျေးရွာမှ ဦးမောင်မောင်၏ လှိုင်းဘွဲ–ရွှေဝွန်း ကားလမ်းအား အဆင့်မြှင့်တင်ပေးရေး၊ ကစိုကျေးရွာမှ ဦးစောစိန်၏ လှိုင်းဘွဲ–ပိုင်ကျုံ လမ်းပိုင်း(၁၅)မိုင်အား တိုးချဲ့ပေးနိုင်ရေးနှင့် လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ အမှတ်(၂)ရပ်ကွက်မှ ဦးစောခင်ဝင်း၏ ရှမ်းရွာသစ်မြို့ လျှပ်စစ်မီးလင်းရေးအတွက် ဓာတ်အားလိုင်းသွယ်တန်းပေးရေးနှင့် ဓာတ်အားခွဲရုံ တစ်ရုံတည်ဆောက်ပေးရေး မေးခွန်းတို့နှင့် စပ်လျဉ်း၍ လည်းကောင်း။

ရှင်းလင်းပြောကြား

တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ခန်းမအတွင်းနှင့် ခန်းမအပြင်မှ မေးခွန်း မေးမြန်းလိုသူ (၂၁)ဦးအနက် မဲပေါက်သူ (၄)ဦးဖြစ်သည့် ထီလုံကျေးရွာမှ ဒေါ်မဲကြီးမား၏ လှိုင်းဘွဲမြို့နယ် ရေဘုတ်ရေလှောင်တမံ တည်ဆောက်ရာတွင် ပါဝင်သွားသည့် ၎င်း၏ လယ်မြေများအတွက် နစ်နာကြေးရရှိနိုင်ရေး၊ ထီလုံကျေးရွာမှ ဦးအေးမြင့်၏ ထီလုံတိုက်နယ်ဆေးရုံ အမြန်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ဆေးကုသခွင့်ရရှိရေး၊ ထီလုံကျေးရွာမှ ဦးကျော်ကျော်ဝေ၏ ရေဘုတ်ရေလှောင်တမံ တည်ဆောက်ရာတွင် ပါဝင်သွားသည့် ၎င်း၏ လယ်မြေများအတွက် နစ်နာကြေးအမြန်ရရှိအောင် ဆောင်ရွက်ပေးရေး၊ လှိုင်းဘွဲမြို့မှ ဦးမြစိမ်း၏ ICJ တရားရုံး၌ သွားရောက်ဖြေရှင်းခဲ့မှုနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံအတွက် ရရှိခဲ့သည့် အမျိုးသားအကျိုးစီးပွားနှင့် စပ်လျဉ်း၍ သိရှိလိုခြင်းမေးခွန်းတို့နှင့် စပ်လျဉ်း၍ မေးမြန်းတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဒေါက်တာမြင့်ထွေး၊ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ချက်ချင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့် အခြေအနေများ၊ စိစစ်ဆောင်ရွက်ပေးသွားရမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့ ပြည်သူနှင့် ထိတွေ့ရသည့်အချိန်မှာ ဝိုသည်ဟု မရှိပါကြောင်း၊ အမြဲလိုပါကြောင်း၊ ပြည်သူများကိုလည်း ယုံကြည်စိတ်ချစွာဖြင့် မိမိတို့ နိုင်ငံ၏အရေးများ အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် လှိုင်းဘွဲမြို့မှ ပြန်လည်ထွက်ခွာရာ ရဟတ်ယာဉ်ကွင်းဌ၌ အသင့်စောင့်ဆိုင်းနေသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့ အလုပ်လုပ်တဲ့အခါမှာ အဓိက အင်အားက ပြည်သူတွေရဲ့ ထောက်ခံမှုပါ။ ပြည်သူတွေရဲ့ ထောက်ခံမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုမရှိရင် ဘယ်အစိုးရမှာမှ တကယ့်အင်အားမရှိပါဘူး။ ကျွန်တဲ့အင်အားတွေက အပေါ်ယံဖြစ်ပြီး တကယ့်အနှစ်သာရရှိတဲ့ အင်အားဆိုတာ ပြည်သူတွေရဲ့ ထောက်ခံမှုနဲ့ ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေကနေပြီး စိတ်ရှည်လက်ရှည်နဲ့ စောင့်ကြိုပြီး ကျွန်မပြောဖို့အတွက် အခွင့်အရေးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

အရေးအကြီးဆုံးက ညီညွတ်ရေး

နိုင်ငံတိုးတက်ဖို့အတွက် အများကြီးလိုတယ်ဆိုတာကို ကျွန်မ ထူးထူးခြားခြားပြောဖို့ မလိုပါဘူး။ ဒါပေမယ့် တိုးတက်ဖို့ လမ်းကြောင်းမှာ အရေးအကြီးဆုံးက ညီညွတ်ရေးဖြစ်ပါတယ်။ ကျွန်မတို့ အားလုံးညီညွတ်ဖို့ လိုပါတယ်။ ပြည်သူတွေရဲ့ ညီညွတ်ခြင်းအင်အားက တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိခြင်း၊ စာနာမှုရှိခြင်းဆိုတဲ့ အင်အားတွေက ဘယ်အင်အားနဲ့မှ မတူပါဘူး။ ဒါကို ကျွန်မတို့ရဲ့ ပြည်သူတွေ သဘောပေါက်နားလည်ပြီး တန်ဖိုးထားစေချင်ပါတယ်။

ကျွန်မတို့ နိုင်ငံက လွတ်လပ်ရေးရခါစမှာ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ ရှေ့ဆုံးက ပြေးနေတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ပညာရေးနဲ့ ကျန်းမာရေးစနစ်တွေမှာ အဲဒီအချိန်အခါတုန်းက အရှေ့တောင်အာရှမှာ အဆင့်အမြင့်ဆုံးစနစ်တွေ ဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့

> **"ကျွန်မတို့က အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးကို အလွန်လိုလားပါတယ်။ ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းရေးဆိုတာကို လွတ်လပ်ရေးရကတည်းက မသိခဲ့ရပါဘူး။ ငြိမ်းချမ်းရေးမရှိရင် တကယ်ခံရတာ ပြည်သူလူထုပါ။ အပြစ်မဲ့ပြည်သူတွေဟာ အခံရဆုံးပါ။ ဒါကြောင့် ငြိမ်းချမ်းရေးကို လိုအပ်တယ်၊ ငြိမ်းချမ်းရေးကို ရအောင်လုပ်ရမယ်၊ လူတိုင်းလူတိုင်း ကိုယ့်တတ်အားသရွေ့ ငြိမ်းချမ်းရေးရရှိဖို့ ကူညီပေးစေချင်ပါတယ်။ ငြိမ်းချမ်းရေးရရှိဖို့ ကူညီပေးတယ်ဆိုတာ ဖွံ့ဖြိုးရေးရရှိဖို့ ကူညီပေးတာနဲ့ အတူတူပါ။ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဖွံ့ဖြိုးရေးဆိုတာ မရှိနိုင်ပါဘူး"**

စာမျက်နှာ ၆ မှ

ဒါပေမယ့် ဒီကိစ္စ၊ ဒီအနေအထားတွေက ပြောင်းလဲတတ်ပါတယ်။ ဒီလိုပြောင်းလဲသွားတဲ့အတွက် အိမ်နီးချင်းနိုင်ငံတွေက ကျွန်မတို့ထက် ပိုပြီးသာသွားတာကို ကျွန်မတို့တွေ့ရပါတယ်။ ဒါက ဖြစ်ပြီးသား ကိစ္စတွေပါ။ ပြန်ပြင်လို့မရပါဘူး။ အတိတ်က အတိတ်ပါ။ ဖြစ်ပြီးသားကို မဖြစ်ပါစေနဲ့လို့ ပြောလို့မရပါဘူး။ ဒီတော့ လက်ရှိပစ္စုပ္ပန်မှာ ကျွန်မတို့က လုပ်စရာရှိတာကို လုပ်ဖို့ဖြစ်ပါတယ်။

အကောင်းဆုံးဖြစ်အောင် ဘယ်လိုသုံးမလဲ

ကျွန်မတို့ လက်ထဲရှိတဲ့ အခုအချိန်ကို တန်ဖိုးထားရပါမယ်။ ဒီတော့ တစ်ယောက်ချင်း တစ်ယောက်ချင်းရဲ့ ဆုံးဖြတ်ချက်က ကိုယ့်လက်ထဲမှာရှိတဲ့ အခုပစ္စုပ္ပန်အချိန်ကို အကောင်းဆုံးဖြစ်အောင် ဘယ်လိုသုံးမလဲဆိုတာကို ကျွန်မတို့မှာ ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်။ အနာဂတ်ဆိုတာလည်း ကျွန်မတို့ လက်ထဲမှာ မရှိပါဘူး။ ကျွန်မတို့ တစ်ယောက်ချင်း တစ်ယောက်ချင်းဟာ မနက်ဖြန် ဘာဖြစ်မယ်ဆိုတာကို ဘယ်သူမှ တစ်ရာ ရာခိုင်နှုန်း မသိပါဘူး။ ဒါက လောကရဲ့ သဘောတရားပါ။

ကျွန်မတို့ဟာ အခုလက်ရှိ ချက်ချင်းလက်ငင်း ဘာလုပ်နေလဲ။ ကျွန်မတို့ ရှိတဲ့အချိန်ကို ဘယ်လိုသုံးနေလဲ။ ကျွန်မတို့ စုစုစည်းစည်းနဲ့ ပူးပေါင်းပြီး ဒီမှာတွေ့ဆုံနေကြပါတယ်။ ကျွန်မတို့က ညီညွတ်မှုနဲ့ စုစည်းမှုဖြစ်အောင် လုပ်ခြင်းက အကျိုးရှိတဲ့အလုပ်ဖြစ်ပါတယ်။ ဒါကြောင့် အခုဒီလိုတစ်ခဏလေးအချိန်မှာ ကျွန်မတို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီအချိန်လေးကို ငါတို့ ဘယ်လိုပုံစံနဲ့ သုံးမလဲဆိုတာကို ဆုံးဖြတ်ပြီး ကျွန်မတို့ သုံးနေပါတယ်။ အဲဒါကို ဒီနေ့အတွက်၊ ဒီအချိန်လေးအတွက် ကျွန်မတို့ ထိုက်ထိုက်တန်တန် လုပ်ခဲ့ပြီးဖြစ်ပါတယ်။ မနက်ဖြန် ဒီအချိန်ကိုယ်ဘာလုပ်နေမယ်ဆိုတာ ဘယ်သူမှ မသိကြပါဘူး။ ကိုယ့်မှာ ရည်ရွယ်ချက် တစ်မျိုးရှိရင်ရှိမယ်။ ကျွန်မတို့ မနက်ဖြန်အတွက် တစ်ရာ ရာခိုင်နှုန်း မှန်းဆပြီးလုပ်လို့ မရပါဘူး။ အခု လက်ရှိအချိန်ကိုသာ ကျွန်မတို့ ပိုင်ပါတယ်။ အဲဒီလိုပဲ စိတ်ထဲမှာ အမြဲထားစေချင်ပါတယ်။

ကျွန်မတို့ရဲ့ ပြည်သူတွေအားလုံးဟာ လက်ရှိ ကိုယ်ပိုင်တဲ့အချိန်၊ ကိုယ်ပိုင်နေတုန်း အချိန်ကာလမှာ ကောင်းဆုံးဖြစ်အောင် လုပ်မယ်ဆိုတဲ့စိတ်ကို ထားစေချင်ပါတယ်။ ဒါပေမယ့် အဲဒီလို ကိုယ့်အတွက် လုပ်တယ်ဆိုတဲ့ အချိန်အတွင်းမှာ နည်းနည်းလေး နိုင်ငံ့အတွက်ထည့်ပြီး စဉ်းစားစေချင်ပါတယ်။

ပြည်သူတွေအားလုံးက တစ်ယောက်ချင်း တစ်ယောက်ချင်း အနေနဲ့ တစ်နေ့ကို နိုင်ငံ့အတွက် နည်းနည်းလေး စဉ်းစားပေးမယ်ဆိုရင် သန်းငါးဆယ်ကျော်သော ပြည်သူတွေရဲ့ နိုင်ငံ့အတွက် စဉ်းစားတဲ့ အင်အားတွေကို စုပေါင်းလိုက်မယ်ဆိုရင် ဘယ်လောက်ဖြစ်လာမလဲဆိုတာကို စဉ်းစားကြည့်ပါ။ ဒါကြောင့် ကိုယ့်ရဲ့ တိုးတက်ရေးအတွက် ကိုယ်လုပ်ပါ။ ဒါအားလုံးရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့် ဖြစ်ပါတယ်။ ကျွန်မတို့ အစိုးရကလည်း ပြည်သူတွေ တစ်ယောက်ချင်း တစ်ယောက်ချင်း တိုးတက်ရေးအတွက် တတ်နိုင်သမျှ ကူညီပါမယ်။ တစ်ချိန်တည်းမှာ ကျွန်မတို့ နိုင်ငံအတွက်ဆိုပြီး တစ်နေ့ကို နည်းနည်းလေး စဉ်းစားတဲ့အလေ့အကျင့်လေးကို တော့ လုပ်ယူကြပါ။ နည်းနည်းလေးပါ များများကြီး မဟုတ်ပါဘူး။

ငါတို့လည်း ပိုသာတဲ့အခြေအနေ ရောက်အောင်လုပ်မယ်

နိုင်ငံအတွက် ငါတို့တွေ ဘာလုပ်ပေးနိုင်မလဲဆိုပြီး ကိုယ်တတ်နိုင်သလောက် စဉ်းစားပေးစေချင်ပါတယ်။ ဒီပရိသတ်ထဲမှာ ထိုင်းနိုင်ငံကို ရောက်ဖူးတဲ့သူတွေများပြီး အားကျကြပါတယ်။ ဒါကို အားကျရုံနဲ့ မပြီးဘူး၊ ငါတို့လည်း ဒီလိုအခြေအနေထက် ပိုပြီးသာတဲ့အခြေအနေကို ရောက်အောင်လုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်တွေ ချရပါမယ်။ ကိုယ့်ရဲ့နိုင်ငံကို တိုးတက်စေချင်လို့ပါ။

ကိုယ့်အရည်အချင်း အကောင်းဆုံးဖြစ်အောင်ကြိုးစား

အဲဒီတော့ ကျွန်မတို့က တခြားသူတွေကို ပြိုင်တာထက် ကိုယ့်ဟာကိုယ် ပြန်ပြီးပြိုင်တာက အရေးကြီးတယ်ဆိုပြီး ပညာရှင်တွေ ပြောပါတယ်။ ကိုယ့်ဟာကိုယ် ပြိုင်နေတဲ့ ပြိုင်ပွဲမှာ ကိုယ်ကနိုင်တယ်ဆိုရင် တခြားလူတွေအားလုံးကို နိုင်ပါပြီ။ ဒီတော့ ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံးဖြစ်အောင် အသုံးချပါ။ ကိုယ့်ရဲ့ အရည်အချင်းတွေကို အကောင်းဆုံးဖြစ်အောင် ကြိုးစားပါ။ အဲဒီလိုဆိုရင် ကျွန်မတို့နိုင်ငံ တိုးတက်မှာ သေချာပါတယ်။ ကျွန်မ ဒါကို လုံးဝ သံသယ မရှိပါဘူး။

ဒါကြောင့် အခုဒီအချိန်လေးမှာ ကြုံတုန်း ကျွန်မတို့ရဲ့ ပြည်သူတွေကို ပြောချင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် လျှော့မတွက်ပါနဲ့၊ အားမငယ်ပါနဲ့၊ တစ်ဖက်ကိုကြည့်ပြီး တခြားလူတွေကိုကြည့်ပြီး ငါတို့ ဒီလိုအခြေအနေ မရှိပါလားဆိုပြီး ဝမ်းနည်းမနေပါနဲ့၊ ငါတို့လည်း ငါတို့ အခြေအနေတွေကို တကယ်ကောင်းအောင်လို့ လုပ်မယ်။ ငါတို့နိုင်ငံဟာ တကယ့်ကို ငါတို့ ပြည်သူ ပြည်သားတွေ နေသင့်နေထိုက်တဲ့ နိုင်ငံ၊ နေလို့ကောင်းတဲ့ နိုင်ငံ၊ နေပျော်တဲ့ နိုင်ငံ၊ နေလို့လုံခြုံတဲ့ နိုင်ငံ ဖြစ်အောင်လုပ်မယ်ဆိုတဲ့ စိတ်ထားလေးနဲ့ ဆက်ပြီး ပြည်ထောင်စုရဲ့ အနာဂတ်ခရီးကို လက်တွဲပြီး လမ်းလျှောက်သွားမယ်ဆိုရင် အောင်မြင်မှာပါ။

ဒီတော့ ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားတွေအားလုံး တစ်ယောက်ကိုတစ်ယောက် မိတ်ဆွေများသဖွယ် စိတ်ထားကြပါ။ တစ်ယောက်နဲ့ တစ်ယောက် လက်တွဲမဖြုတ်တမ်း နိုင်ငံရဲ့အနာဂတ်ခရီးကို ဆက်ပြီးလျှောက်ကြပါ။ လျှောက်ကြတဲ့နေရာမှာလည်း အားလုံးဟာ ကျန်းကျန်းမာမာနဲ့ ချမ်းချမ်းသာသာနဲ့ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ကျွန်မအနေနဲ့ ဆုတောင်းမေတ္တာပို့ပါတယ်။ ကျေးဇူးတင်ပါတယ်” ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် လှိုင်းဘွဲ့မြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများအား မော်လမြိုင်လေဆိပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ကျူးကျော်ပြဿနာများကို အချိန်မဆိုင်းဘဲဆောင်ရွက်

တွေ့ဆုံရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေနှင့် လျှပ်စစ်ဓာတ်အားရရှိရေးတို့အတွက် လူထုတွေ့ဆုံပွဲများတွင် ပြည်သူများ၏တင်ပြချက်များကို အထူးဦးစားပေး ဆောင်ရွက်ပေးရန်၊ ပြည်နယ်အစိုးရများအနေဖြင့် စီမံကိန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရှိ၊ လူထုပါဝင်ပြီး နားလည်မှုရှိစွာဖြင့် ဆောင်ရွက်သွားရန်၊ မူးယစ်ဆေးဝါးပြဿနာများကို ပြည်ထဲရေးအနေဖြင့် အထူးအလေးထားဆောင်ရွက်ရန်နှင့် ပြည်နယ်အစိုးရများ အနေဖြင့်လည်း ကျောင်းသား၊ ဆရာ၊ မိဘပူးပေါင်းပြီး ဘက်စုံပညာပေးလျှောချသွားရန်နှင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန်၊ ကျူးကျော်ပြဿနာများကို အချိန်မဆိုင်းဘဲ ဥပဒေနှင့်အညီ ချက်ချင်းကိုင်တွယ်ဆောင်ရွက်သွားရန်မှာကြားပြီး ပြည်နယ်အစိုးရများ၏ လိုအပ်ချက်တင်ပြမှုများကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် မော်လမြိုင်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **သတင်းစဉ်**

တွေ့ဆုံမှာကြား

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မော်လမြိုင်လေဆိပ် အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများအား တွေ့ဆုံမှာကြားစဉ်။ သတင်းစဉ်

ကူဝိတ်နိုင်ငံ (၅၉)နှစ်မြောက် အမျိုးသားနေ့နှင့် (၂၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကူဝိတ်နိုင်ငံ၏ (၅၉)နှစ်မြောက် အမျိုးသားနေ့နှင့် (၂၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကို ယနေ့ည ၇ နာရီ တွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဧနီးတို့ တက်ရောက်ကြသည်။

နိုင်ငံတော်သီချင်းများဖြင့် အခမ်းအနားဖွင့်

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ကူဝိတ်နိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင် ဖွင့်လှစ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Adel M F A Al Adghan တို့က ကူဝိတ်နိုင်ငံ၏ (၅၉)နှစ်မြောက် အမျိုးသားနေ့နှင့် (၂၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။ **(ယာပုံ)**

စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့် ဧနီး၊ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံရုံးယာယီတာဝန်ခံတို့က တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံရုံးယာယီတာဝန်ခံက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဧနီး၊ ရန်ကုန်တိုင်းဒေသကြီးလွတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သတင်းစဉ်

❑ *ကျောဖိုးမှ*

ဖေဖော်ဝါရီ ၂၅ ရက် ည ၈ နာရီအထိ လူနာ တစ်ဦးအား သက်ဆိုင်ရာ ဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။ လူနာများ၏ ဓာတ်ခွဲအဖြေများရရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်သွားမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများနှင့် ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း (Influenza Like Illness – ILI/ Severe Acute Respiratory Illness –SARI surveillance) များအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး COVID–19 ရောဂါပိုး ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးမှုများကိုလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (NHL) တွင် လုပ်ဆောင်နိုင်နေပြီဖြစ်ပါသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီးသို့ ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၄ ရက်အထိ နမိုးနီးယားအဆုတ်ရောင်ရောဂါဖြင့် တက်ရောက်ကုသမှုခံယူနေသော လူနာများအနက် အခြားနိုင်ငံများသို့ ခရီးသွား ရာဇဝင်နှင့် COVID–19 ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့မှုများမရှိခဲ့သော်လည်း ပိုမိုသေချာစေရေး COVID–19 ရောဂါ ကူးစက်ခံရခြင်း ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးရန်အတွက် အသက် ၁၈ နှစ်အရွယ်၊ အသက် ၄၃ နှစ်နှင့် အသက် ၄၆ နှစ် အရွယ် အမျိုးသားလူနာ သုံးဦးတို့ထံမှ ဓာတ်ခွဲနမူနာရယူ၍ ဖေဖော်ဝါရီ ၂၅ ရက်တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (NHL) သို့ ပေးပို့စစ်ဆေးခဲ့ရာ ၎င်းတို့အားလုံးတွင် ရောဂါပိုးမတွေ့ရှိရကြောင်းနှင့် လူနာများအား လိုအပ်သော ဆေးကုသမှုများပေးလျက်ရှိကြောင်း သိရှိရသည်။

ဖေဖော်ဝါရီ ၂၅ ရက်အထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့ အပါအဝင် ကမ္ဘာ့နိုင်ငံ ၃၀ တွင် COVID–19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေး အသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်ထားကြောင်း သိရသည်။

မြန်မာ့အလင်း

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union- MPU) အစည်းအဝေး (၁/၂၀၂၀) ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union– MPU) အစည်းအဝေး (၁/၂၀၂၀) ကို ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က လွှတ်တော် အသီးသီးအနေဖြင့် ယခုသက်တမ်းအတွင်း ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည့် လုပ်ငန်းများကို အားလုံးပြီးစီးအောင် ဆောင်ရွက်နေကြသည်ဟု ယုံကြည်ပါကြောင်း၊ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ် လွှတ်တော်များအကြား တွင်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ တစ်ခုနှင့် တစ်ခုအကြားတွင် လည်းကောင်း ဆက်သွယ် ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာပြီး Institution တစ်ခုကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union– MPU) အစည်းအဝေး (၁/၂၀၂၀) ကျင်းပစဉ်။ သတင်းစဉ်

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (MPU) ကို လွှတ်တော်များ ပိုမိုအားကောင်းလာရန်နှင့် လွှတ်တော်ဆိုင်ရာ အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းနိုင်စေရန် ရည်ရွယ်၍ ဖွဲ့စည်း ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဒီမိုကရေစီစနစ် ပြုပြင်ပြောင်းလဲမှုတိုးတက်ရေးတွင် လွှတ်တော်များ ခိုင်မာအားကောင်းရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်က အစည်းအဝေး (၁/၂၀၁၉) ဆုံးဖြတ်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများက လွှတ်တော်ရေးရာကိစ္စရပ်များနှင့် လွှတ်တော်အလိုက် ကြုံတွေ့ရသည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ရုံးအဖွဲ့မှူး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီး၊ ပြည်နယ် လွှတ်တော်ရုံးများနှင့် စပ်လျဉ်းပြီး ရုံးလုပ်ငန်းနှင့် ဝန်ထမ်းရေးရာကိစ္စတို့ကို ရှင်းလင်းတင်ပြပြီးနောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

◆ *ကျောဖုံးမှ*

သဘောထားရှိသောကြောင့် ပြည်သူ့အကျိုး၊ တိုင်းရင်းသားများ အကျိုးကို မျှော်ကိုးပြီး ရှေ့တစ်ဆင့်တိုးရန်အတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်တွင် ကိုယ်စားလှယ် စုစုပေါင်းသည် ၆၅၄ ဦးသာရှိပြီး ၇၅ ရာခိုင်နှုန်းကျော်ရန် ၄၉၁ ဦးက ထောက်ခံရန် လိုအပ်သည်ဟု တွက်ချက်ထားမှုရှိသည့်အတွက် ညီညွတ်မှုစိတ်ဓာတ်ဖြင့် ပကတိလိုအပ်ချက်အရ ပြင်ဆင်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း က ပြင်ဆင်ရေးပူးပေါင်းကော်မတီက ပြင်ဆင်ရန်တင်ပြထားသည့် ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) ပုဒ်မ ၁ မှ ၄၈ အထိ၊ အခန်း(၂) ပုဒ်မ ၄၉ မှ ၅၆ အထိ၊ အခန်း(၃) ပုဒ်မ ၅၉ ၊ ၆၀၊ အခန်း (၄) ပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁၊ အခန်း(၅) ပုဒ်မ ၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း(၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၂၄၊ ၃၂၀၊ အခန်း(၁၁) ပုဒ်မ ၄၁၀ မှ ၄၃၂ အထိ၊ အခန်း(၁၂) ပုဒ်မ ၄၃၆တို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုပါက ရွေးကောက်တင်မြှောက်ခံ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ သုံးပုံ နှစ်ပုံကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးသူ အားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဆိုသည့် ပြင်ဆင်ချက်နှင့် ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)တွင် ပုဒ်မ ခွဲ(က)တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ရွေးကောက်တင်မြှောက်ခံ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ သုံးပုံ နှစ်ပုံကျော်၏ ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဆိုသည့် ပြင်ဆင်ချက်သည် နိုင်ငံသူ နိုင်ငံသားများအတွက် ပိုမိုကောင်းမွန်သည့် အကျိုးစီးပွားများ ဖြစ်ထွန်းလာစေနိုင်သည့်အတွက် လျော်ကန်သင့်မြတ်ပါကြောင်း ဆွေးနွေးသည်။

ဒီမိုကရေစီစနစ်နှင့် ထိုက်တန်သည့် စည်းကမ်းရှိမှု၊ ဥပဒေကို လေးစားလိုက်နာမှုတို့ အထူးလိုအပ်

တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ထက်လင်း က ဒီမိုကရေစီဖော်ဆောင်ရာတွင် အဓိကနှောင့်ယှက်ဟန့်တားမှုသည် စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေကို လေးစားလိုက်နာမှုအားနည်းခြင်းတို့ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအားကောင်းလာစေရေးအတွက် ဒီမိုကရေစီစနစ်နှင့် ထိုက်တန်သည့် စည်းကမ်းရှိမှု၊ ဥပဒေကို လေးစားလိုက်နာမှုတို့ အထူးလိုအပ်ပါကြောင်း၊ နိုင်ငံတော်တွင် မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ ရှိနေမည်ဖြစ်ပြီး စည်းကမ်းဆိုသည်မှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် လမ်းညွှန်ဖြစ်ပါကြောင်း၊ စည်းကမ်းမရှိသည့် ဒီမိုကရေစီကျင့်သုံးမှုကို မိမိတို့နိုင်ငံတွင် မဖြစ်ထွန်းစေရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည့်အတွက် ပုဒ်မ ၆ ပုဒ်မခွဲ(ဃ) နှင့် ပုဒ်မ ၇ တို့ကို မူလအတိုင်းထားရှိရန် ဆွေးနွေးလိုပါကြောင်း။

လက်ရှိကာလတွင် မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နေချိန်ဖြစ်ပြီး ပြည်သူများလိုလားတောင့်တနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို တည်ဆောက်ရန် ကြိုးစားနေသကဲ့သို့ တစ်ဖက်တွင်လည်း ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်လိုသည့် ခေတ်သစ်ကိုလိုနီများနှင့် ၎င်းတို့၏လက်ဝေခံ ပြည်တွင်းပြည်ပပုဆိန်ရိုးများကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပြန်လည်မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်နေရသည့် အခြေအနေဖြစ်ပါကြောင်း၊ ထိုအခြေအနေတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကို လျှော့ချလိုက်မည်ဆိုပါက မလိုလားအပ်သည့် ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ် လာနိုင်ပါကြောင်း၊ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းသာယာရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားပြည်သူများအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဂရုပြုဦးတည်ဆောင်ရွက်ရမည့် အချိန်အခါဖြစ်သည့်အတွက် ပုဒ်မ ၁၄ အား ပြင်ဆင်ရန်မသင့်ပါကြောင်းနှင့် မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း

တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီး အောင်ကျော်မိုး

ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း

မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် က ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းတွင်ပါရှိသည့် ဦးထွန်းထွန်းဟိန် ဦးဆောင်၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းထားသည့် ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က) ပြင်ဆင်ချက်ကို ထောက်ခံပါကြောင်း၊ ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က) ပြင်ဆင်ချက်သည် ပြည်သူ့ဆန္ဒဖြင့်လည်း ပြင်ဆင်နိုင်ခြင်း၊ ၂၀၁၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ ပုဒ်မ ၄ တွင် ပါဝင်သည့် ပြည်သူကိုအာဏာအပ်နှင်းထားသည့် အချက်နှင့်လည်း ကိုက်ညီခြင်း၊ ဒီမိုကရေစီစနှုန်းများနှင့်လည်း ကိုက်ညီမှုရှိခြင်း၊ ပြည်သူအာဏာရှိ သည်ဆိုသည့်အချက်ကို လက်တွေ့သက်သေပြရာ ရောက်မည်ဖြစ်သည့်အတွက် ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးသည်။

အတွေးအခေါ်၊ ရပ်တည်ချက်၊ စဉ်းစားတွေးခေါ်ချက်များသည် နိုင်ငံတကာ၏ အတွေးအခေါ်၊ အမြင်များနှင့် သဟဇာတဖြစ်နေရန် လိုအပ်

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း က ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပုဒ်မ ၆ ပုဒ်မခွဲ (ဃ)တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ထွန်းကားရေး အစား စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးဟု ဦးထွန်းထွန်းဟိန်က ပြင်ဆင်ထားသည်ကို ထောက်ခံပါကြောင်း၊ အလားတူ ပုဒ်မ ၇ နှင့် ပုဒ်မ ၃၉ တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် အစား စစ်မှန်သော ပါတီစုံဒီမိုကရေစီ စနစ်ဟု ပြင်ဆင်ထားသည်ကိုလည်း ထောက်ခံပါကြောင်း၊ ၂၁ ရာစု၏ ဒုတိယဆယ်စုနှစ် ရောက်နေပြီဖြစ်သည့် ယခုကာလတွင် နိုင်ငံအချင်းချင်း၊ လူ့အဖွဲ့အစည်းအချင်းချင်း စက္ကန့်မခြား ကမ္ဘာ့ရွာကြီးတွင် တစ်ဆက်တစ်စပ်တည်း ဖြစ်နေသည့်အတွက် အတွေးအခေါ်၊ ရပ်တည်ချက်၊ စဉ်းစားတွေးခေါ်ချက်များသည် နိုင်ငံတကာ၏ အတွေးအခေါ်၊ အမြင်များနှင့် သဟဇာတဖြစ်နေရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီ၏ စံနှုန်း၊ ကမ္ဘာတွင် အများလက်ခံကြသည့် အတွေးအခေါ်၊ စံနှုန်းများနှင့် ကိုက်ညီရန် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို သုံးသပ်ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး အောင်ကျော်မိုး က ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများ၏ ပြင်ဆင်ချက်ဇယား နောက်ဆက်တွဲ (စျ – ၂) ပါပုဒ်မ ၁၇၂ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၁၈၈၊ ပုဒ်မ ၁၉၆ တို့နှင့် ပတ်သက်၍ ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ပုဒ်မ ၁၈၈နှင့် ပုဒ်မ ၁၉၆ တို့ကို ပြင်ဆင်မည်ဆိုပါက ယင်းပုဒ်မများနှင့် ဆက်စပ်နေသည့် အခန်း(၅) ပုဒ်မ ၂၅၄ ပုဒ်မခွဲ(က) ပုဒ်မ ၂၅၅၊ ပုဒ်မ ၂၇၆ ပုဒ်မခွဲ (ခ) တို့နှင့် ရှေ့နောက်ညီညွတ်မှု လျော့ရဲပြီး နားလည် သဘောပေါက်မှုကွဲလွဲသွားစေနိုင်ပါကြောင်း၊ ထို့ကြောင့် ဥပဒေမူကြမ်း ပြင်ဆင်ချက်ဇယား နောက်ဆက်တွဲ (စျ– ၂)ပါ ပုဒ်မ ၁၇၂ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၈၈နှင့် ပုဒ်မ ၁၉၆ တို့ကို မူလပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းအတွင်းမှ ဦးထွန်းထွန်းဟိန်အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းထားသည့် ဥပဒေမူကြမ်း ပုဒ်မ ၂၆၂ ပုဒ်မခွဲ (ဃ) အပိုဒ်ခွဲငယ်(၂)၊ ပုဒ်မ ၂၆၄ ပုဒ်မခွဲ(ခ) အပိုဒ်ခွဲငယ်(၂)၊ ပုဒ်မ ၂၈၅ ပုဒ်မခွဲ(က) အပိုဒ်ခွဲ ငယ်(၄)၊ ပုဒ်မ ၂၈၅ ပုဒ်မခွဲ(စ) တို့၏ ပြင်ဆင်ချက်များအပေါ်တွင် ထောက်ခံပါကြောင်း၊ ဥပဒေတစ်ရပ်ကို လေ့လာစိစစ်ရာတွင် နိုင်ငံရေးစနစ်အရ ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည့် အချက်ကို မဖြစ်မနေလေ့လာစိစစ်ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံတွင်ရှိသည့် မဲပေးပိုင်ခွင့်ရှိသူအပါအဝင် နိုင်ငံသားများ အားလုံးသည် လူတစ်ဦးတစ်ယောက်၊ အစုအဖွဲ့တစ်ခုတည်းကို ယုံကြည်ကိုးစားသည်မှာ လက်တွေ့မကျပါကြောင်း၊ လက်တွေ့ကျသည်မှာ လောကပါလတရားကို

စာမျက်နှာ ၉ သို့

အမျိုးသားလွတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး"Myanmar National Symphony Orchestra Concert 2020" ဖျော်ဖြေပွဲသို့ တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ဂီတစာဆိုတီးဝိုင်းခေါင်းဆောင် Mr. Yunosuke Yamamoto (Conductor & Composer) ဦးဆောင်သော ဂျပန်အနုပညာရှင်များ ပူးပေါင်းဖျော်ဖြေတင်ဆက်သည့် "Myanmar National Symphony Orchestra Concert 2020" ဖျော်ဖြေပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန -၂ ၌ကျင်းပရာ အမျိုးသားလွတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး နန့်ကြင်ကြည်တို့ တက်ရောက်အားပေးသည်။

အမျိုးသားလွတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး နန့်ကြင်ကြည်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ "Myanmar National Sym-phony Orchestra Concert 2020" ဖျော်ဖြေပွဲကို တက်ရောက်အားပေးစဉ်။

အဆိုပါ ဂန္ဓဝင်ဂီတဆည်းဆာ ဖျော်ဖြေပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံမှူးကြီးနှင့် နိုင်ငံတကာသံတမန်များ၊ ဝန်ထမ်းဓိသားစုများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တေးဂီတချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဖျော်ဖြေပွဲကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းသံစဉ်တေးသွားနှင့် ဂျပန်နိုင်ငံ နိုင်ငံတော်သီချင်း သံစဉ်တေးသွားတို့ကို တီးခတ်ပြီး စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ဂီတစာဆိုတီးဝိုင်းခေါင်းဆောင် Mr. Yunosuke Yamamoto (Conductor & Composer) ဦးဆောင်သည့် ဂျပန်အနုပညာရှင်များ ပူးပေါင်း၍ Emperor၊ From the New World၊ Trumpeter's Lullaby ၊ Fiddle – Faddle ၊ Pomp and Cir-cumstance၊ Home Sweet Home စသည့် အနောက်တိုင်း တေးသွားများနှင့် ဂန္ဓဝင်သံစဉ် တေးသွားများကို လည်းကောင်း၊ လူချွန်လူကောင်း၊ ဘယ်ပန်းချီရေးလို့မမှီ၊ မန်းတောင်ရိပ်ခိုစသည့် မြန်မာသံစဉ်တေးသွားများကို လည်းကောင်း တီးမှုတ်ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုပန်းစည်း ပေးအပ်

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် အမျိုးသားလွတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဂျပန်နိုင်ငံမှ ဂီတစာဆိုတီးဝိုင်းခေါင်းဆောင် Mr. Yunosuke Yamamoto ကို ဂုဏ်ပြုပန်းစည်းပေးအပ်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်က ဂျပန်နိုင်ငံမှ ဂီတစာဆို တီးဝိုင်းခေါင်းဆောင်၏ ဇနီး စန္ဒရားပညာရှင် Mrs. Kyoko Yamamoto ကို ဂုဏ်ပြုပန်းစည်းပေးအပ်သည်။

ထို့နောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဂျပန်ဂီတပညာရှင်များအဖွဲ့ကို လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့ကို လည်းကောင်း ဂုဏ်ပြုပန်းစည်းနှင့် ပန်းခြင်းများ ပေးအပ်သည်။

စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

ယင်းနောက် အမျိုးသားလွတ်တော်ဥက္ကဋ္ဌနှင့် ဇနီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များသည် ဖျော်ဖြေတင်ဆက်သွားကြသည့် ဂီတပညာရှင်များနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

"Myanmar National Sym-phony Orchestra Concert 2020" ဖျော်ဖြေပွဲကိုဖေဖော်ဝါရီ ၂၀ ရက်တွင် ရန်ကုန်မြို့ Novotel ဟိုတယ်၌ ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ယခုဖျော်ဖြေမှုသည် ဒုတိယကြိမ် ပူးပေါင်းဖျော်ဖြေတင်ဆက်မှုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၈ မှ

အခြေခံပြီး လုံခြုံအေးချမ်းဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး၏ နိုင်ငံသားများသာ ဖြစ်ချင်သည်ဆိုသည့် ဆန္ဒနှင့် မျှော်လင့်ချက်မှာ အတူတူပင်ဖြစ်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ ထို့အတူ ပြည်သူများအတွင်းမှ ပြည်သူများပင်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားမျှတရေးနှင့် တန်းတူညီမျှ အခွင့်အရေးများ ရရှိစေရန်အတွက် ဥပဒေပြဋ္ဌာန်းချက်များကို ပြင်ဆင်သည့်အခါတွင် ဉာဏ်အမြော်အမြင် ကြီးမားစွာဖြင့် ပြည်သူကို မျက်နှာမူပြီး ပြည်သူ့ပန်းတိုင်ကို ညီညီညွတ်ညွတ်ဖြင့် ချီတက်ကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ဥပဒေကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစိုင်းသန်းနိုင်၊ တပ်မတော်သားအမျိုးသားလွတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် အောင်ဇော်ဦး၊ တပ်မတော်သားအမျိုးသားလွတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းထိုက်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး၊ တပ်မတော်သားအမျိုးသား လွတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး အောင်လွင်၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်နှင့် သာကေတ မဲဆန္ဒနယ်မှ ဒေါက်တာ ဝေဖြိုးအောင်တို့က ဆက်လက်ဆွေးနွေးကြသည်

ဒုတိယအကြိမ် ပြည်ထောင်စုလွတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ အေးအေးသန့်**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ICRC ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အားလက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် International Committee of the Red Cross (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Stephan Saka-lian အား ယနေ့နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာဝုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းတာဝန်များ၊ အထူးသဖြင့် မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ ပါဝင်လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဥပဒေအရာရှိများအတွက် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် စပ်လျဉ်းသည့် အရည်အသွေးမြှင့်တင်ခြင်းဆိုင်ရာကိစ္စ၊ ICRC နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီသည် နိုင်ငံသားများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရနိုင်ငံသားများ၏ အခွင့်အရေးကို မှန်ကန်မျှတစွာ ရရှိခံစားနိုင်စေရန် လိုအပ်ပြီး နိုင်ငံသားများ၏ ရပိုင်ခွင့်များနစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် နိုင်ငံသားတစ်ဦးချင်းစီ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိရာ အဆိုပါကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ရပါသည် - *(စာတည်းအဖွဲ့)*

နိုင်ငံသူ နိုင်ငံသားတိုင်း ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ မနစ်နာ မဆုံးရှုံးစေဖို့အတွက် အဓိကထားပြီး ဆောင်ရွက်နေပါတယ်။

ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် (အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့် အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး)

တွေ့ဆုံမေးမြန်း - နန္ဒာဝင်း

အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

နိုင်ငံသားများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရနိုင်ငံသားများ၏ အခွင့်အရေးကို မှန်ကန်မျှတစွာ ရရှိခံစားနိုင်စေရန် လိုအပ်ပြီး နိုင်ငံသားများ၏ ရပိုင်ခွင့်များနစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် နိုင်ငံသားတစ်ဦးချင်းစီ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန် ရည်ရွယ်လျက် အမျိုးသားလွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၇(ဂ)အရ ဖွဲ့စည်းခဲ့သည်။

ကော်မတီသည် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ စွမ်းဆောင်ရည် မြင့်မားရေးအတွက်လည်းကောင်း၊ အမေရိကန်သံရုံးမှ လူ့အခွင့်အရေး၊ ဘာသာရေး၊ ပြည်တွင်းပဋိပက္ခများနှင့် လူမှုအဖွဲ့အစည်းကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် လည်းကောင်း၊ စီးပွားရေးကဏ္ဍ၌ စီးပွားရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများအကြား တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးအတွက်လည်းကောင်း တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သည်။

ထို့အတူ အကျဉ်းသားများ၏ လူ့အခွင့်အရေးအခြေအနေများကို လေ့လာသိရှိရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အကျဉ်းထောင်များသို့ သွားရောက်၍ အကျဉ်းသားများနှင့်တွေ့ဆုံကာ အကျဉ်းသားများ၏ လူ့အခွင့်အရေးအခြေအနေများနှင့် စစ်ဆေးတွေ့ရှိချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြံပြုပေးပို့ခဲ့သည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်ရှိ ကျားဖောင် လုပ်ငန်းများသို့လည်း သွားရောက် ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည့် အပြင် ကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အခါအားလျော်စွာ အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ဆွေးနွေးခြင်း၊ ရက်တိုသင်တန်းများ တက်ရောက်ခြင်း၊ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးသွားရောက်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

ဒေါက်တာ ဌေးကြွယ်
ကော်မတီဥက္ကဋ္ဌ

ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်
ကော်မတီ အတွင်းရေးမှူး

“ကော်မတီသည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက်လည်းကောင်း၊ အမေရိကန်သံရုံးမှ လူ့အခွင့်အရေး၊ ဘာသာရေး၊ ပြည်တွင်းပဋိပက္ခများနှင့် လူမှုအဖွဲ့အစည်းကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် လည်းကောင်း၊ စီးပွားရေးကဏ္ဍ၌ စီးပွားရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများအကြား တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးအတွက် လည်းကောင်း တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့”

မေး ။ ။ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့ လုပ်ငန်းတာဝန်တွေကိုရှင်းပြပေးပါဦး။

ဖြေ ။ ။ ကျွန်တော်တို့ကော်မတီအနေနဲ့အမျိုးသားလွှတ်တော်က တာဝန်ပေးအပ်တဲ့ လုပ်ငန်းတာဝန်တွေနဲ့ လုပ်ပိုင် ခွင့်တွေအတွင်းက ကော်မတီရဲ့ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ အဲဒီအထဲက အဓိကကျတဲ့ အချက်ကိုပြောရရင် နိုင်ငံသားတိုင်း တရားမျှတမှုနဲ့ တန်းတူညီမျှတဲ့ အခွင့်အရေးရရှိဖို့ ဖြစ်ပါတယ်။ ပြောရရင် နိုင်ငံသူ နိုင်ငံသားတိုင်းဟာ နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေအရ ရသင့် ရထိုက်တဲ့ အခွင့်အရေး အပြည့်အဝ ရရှိဖို့ပဲ ဖြစ်ပါတယ်။

နိုင်ငံသားတွေအနေနဲ့ လူ့အခွင့်အရေး ချိုးဖောက်ခံရတဲ့အတွက် တိုင်ကြားစာတွေ၊ အသနားခံစာတွေ၊ တင်ပြချက်တွေကို ကော်မတီအနေနဲ့ လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်အရ ဆောင်ရွက်နိုင်ပါတယ်။ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ချက်တွေကို လွှတ်တော်ဥက္ကဋ္ဌကတစ်ဆင့် လွှတ်တော်မှာ တင်ပြအစီရင်ခံခွင့်ရှိပါတယ်။ ဒါကတော့ လုပ်ငန်းတာဝန်တွေထဲက အဓိကအချက်ကို ပြောကြားခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုက ကော်မတီရဲ့ လုပ်ပိုင်ခွင့်တွေကို ပြောရမယ်ဆိုရင် လူ့အခွင့်အရေးချိုးဖောက်ခံရတယ်လို့ သံသယရှိရင် ဖိတ်ကြားပြီး ဆွေးနွေးနိုင်သလို အခင်းဖြစ်တဲ့နေရာကိုလည်း ကွင်းဆင်းမေးမြန်းဆွေးနွေး နိုင်ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးဟောပြောတာတွေကိုလည်း လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ တက်ရောက်နိုင်ပါတယ်။

ကျွန်တော်တို့ကော်မတီအနေနဲ့ ကော်မတီရဲ့ လုပ်ငန်းတာဝန်နဲ့ လုပ်ပိုင်ခွင့်အတွင်းက အတတ်နိုင်ဆုံး နိုင်ငံသားတွေရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေးတွေကို ဖွံ့ဖြိုးအောင်ဆောင်ရွက်နေပါတယ်။

မေး ။ ။ ပြည်သူလူထုအနေနဲ့ မိမိတို့ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို သိရှိပြီး ခံစားရရှိနိုင်ပြီလား ဆရာ့အနေနဲ့ ဘယ်လိုထင်မြင်ပါသလဲ။

ဖြေ ။ ။ ပြည်သူလူထုအနေနဲ့ နိုင်ငံတော်က ပြဋ္ဌာန်းတဲ့ ဥပဒေ၊ နည်းဥပဒေတွေကို နားလည်သိရှိနိုင်ဖို့ လိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်တွေ၊ ဥပဒေတွေကို နိုင်ငံသူ နိုင်ငံသားတွေ လူထုတွေက သိရှိအောင် လေ့လာဖို့လိုသလို လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကိုလည်း သိရှိဖို့ လိုအပ်ပါတယ်။ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေဆိုတာလည်း ပြဋ္ဌာန်းထားတာ ရှိပြီးသားပါ။ မျှမျှတတ ရရှိဖို့ဆိုတာ တကယ်တမ်းဆိုရင် လူတိုင်းမှာ အခွင့်အရေး ရှိပါတယ်။ ကျွန်တော့်ရဲ့ သဘောထားပြောရရင် ပြည်သူတိုင်းက လူ့အခွင့်အရေးအပြည့်အဝ မရရှိသေးဘူးလို့ပဲ ထင်မြင်ပါတယ်။

မေး ။ ။ ကျားမ တန်းတူညီမျှရေးနဲ့ ပတ်သက်ရင်ရော ဘယ်လိုသုံးသပ်ပါသလဲ။

ဖြေ ။ ။ ကျားမ တန်းတူညီမျှရေးနဲ့ ပတ်သက်လို့ ဥပမာပြရမယ်ဆိုရင် ကျွန်တော်တို့ ချင်းလူမျိုးဟာ အမျိုးသမီးတွေ အမွေဆက်ခံခွင့်မရှိဘူး၊ ယောကျ်ားတွေက ဆက်ခံခွင့်ရတယ်။ ခုတော့ ဒါတွေအရင်ကလိုတော့ မဟုတ်တော့ပါဘူး။ အဲဒီတော့ ကျားမတန်းတူညီမျှတယ်လို့တော့ ပြောလို့ မရသေးဘူး။ ကျွန်တော့်ရဲ့ ခံယူချက်က ဒီလိုအရာတွေဟာ အရင်က ရှိခဲ့သော်လည်း အခုမရှိသင့်တော့ဘူး ထင်ပါတယ်။ ဒီနေ့ကမ္ဘာပေါ်မှာ အမျိုးသမီးတွေ ဝန်ကြီးချုပ်ဖြစ်တာ အများကြီးရှိတယ်။ တိုင်းပြည်ကို ဦးဆောင်တာတွေ အများကြီး ရှိတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း စံပြပုဂ္ဂိုလ်တွေ ရှိနေတာပဲ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ခံယူချက်က မိန်းကလေးဖြစ်လို့၊ ယောကျ်ားလေးဖြစ်လို့ဆိုပြီး မရှိသင့်ဘူး။ တန်းတူညီမျှရေးဆိုတာ အဓိကကိုယ်နဲ့ပဲ ဆိုင်ပါတယ်။ ကိုယ်ရဲ့ ခံယူချက်၊ ယုံကြည်ချက်၊ ဆုံးဖြတ်ချက်တွေက အဓိက ဖြစ်ပါတယ်။

မသန်စွမ်းနဲ့ ပတ်သက်တာတွေ၊ ကျားမ တန်းတူရေးနဲ့ ပတ်သက်တဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ အများကြီး ကျွန်တော်တို့ တက်နေရတဲ့အချိန်မှာ ကျားမတန်းတူမှု မရှိဘူးလို့ပြောတဲ့ အသံတွေလည်း ကြားနေရပါတယ်။

အဲဒါတွေ ပပျောက်စေဖို့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကလည်း သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ ဆောင်ရွက်နေကြတာတွေ ရှိပါတယ်။ ကျွန်တော့်အနေနဲ့တော့ ကျားမ တန်းတူညီမျှရေးနဲ့ ပတ်သက်ရင် တန်းတူညီတူ ရှိစေချင်ပါတယ်။ ခွဲခြားတဲ့ ဆန္ဒလည်းမရှိစေချင်သလို ကိုယ်ဘ၏ကလည်း မရှိပါဘူး။ လူလူချင်းမို့ အားလုံးတန်းတူပဲလို့ ခံယူပါတယ်။

မေး ။ ။ မသန်စွမ်းတွေ တန်းတူအခွင့်အရေးရဖို့အတွက်ရော ဆရာတို့ ကော်မတီအနေနဲ့ ဘာတွေဆောင်ရွက်နေတယ်ဆိုတာကိုလဲ ပြောပြပေးစေလိုပါတယ်။

ဖြေ ။ ။ အပြည်ပြည်ဆိုင်ရာမသန်စွမ်းနေ့တွေ၊ မသန်စွမ်းအခမ်းအနားတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေမှာ ကော်မတီကိုယ်စား တက်ရောက်ပါတယ်။ ပညာသင်ကြားခွင့်ဆိုတာလည်း အရင်ကထက် စာရင် ပညာသင်ကြားခွင့်တွေ အများကြီး ရလာတယ်။ နိုင်ငံတော်အနေနဲ့၊ သက်ဆိုင်ရာ ဌာနအနေနဲ့လည်း အခွင့်အလမ်းတွေ ဖန်တီးပေးပါတယ်။ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းလုပ်ဆောင်နေတာတွေလည်း ရှိပါတယ်။

သူတို့ရဲ့ အသက်ရှင်ရပ်တည်မှုအတွက် အခွင့်အလမ်းတွေ ဖန်တီးပေးဖို့လည်း လိုအပ်ပါတယ်။ သူတို့တွေရဲ့ အခွင့်အလမ်းတွေ ဥပဒေဘောင်ရဲ့အတွင်းမှာ အပြည့်အဝ ရရှိစေချင်ပါတယ်။ မသန်စွမ်း အဖွဲ့တွေနဲ့ လည်း ကျွန်တော်တို့ကော်မတီက မကြာခဏတွေ့ဆုံတာတွေ ရှိပါတယ်။ သူတို့ တင်ပြချက်တွေလည်းမကြာခဏ နားထောင်ပါတယ်။

စာမျက်နှာ ၁၁ သို့

အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီညီလှိုင်းအစည်းအဝေးကျင်းပနေစဉ်။

နိုင်ငံတော်နှင့်ပြည်သူ့အကျိုးရှေးရှု လွတ်တော်များ၏ဖော်ဆောင်မှု

စာမျက်နှာ ၁၀ မှ

အဲဒီလို တွေ့ရှိချက်တွေကို လွတ်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်တို့က အစီရင်ခံစာ တင်ပါတယ်။ ကျွန်တော်တို့ အနေနဲ့ကော်မတီရဲ့ လုပ်ပိုင်ခွင့်တာဝန်ထဲက ဆောင်ရွက်တာ ဖြစ်ပါတယ်။

ကျွန်တော်တို့နဲ့ တွေ့ဆုံတိုင်းမှာလည်း သူတို့ဘဝမှာ စိတ်ချမ်းသာစွာ အသက်ရှင်ရပ်တည်ဖို့ နိုင်ငံတော်က ဘယ်လိုဖန်တီးပေးနိုင်မလဲဆိုတာပဲ စဉ်းစားပါတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့ မသန်စွမ်းတွေရဲ့ အခွင့်အရေးတွေ အပြည့်အဝရရှိဖို့ ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။

မေး ။ ။ ကျားဖောင်လုပ်ငန်းတွေကို သွားရောက် ကွင်းဆင်းစစ်ဆေးခဲ့ရာမှာ တွေ့ရှိရတဲ့အချက်တွေကိုလည်း သိရှိလိုပါတယ်။

ဖြေ ။ ။ ကျားဖောင်လုပ်ငန်းတွေကို သွားရောက်ကွင်းဆင်းတာက မကြာခင်က ဖြစ်ပွားခဲ့တဲ့ ကိစ္စတွေလည်းရှိတော့ လွတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ သွားရောက်တာ ဖြစ်ပါတယ်။ ဖျာပုံမြို့နယ်မှာရှိတဲ့ ရွာတော်တော်များများကို သွားရောက်ပါတယ်။ အဓိကကတော့ လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံတာ ဖြစ်ပါတယ်။

အလုပ်သမားတွေကတော့ မိုင်ပေါင်း ၃၀ ဝန်းကျင်လောက်ဝေးတဲ့ ပင်လယ်ထဲမှာ ရှိတဲ့အတွက် မသွားနိုင်ခဲ့ဘူး။ အဲဒီတော့ ခရိုင်အဆင့်၊ မြို့နယ်အဆင့်က သက်ဆိုင်ရာ ဌာနတွေနဲ့ တွေ့ဆုံတယ်။ ဌာနတွေရဲ့ တင်ပြချက်တွေကိုလည်း မှတ်ထားပါတယ်။ ကွင်းဆင်းစစ်ဆေးပြီး တင်ပြချက်တွေ၊ တွေ့ရှိချက်တွေကို အစီရင်ခံစာတင်မှာ ဖြစ်ပါတယ်။

ပြောချင်တာကတော့ နိုင်ငံသူ နိုင်ငံသားတိုင်းရသင့်ရထိုက်တဲ့အခွင့်အရေးတွေ မနစ်နာ မဆုံးရှုံးစေဖို့အတွက် အဓိကထားပြီး ဆောင်ရွက်နေပါတယ်။ လုပ်ငန်းရှင်တွေလည်း ဥပဒေဘောင်အတွင်းက သူတို့ရဲ့ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တွေ၊ လိုင်စင်တွေ ရရှိနိုင်ဖို့၊ နိုင်ငံတော်ကလည်း အခွန်အခတွေ ရရှိဖို့ လုပ်ငန်းရှင်၊ အလုပ်သမားတွေပါ ဥပဒေရဲ့အောက်မှာ တန်းတူညီမျှတဲ့ လူ့အခွင့်အရေးရရှိဖို့အတွက် ကျွန်တော်တို့ ကော်မတီက အဓိကထား ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီမှာ တွေ့ရှိချက်တွေကို ကျွန်တော်တို့ ကော်မတီအနေနဲ့ လွတ်တော်မှာ အစီရင်ခံစာတင်ဖို့ ဆောင်ရွက်နေပါတယ်။

အကျဉ်းထောင်တွေကို သွားရောက် စစ်ဆေးတဲ့အခါမှာလည်း တွေ့ရှိချက်တွေကို လွတ်တော်ကို အစီရင်ခံစာတင်ပါတယ်။ အဲဒီကနေတစ်ဆင့် သက်ဆိုင်ရာဌာနတွေကို ပြန်လည်ပေးပို့ ဆောင်ရွက်ပါတယ်။ ပူးပေါင်းဆောင်ရွက်စရာရှိရင်လည်း ကျွန်တော်တို့ ကော်မတီအနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

မေး ။ ။ တိုင်စာတွေနဲ့ ပတ်သက်ပြီးတော့ လည်းပြောပြပေးစေလိုပါတယ်။

ဖြေ ။ ။ တိုင်ကြားစာနဲ့ ပတ်သက်လာရင် ဆုံးရှုံးတယ်၊ နစ်နာတယ်လို့ ခံယူတဲ့ နိုင်ငံသားတွေရဲ့ တိုင်ကြားစာတွေ ဒီနေ့အထိ အစောင်ရေ ၁၀၈၀ ရှိပါတယ်။ အမှန်တကယ် နစ်နာဆုံးရှုံးတာတွေကို စိစစ်ပြီး အစောင်ရေ ၆၉၀ ကို ကော်မတီအနေနဲ့ စစ်ဆေးဆောင်ရွက်ပေးခဲ့ပါတယ်။

အမျိုးသားလွတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီနှင့် WFD အစီအစဉ်ဖြင့် ကနေဒါနိုင်ငံ Ontario ပြည်နယ်အမတ်ဟောင်း Ms. Monique Marthe Smith ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

လွတ်တော်ဥက္ကဋ္ဌကတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို ပေးပို့ပေးပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုအစိုးရ၊ ဝန်ကြီးဌာန၊ ပြည်နယ်အစိုးရရဲ့ ဆောင်ရွက်ချက်၊ တွေ့ရှိချက်တွေကို ကျွန်တော်တို့ ကော်မတီကို ပြန်လည် ပေးပို့လာပြီဆိုရင် ကာယကံရှင်ဆီကို အချက်အလက်တွေ ပြန်လည်ပေးပို့တာ ရှိပါတယ်။

မေး ။ ။ ကွင်းဆင်းစစ်ဆေးမှုတွေနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးစေလိုပါတယ်။

ဖြေ ။ ။ ကချင်ပြည်နယ်မှာ ကွင်းဆင်းစစ်ဆေးမှုတွေ ဆောင်ရွက်ပါတယ်။ မွန်ပြည်နယ်မှာရှိတဲ့ အကျဉ်းထောင်တွေ၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အကျဉ်းထောင်တွေ၊ ကုန်ထုတ်စခန်းတွေမှာ ကော်မတီဝင်တွေက ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

မေး ။ ။ အခြားဖြည့်စွက် ပြောကြားလိုတာ ရှိရင်လည်း ပြောပြပေးစေလိုပါတယ်။

ဖြေ ။ ။ ကျွန်တော်တို့ ကော်မတီက လွတ်တော် သက်တမ်းသုံးနှစ်ကျော်ကာလမှာ လွတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ အကျဉ်းထောင်တွေမှာ သွားရောက်ကွင်းဆင်းတာတွေ ရှိပါတယ်။ ရမည်းသင်းအကျဉ်းထောင်၊ လွိုင်ကော်အကျဉ်းထောင်၊ သထုံအကျဉ်းထောင်၊ ရင်းဂြိမ်ကုန်ထုတ်စခန်း၊ တောင်စွန်းကုန်ထုတ်စခန်း၊ ကလေးအကျဉ်းထောင်နဲ့ ကလေးဝမြို့မ ရဲအချုပ်၊ ရာဇဂြိုဟ်(၁)နဲ့(၂) စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း၊ ထုံးဘို(၁)၊ ထုံးဘို(၂)နဲ့ ထုံးဘို(အမျိုးသမီး)ကုန်ထုတ်စခန်းနဲ့ မန္တလေးဗဟိုအကျဉ်းထောင်တွေကို ကော်မတီက ကွင်းဆင်းတာတွေ ရှိပါတယ်။ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်း သင်တန်းရှိတဲ့နေရာတွေကို ကျွန်တော်တို့ ကော်မတီကကွင်းဆင်းတာတွေ ရှိပါတယ်။ ပြီးတော့ ထုံးဘို(၁)၊ ထုံးဘို(၂)၊ ထုံးဘို(အမျိုးသမီး) ကျောက်ထုတ်စခန်းတွေမှာ ကွင်းဆင်းသလို မန္တလေးဗဟိုအကျဉ်းထောင်က တာဝန်ရှိသူတွေနဲ့ တွေ့ဆုံတာတွေလည်း ရှိပါတယ်။ အဓိကကတော့ အကျဉ်းထောင်ရဲ့ လူ့အခွင့်အရေးအခြေအနေကို ညှိနှိုင်းပေးတယ်။

သူတို့ရဲ့ တင်ပြချက်တွေကို လွတ်တော်ကတစ်ဆင့် အစီရင်ခံစာ တင်ပေးပါတယ်။ ဒါတွေက ကော်မတီသက်တမ်းသုံးနှစ်ကျော်ကာလမှာ လွတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်နဲ့ ကျွန်တော်တို့ ကွင်းဆင်းဆောင်ရွက်တာတွေ ဖြစ်ပါတယ်။

တိုင်ကြားစာနဲ့ ပတ်သက်လာရင်လည်း လွတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်နဲ့ မြစ်ကြီးနားမှာ သွားရောက်ကွင်းဆင်းပါတယ်။ အလုပ်သမားနဲ့ ပတ်သက်လာရင်လည်း ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်မှာရှိတဲ့ ကျားဖောင်လုပ်ငန်းတွေ ဆောင်ရွက်နေတဲ့နေရာမှာ ကွင်းဆင်းတယ်။ လေ့လာတွေ့ရှိချက်တွေကို လွတ်တော်မှာ အစီရင်ခံစာတင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီအနေနဲ့ နိုင်ငံသူ နိုင်ငံသားများ နစ်နာတယ်ဆိုပြီး တိုင်ကြားတဲ့အပေါ်မှာ လွတ်တော်ရဲ့တာဝန်ပေးချက် အရကော်မတီရဲ့ လုပ်ပိုင်ခွင့်ထဲက အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘယ်သူ့ကိုမှ မနစ်နာစေချင်တဲ့ ဆန္ဒအမှန် ရှိပါတယ်။

သက်ဆိုင်ရာဌာနဆိုင်ရာတွေက လုပ်ဆောင်တဲ့အခါမှာလည်း မှန်မှန်ကန်ကန်နဲ့ လုပ်ဆောင်ဖို့ အမြဲတမ်း ဆန္ဒပြုပါတယ်။ နိုင်ငံသူ၊ နိုင်ငံသားတိုင်း ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ မဆုံးရှုံးရလေအောင် လူ့အခွင့်အရေး ချိုးဖောက်တာတွေက လွတ်မြောက်အောင် ကိုယ်စိတ်ချမ်းသာစွာနဲ့ ဥပဒေဘောင်အတွင်းက ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေရရှိအောင် ကျွန်တော်တို့ ကော်မတီအနေနဲ့ စိတ်ဆန္ဒ ရှိပါတယ်။ နိုင်ငံသူ၊ နိုင်ငံသားတိုင်း ရသင့်ရထိုက်တဲ့ နိုင်ငံသားအခွင့်အရေး အပြည့်အဝ ရရှိနိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

အမျိုးသားလွတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

ရန်ကုန်မြို့တွင်နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကျန်းမာရေးနှင့် အားကစား၀န်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန နှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၂၀ပြည့်နှစ် နွေရာသီ အခြေခံအားကစားသင်တန်းများကို နွေရာသီကျောင်းပိတ်ရက်များတွင် အားကစားနည်း ၂၈နည်း ဖွင့်လှစ်ရန်လျာထားကြောင်း ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ တာမွေ မြို့နယ် ကျိုက္ကဆံကွင်းရှိအားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးမှသိရသည်။

ရှေးဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က နွေရာသီအခြေခံအားကစားသင်တန်းများကို အခြေခံနှင့်အဆင့်မြင့် သင်ကြားပေးသွားမည့်ဆောင်ရွက်မှုကို လည်းကောင်း၊ လူထုအားကစားနှင့်ပညာပေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဥမ္မာအောင်က အားကစားနည်းအလိုက် သင်တန်းများဖွင့်လှစ်နိုင်ရေး၊ ဖွင့်ပွဲအခမ်းအနားကျင်းပနိုင်ရေးအတွက်လည်းကောင်း၊ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးက ရန်ကုန်တိုင်းဒေသကြီးခရိုင် နှင့် မြို့နယ်များရှိ အားကစားကွင်း/ရုံများတွင် အခြေခံ အားကစားနည်းသင်တန်းများကို ယခင်နှစ်များထက် သင်တန်းသားဦးရေ ပိုမိုရရှိရေးအတွက် ပူးပေါင်းကာ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ပြောကြားကြသည်။ အဆိုပါအခြေခံအားကစားသင်တန်းများကို မတ် ၁ ရက်မှဧပြီ ၇ ရက်အထိလည်းကောင်း၊ အဆင့်မြင့်သင်တန်းများကို ဧပြီ ၂၀ရက်မှ မေ ၁၈ရက်အထိ လည်းကောင်း ရန်ကုန်မြို့တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အခြေခံအားကစားသင်တန်းများကို ရန်ကုန်မြို့ရှိ သက်ဆိုင်ရာ အားကစားကွင်း/ရုံများ၌ အဖွဲ့ချုပ်များ၊ မြို့နယ် အား/ကာဦးစီးဌာနတို့ ပူးပေါင်းကာ မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိုလင်း၊ လက်ဝှေ့၊ ခြင်းလုံး၊ ခရစ်ကက်၊ ဘောလုံး၊ ကျွမ်းဘား၊ ဟော်ကီ၊ ဂျူဒို၊ ကရာတေး၊ လှေလှော်၊ ရေကူး၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သိုင်း၊ ဘော်လီဘော၊ အလေးမ၊ အမျိုးသမီးအားကစား(အေရိုးဗစ်)၊ ဝုရှူး၊ ရွက်လှေ၊ မသန်စွမ်း၊ ကမ်ပို၊ ရိုးရာလက်ဝှေ့စသည့် အားကစားနည်းများ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်းသိရသည်။

အာကာလင်း

ကျော်ဖိုးမှ

ဂိုးရပြီးနောက်ပိုင်းတွင်လည်း ရန်ကုန်အသင်းကသာ ဆက်လက်ဖိကစားနိုင်ခဲ့၍ မိနစ် ၃၀ တွင် မောင်မောင်လွင်က ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင် လာအိုတိုယိုတာအသင်းက တိုက်စစ်မြှင့်လာပြီး ရန်ကုန်အသင်းမှာမူ ပထမပိုင်းလောက် ကစားပုံမကောင်းသောကြောင့် အခွင့်အရေးများပေးခဲ့ရသည်။ ၅၈ မိနစ်တွင် လာအိုတိုယိုတာအသင်း ချေပဂိုးပြန်ရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် ကာဝါ ကာမီက သွင်းယူခဲ့သဖြင့် ရန်ကုန်အသင်းသည် ဂိုးပေးလိုက်ရသောကြောင့် ဂိုးပြန်ရရန် အားထည့်ကစားလာရာ ၈၄ မိနစ်တွင် အောင်ကျော်နိုင်က တတိယဂိုးထပ်မံ သွင်းယူခဲ့သည်။ သို့သော် ပွဲပြီးခါနီးတွင် ဒြိမ်းချမ်းအောင် လက်ထိခဲ့သောကြောင့် ရန်ကုန်အသင်း ပယ်နယ်တီပေးခဲ့ရပြီး ကော်စတာက အမှားအယွင်းမရှိ ကန်သွင်းခဲ့သောကြောင့် လာအိုတိုယိုတာအသင်း ဒုတိယချေပဂိုးရခဲ့သည်။ ရန်ကုန်အသင်းသည် နှစ်ပွဲကစား လေးမှတ် ရရှိထားသည်။

အုပ်စု (H) ဒုတိယနေ့အဖြစ် အင်ဒိုနီးရှားကလပ် မာကာဆာအသင်းနှင့် မြန်မာကလပ် ရှမ်းယူနိုက်တက် အသင်းသည် ဖေဖော်ဝါရီ ၂၆ ရက် **(ယနေ့)** မြန်မာ စံတော်ချိန် ညနေ ၃ နာရီတွင် အင်ဒိုနီးရှားနိုင်ငံ၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ညီမြတ်သော်တာ

(၁၅) ကြိမ်မြောက် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကျင်းပ

အမျိုးသားအဆင့် အဓမ္မခိုင်းစေမှု တိုင်ကြားမှုယန္တရားကို စတင်လည်ပတ်ဆောင်ရွက်နေပြီဖြစ်ပြီး အဓမ္မခိုင်းစေမှုနှင့်စပ်လျဉ်း၍ မည်သူမဆို တိုင်ကြားနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ILO တို့ ပူးပေါင်း၍ (၁၅) ကြိမ်မြောက် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲက နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

လုပ်ငန်းခွင်အေးချမ်းသာယာရေး အထောက်အကူဖြစ်စေ

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယခုကျင်းပသည့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် အလုပ်သမားရေးရာကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ရာတွင် အလုပ်ရှင်နှင့် အလုပ်သမားများ/အလုပ်သမားအဖွဲ့အစည်းများအကြား နှစ်ဦးနှစ်ဖက် အပြန်အလှန်အသိအမှတ်ပြု လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုရရှိပြီး လုပ်ငန်းခွင် အေးချမ်းသာယာရေးကို အထောက်အကူဖြစ်စေသည့်အပြင် အလုပ်ရှင်နှင့် အလုပ်သမားအားလုံး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာ ရောက်ပါကြောင်း။

ယနေ့ (၁၅) ကြိမ်မြောက် သုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် အဓမ္မခိုင်းစေမှုများ တိုင်ကြားနိုင်သည့် National Complaints Mechanism NCM အကောင်အထည်ဖော်ဆောင်ရွက်မှု၊ TWG–LLR တွင် ဆွေးနွေးနေသည့်အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေ (အဆိုပြုမူကြမ်း) တိုးတက်မှုတို့နှင့် ပတ်သက်၍ ဆွေးနွေးသွားမည်ဟု သိရှိရပါကြောင်း။

အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်းကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းရန်

၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သည့် (၁၄) ကြိမ်မြောက် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှု ဆိုင်ရာတိုင်ကြားမှုယန္တရား အကောင်အထည်ဖော်မှု၊ အမျိုးသားကော်မတီ ဖွဲ့စည်းမှုတို့ကို ဆွေးနွေးခဲ့ရာတွင် အလုပ်သမားအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် ILO တို့၏ အကြံပြုချက်အရ အမျိုးသားကော်မတီတွင် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်း ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအခါတွင် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုတိုင်ကြားမှုယန္တရားကို စ တင်လည်ပတ်ဆောင်ရွက်နေပြီဖြစ်ပြီး အဓမ္မခိုင်းစေမှုနှင့်စပ်လျဉ်း၍ မည်သူမဆို တိုင်ကြားနိုင်ကြောင်းကိုလည်း မီဒီယာများမှတစ်ဆင့် အများပြည်သူသို့ အသိပေးထုတ်လွှင့်လျက်ရှိပါကြောင်း။

ထိရောက်မှုရှိပြီး ပြည်သူကယုံကြည်ရသည့် ယန္တရားဖြစ်ရန်

သို့ဖြစ်ပါ၍ အဓမ္မခိုင်းစေမှုပျောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် ထိရောက်မှုရှိပြီး ပြည်သူကယုံကြည်ရသည့် ယန္တရားဖြစ်ရန်နှင့် အောင်မြင်စွာဆောင်ရွက်နိုင်ရန် ILO နှင့် ပူးပေါင်း၍အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီဝင်များ အတွက် Orientation Section ကိုဖေဖော်ဝါရီ ၂၇ ရက်တွင် ပြုလုပ်ကျင်းပရန်ရှိပြီး NCM ကိုတိုင်ကြားလာသည့် အဓမ္မခိုင်းစေမှုများကို လက်ခံဆောင်ရွက်မည့် သက်ဆိုင်ရာဌာနများက အရာထမ်း၊ အမှုထမ်းများကိုလည်း ဖေဖော်ဝါရီ ၆ ရက်နှင့် ၇ ရက်များတွင် ILO မှ သင်တန်းများ ပို့ချပေးခဲ့ပါကြောင်း။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ILO တို့ ပူးပေါင်း၍ (၁၅) ကြိမ်မြောက် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ကျင်းပစဉ်။

အဓမ္မခိုင်းစေမှု တိုင်ကြားမှုယန္တရား လည်ပတ်ဆောင်ရွက်ရာတွင် စနစ်တကျနှင့် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် Moblie phone application နှင့် Data base ထူထောင်နိုင်ရန်အတွက်လည်း ILO က အမြန်ဆုံးကူညီဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ပကတိအခြေအနေနှင့် လျော်ညီအောင် ရေးဆွဲနိုင်ရန်

၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေကို ပြန်လည်ရေးဆွဲရာတွင် အလုပ်သမားများ၏ တောင်းဆိုချက်၊ အလုပ်ရှင်များ၏ လိုလားချက်များကို နိုင်ငံတော်၏ ပကတိအခြေအနေနှင့် လျော်ညီအောင် ရေးဆွဲနိုင်ရန် လိုအပ်ပြီး နိုင်ငံတကာစံနှုန်းများနှင့် အတတ်နိုင်ဆုံး ကိုက်ညီစေရန် နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ကိုက်ညီရန် လိုအပ်မည်ဖြစ်ပါကြောင်း။

၂၀၁၉ ခုနှစ် အောက်တိုဘာလနှင့် ၂၀၂၀ ပြည့်နှစ် ဧနခေါရီလတွင် ကျင်းပခဲ့သည့် 10th TWG–LLR နှင့် 11th TWG–LLR တို့တွင် အချို့အချက်များကို သုံးပွင့်ဆိုင် အပြုသဘောဆွေးနွေးသဘောတူညီချက်ရရှိခဲ့သည်ကို သိရှိရ၍ ဝမ်းသာပါကြောင်း၊ နောက်တစ်ကြိမ် ကျင်းပမည့် 12th TWG–LLR တွင်လည်း သုံးပွင့်ဆိုင် အပြုသဘောဆောင်သည့် သဘောတူညီချက်များ ရယူနိုင်မည်ဟု ယုံကြည်ပါကြောင်း။

အလုပ်သမားများအားလုံး အားထားရသည့် စံနမူနာပြအဖြစ် ရပ်တည်

အလုပ်သမားအဖွဲ့ချုပ်များသည် မြန်မာတစ်နိုင်ငံလုံး ရှိ အလုပ်သမားများကို ကိုယ်စားပြုပြီး အလုပ်သမားများ၏ကိုယ်စား ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်ရခြင်းကြောင့် အဖွဲ့အစည်းများအချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အလုပ်သမားများ အားလုံးက လေးစားအားထားရသည့် စံနမူနာပြအဖြစ် ရပ်တည်ပြီး အလုပ်သမားများ၏အကျိုးကို ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေကို ပြန်လည်ရေးဆွဲရာတွင် အလုပ်သမားများ၏ တောင်းဆိုချက်၊ အလုပ်ရှင်များ၏ လိုလားချက်များကို နိုင်ငံတော်၏ ပကတိအခြေအနေနှင့် လျော်ညီအောင် ရေးဆွဲနိုင်ရန် လိုအပ်ပြီး နိုင်ငံတကာစံနှုန်းများနှင့် အတတ်နိုင်ဆုံး ကိုက်ညီစေရန် နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ကိုက်ညီရန် လိုအပ်မည်

ထို့နောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Greg Vines နှင့် အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များက အလုပ်သမားရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာခြင်းလုံးခတ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

(၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ယနေ့ နံနက်၉ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် နာယက ဦးစိုးတင့်၊ ဥက္ကဋ္ဌ ဦးသက်လွင်နှင့် အမှုဆောင်များက ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်ကာ ပထမနေ့ပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသမီး၊ အမျိုးသားအသက် ၂၅ နှစ်အောက် သတ်မှတ်ထားပြီး အမျိုးသမီးလေးပေါက်တန်း၊ အမျိုးသား ခြောက်ပေါက်တန်းပြိုင်ပွဲများဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ အမျိုးသား ၁၁ သင်း၊ အမျိုးသမီး ငါးသင်းပါဝင်ပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ – အာကာစိုး**

အမျိုးသမီးလေးပေါက်တန်း ခြင်းလုံးခတ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်း ယှဉ်ပြိုင်စဉ်။

ကျောင်းသူ ကျောင်းသားများအား ပဲနို့တိုက်ကျွေးခြင်းနှင့် အာဟာရဆိုင်ရာဗဟုသုတ ဖြန့်ဝေခြင်း အစီအစဉ်ကို အခြေခံပညာဦးစီးဌာနနှင့် Vito ပဲနို့ ပူးပေါင်းဆောင်ရွက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနနှင့် Vito ပဲနို့တို့ ပူးပေါင်း၍ နိုင်ငံတစ်ဝန်းလုံးမှ ကျောင်းသူ ကျောင်းသားများအား အာဟာရပြည့်ဝသော ပဲနို့တိုက်ကျွေးခြင်းနှင့် အာဟာရဆိုင်ရာ ဗဟုသုတများ ဖြန့်ဝေခြင်း အစီအစဉ်ကို ပူးပေါင်းလုပ်ဆောင်သွားမည်ဟု သိရသည်။

Europe & Asia Beverages ကုမ္ပဏီလီမိတက်၏ အမှုဆောင်ဒါရိုက်တာ ဦးကျော်ဝင်းထွန်းက "ဒီစီမံချက်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ ကျောင်းနေကလေးတွေဟာ အာဟာရနဲ့ပတ်သက်တဲ့ ဗဟုသုတတွေကို ပိုမိုသိရှိနားလည်ဖို့ ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းနဲ့ Unicef က ထုတ်ပြန်တဲ့ စစ်တမ်းမှာ မြန်မာနိုင်ငံမှာရှိတဲ့ ကလေး သုံးပုံတစ်ပုံက အာဟာရချို့တဲ့တယ်လို့ ဖော်ပြထားပါတယ်။ ကျွန်တော်တို့ကုမ္ပဏီဟာ လိုအပ်နေတဲ့ ဒီကွက်လပ်ကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ Vito ပဲနို့အနေနဲ့ အခုလို ပညာရေးဝန်ကြီးဌာနနဲ့ လက်တွဲအလုပ်လုပ်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိသလို ဒီအစီအစဉ်ကနေ ကောင်းမွန်တဲ့ရလဒ်တွေ ရလာမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

ဤစီမံချက်၏ရည်ရွယ်ချက်မှာ ကျောင်းပေါင်း ၄၃၈ ကျောင်းမှ ကျောင်းသားဦးရေ ၃၀၀၀၀၀ ကျော်၏ အာဟာရအခြေအနေကို မြှင့်တင်ခြင်းဖြင့် ကလေးများ ကျန်းမာစွာ ကြီးပြင်းလာအောင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန် ဖြစ်ပြီး ကျောင်းတွင်းအာဟာရမြှင့်တင်ခြင်း အစီအစဉ်ကို တစ်နှစ်လျှင် နှစ်ကြိမ် နှုန်းဖြင့် ငါးနှစ်ဆက်တိုက် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ စီမံချက်ကို ပိုမိုတိုးချဲ့ ပြုလုပ်သွားနိုင်ရန် ရည်ရွယ်ထားကာ ပဋ္ဌမမြောက်နှစ်တွင် ကျောင်းပေါင်း ၁၀၀၀ မှ ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုများပေးခြင်း၊ နို့နှင့် ပဲနို့များ တိုက်ကျွေးခြင်းနှင့် အာဟာရဆိုင်ရာ ဗဟုသုတများ ဖြန့်ဝေခြင်းများ ဆောင်ရွက်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းကလည်း "ကျန်းမာရေးနဲ့ ပညာရေးဟာ လူသားအရင်းအမြစ်တိုးတက်ဖို့ဖြိုးဖို့ သာမက တိုင်းပြည်တိုးတက်ဖို့ဖြိုးဖို့အတွက်ပါ အဓိကကျတဲ့ အရာတွေဖြစ်ပါတယ်။ ကလေးတွေ ကျန်းမာဖို့ဆိုရင် အသားဓာတ်၊ သံဓာတ်၊ ကယ်လလ်ဆီယမ်၊ အိုင်အိုဒင်း၊ ဗိုက်တာမင်ဒီ အစရှိတဲ့ဓာတ်တွေ မျှမျှတတပါဝင်တဲ့ စားသောက်မှုပုံစံရှိဖို့ လိုအပ်ပါတယ်။ ပညာရှင်တွေက ကလေးတွေရဲ့ တစ်နေ့တာ စားသောက်တဲ့ အစားအစာထဲမှာ ဖော်ပြထားတဲ့ဓာတ်တွေ အများစုပါဝင်တဲ့ နို့ကိုပါ ထည့်ပြီး သောက်သုံးဖို့ တိုက်တွန်းထားပါတယ်။ ဒါကြောင့်မို့ Vito ပဲနို့နဲ့ လက်တွဲလုပ်မယ့် ဒီအစီအစဉ်က လူသားအရင်းအမြစ် ဖွံ့ဖြိုးဖို့နဲ့ နိုင်ငံတိုးတက်ဖို့ အထောက်အကူ ဖြစ်မယ့် အစီအစဉ်ဖြစ်တယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

အခြေခံပညာဦးစီးဌာနနှင့် Vito ပဲနို့တို့အနေဖြင့် အဆိုပါ စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် နားလည်မှုစာချွန်လွှာကို ဖေဖော်ဝါရီ ၆ ရက်က နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနရုံး၌ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သွန်းဝဿန်

တရုတ်နိုင်ငံတွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် မြန်မာ့တပ်မတော်က ဆေးဘက်ဆိုင်ရာပစ္စည်းများ ပေးပို့လျှုဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၅

တရုတ်နိုင်ငံဝူဟန်မြို့တွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ် Coronavirus Disease 2019 (COVID-19) ရောဂါအား တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် တိုက်ဖျက်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းစဉ် အောင်မြင်စေရန်နှင့် တရုတ်ပြည်သူများအတွက် မြန်မာ့တပ်မတော်ကဆေးဘက်ဆိုင်ရာ ပစ္စည်းများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း ဦးဆောင်၍ တပ်မတော်လေယာဉ်ဖြင့် ယနေ့တွင် သွားရောက်ပေးပို့လျှုဒါန်းသည်။

ရှေးဦးစွာနေပြည်တော်လေဆိပ် ဧည့်ခန်းမဆောင်၌ ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြတ္တန်းဦးက စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်၊ စစ်သံမှူး Sr. Col. Xiong Shawaiနှင့် တာဝန်ရှိသူတို့အား တွေ့ဆုံ၍ ဆေးဘက်ဆိုင်ရာ ပစ္စည်းများ လှုဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့တပ်မတော်မှ လှုဒါန်းသည့် အမေရိကန်ဒေါ်လာ ၃ သိန်း ကျော် တန်ဖိုးရှိ Surgical Masks (2 Ply) ၉၀၀၀၀ ၊ Type- N 95 (SM Particulate Respirator Masks) ၉၀၀၀ ၊ Safety Goggles ၉၀၀၀ စသည့် ဆေးဘက်ဆိုင်ရာပစ္စည်းများ ထည့်ထားသည့် ဆေးပုံးများအား တပ်မတော်လေယာဉ်ပေါ်သို့ တင်ဆောင်၍ (ယာပုံ) နံနက် ၈ နာရီတွင် နေပြည်တော်လေဆိပ်မှ ထွက်ခွာရာ ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြတ္တန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်မော်၊ တရုတ်နိုင်ငံသံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ

ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက် ၁၁ နာရီ ၅ မိနစ်တွင် ရောက်ရှိကြရာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Joint Logistic Support Force၊ Guilin Center ၏ နိုင်ငံရေးမှူးဖြစ်သူ Major General Zhang Pingjunနှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက ဆေးဘက်ဆိုင်ရာပစ္စည်းများလှုဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ Major General Zhang Pingjun က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဆေးဘက်ဆိုင်ရာပစ္စည်းများ လွှဲပြောင်းလက်ခံခြင်း စာလွှာနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများအား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်လှုဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း ဦးဆောင်သည့် အဖွဲ့သည် မြန်မာ့တပ်မတော်လေယာဉ်ဖြင့် တရုတ်နိုင်ငံ ကူမင်းမြို့အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

Coronavirus Disease 2019(COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါနှင့်ပတ်သက်၍ ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး(ပဥ္စမအကြိမ်) ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

Coronavirus 2019 (COVID-19) ကြောင့် ဖြစ်ပွားသော လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါနှင့်ပတ်သက်၍ ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်း ဆက်သွယ်ရေး ကော်မတီ(ပဥ္စမအကြိမ်) ညှိနှိုင်း အစည်းအဝေးကို နံနက် ၁၁ နာရီက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ညှိနှိုင်း အစည်းအဝေးတွင် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်း ဆက်သွယ်ရေးကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အထူးသဖြင့် ဝူဟန်မြို့တွင် အဓိကကူးစက်ပျံ့နှံ့ခဲ့သော်လည်း ယခုအခါ အခြားနိုင်ငံများ အနေဖြင့် ကိုရိုးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အီရန်နိုင်ငံ စသည့် နိုင်ငံများအပါအဝင် ကူးစက်ပျံ့နှံ့မှု များပြားလာလျက်ရှိကြောင်း၊ ကိုရိုးယားသမ္မတနိုင်ငံ၌ ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်သူလူထုအတွင်း၌ စတင်ဖြစ်ပွားခဲ့ကာ ရောဂါကူးစက်မှုနှုန်းမြင့်မားနေသည့် ကာလ Ascending phase ဖြစ်နေသည့်အတွက် ယခုကာလအတွင်း မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသည်များအား သေချာစွာကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအတွင်း၌ Coronavirus 2019 (COVID-19) ကြောင့် ဖြစ်ပွားသော လတ်တလော

အသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါနှင့်ပတ်သက်၍ အတည်ပြု ရောဂါ လူနာမတွေ့ရှိသေးသော်လည်း ကူးစက်ရောဂါဖြစ်ပွားမှုများသည် အချိန်၊ နေရာမရွေး၊ လူအများ၌ ကူးစက်ဖြစ်ပွားနိုင်သဖြင့် ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ "ပထမဦးစားပေးအရေးပေါ်" ကိစ္စရပ် (top priority emergency issue) အနေဖြင့် အထူးဂရုပြု၍ ဆက်လက်အားထုတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနအနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်များအနေဖြင့် လည်းကောင်း၊ ဆေးရုံအခြေပြုနှင့် ပြည်သူလူထု အခြေပြုအနေဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူ့လူထုအခြေပြု ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများသည်လည်း အရေးကြီးသော အနေအထားတွင် ပါဝင်ပြီး သက်ဆိုင်ရာ နီးနွယ်ဌာနများမှ ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်အတွက် COVID-19 ရောဂါအား ကူးစက်မြန်ရောဂါ (သို့) သတင်းပေးပို့တိုင်ကြားရမည့် ရောဂါအဖြစ် သတ်မှတ်နိုင်ရေးစီစဉ်လျက်ရှိပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူစုလူဝေးများ ပြုလုပ်ခြင်းအား ရှောင်ကြဉ်ခြင်းအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှလည်း တိုက်တွန်းထားပြီး ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနအနေဖြင့်လည်း နှိုးဆော်ချက်များ ထုတ်ပြန်ပြီးဖြစ်ကာ အကယ်၍ မဖြစ်သာသဖြင့် လူအများ စုဝေးသော ပွဲလမ်းသဘင်များ ဆောင်ရွက်သည့်အခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကျန်းမာရေးအသိပညာ ပေးချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

နေပြည်တော်တွင် ကျင်းပမည့် ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်ကပ်လှူပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် နီးနွယ်ဌာနများဖြင့် အစည်းအဝေးကျင်းပခဲ့ပြီး သေချာစွာ စိစစ်လုပ်ဆောင်ရန် ပြင်ဆင်ထားရှိပါကြောင်း၊ Visa ကို ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်းများ ဆောင်ရွက်ခြင်းသည် အရေးကြီးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံခြားရေးဌာနများဖြင့် အဓိက ပူးပေါင်းလုပ်ဆောင်သွားရန်ဖြစ်ပါကြောင်း၊ မိမိတို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မကြာမီကျင်းပရန်ရှိသည့် အာဆီယံအဆင့် Health Cluster Meeting အား ရက်ရှေ့ဆိုင်းခဲ့ပါကြောင်း၊ ရောဂါဖြစ်ပွားမှုများသော နိုင်ငံများတွင် သွားရောက် တက်ရောက်နေသည့် ဝန်ကြီးဌာနအသီးသီးမှ ပညာသင်ကျောင်းသားများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာနိုင်သည့် အနေအထားများကို လည်း ကြိုတင်ပြင်ဆင်နိုင်ရန်ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် ဆိပ်ကမ်းများ၊ နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များတွင် လုပ်ငန်းလမ်းညွှန်များကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို သက်ဆိုင်ရာ နီးနွယ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းမှုဖြင့် သေချာစွာ ဆောင်ရွက်လာနိုင်သည့် အခြေအနေသို့ ရောက်ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းမှလည်း ပြည်သူများ၏ လူမှုစီးပွားရေး တည်ငြိမ်စေရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေး၊ ကုန်သွယ်ရေးစသည့် ကဏ္ဍာတို့တွင် ထိခိုက်မှုနည်းပါးစေရန် တိုက်တွန်းလျက် ရှိပါကြောင်း၊ အသစ်ဖြစ်ပွားလာသော ရောဂါများနှင့် ပြန်လည်ဖြစ်ပွားလာသော ရောဂါများ ဖြစ်ပွားမှုများတွင် SARS-CoV, MERS-CoV နှင့် Avian Influenza စသည့်ရောဂါများသည် ယခု ဆယ်စုနှစ်များအတွင်း ပုံမှန်ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရသဖြင့် လူအများ၏ ကျန်းမာရေးအပြင် ဟိုတယ်နှင့် ခရီးသွားလာရေး၊ ကုန်သွယ်ရေးနှင့် လူမှုစီးပွားရေးများပါ ထိခိုက်နိုင်သည့်အတွက် ထိခိုက်နစ်နာမှုများ နည်းနိုင်သမျှ နည်းပါးစေရန်အတွက် သက်ဆိုင်ရာ နီးနွယ်တာဝန်ရှိသူများ အားလုံး အတူတကွလက်တွဲဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းနှင့် ယခု ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ရေးကော်မတီအစည်းအဝေးကို တစ်ပတ်လျှင် တစ်ကြိမ် ပြုလုပ်သွားမည်ဖြစ်ပါကြောင်းနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအား အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် ယခု အစည်းအဝေးဆုံးဖြတ်ချက်များကို စုစည်း၍ ဗဟိုကော်မတီသို့ ဆက်လက် တင်ပြသွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် ဌာနဆိုင်ရာ အသီးသီးမှ မိမိတို့ ဝန်ကြီးဌာနနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လိုအပ်ချက်များ၊ ဆက်လက်လုပ်ဆောင်ရမည့် အရာများနှင့် ပေါင်းစပ်ညှိနှိုင်းရမည့် အချက်များအား ဗဟိုကော်မတီသို့ တင်ပြနိုင်ရေးအတွက် အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ပြင်ဦးလွင်နှင့် လှိုင်သာယာမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၇ နာရီခွဲက ပြင်ဦးလွင်မြို့ အမှတ်(၁၂)ရပ်ကွက် သံလွင်လမ်းသွယ်(၃)လမ်း အိမ်အမှတ်(မ/၄၁၉)နေ ကျော်ဟိန်းစိုး(ခ)အာနိုး၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ သူရှိန်းအောင်၊ ရန်နိုင်ဝင်း (ခ) ချစ်ဖြူ၊ ရန်လင်းဇေယျာအောင် (ခ) ကတုံးတို့ကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၀၃ ပြားနှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်အရ ဝက်ပံကျေးရွာ ပိတ်ချင်းမြောင်လမ်းနေ ပြည့်ဖြိုးမောင်(ခ)ကိုပြည့်၏ နေအိမ်ကိုရှာဖွေရာ ၎င်းအား ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆက်လက်၍ ထုံးဘိုကျေးရွာအုပ်စု ရေသရောက်ကုန်းကျေးရွာနေ စိုင်းအောင်တင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၃ ပြား၊ ဖုန်းတစ်လုံးနှင့် ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ နံနက် ၈ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်သာယာမြို့နယ် ကုလားကြီးစုကျေးရွာအုပ်စု ကုလားကြီးစုကျေးရွာနေ ဇော်မင်းသူ (ခ)ဝတုတ်၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၊ ဖုန်းတစ်လုံးနှင့် ဓားဦးချွန် ငါးချောင်း တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ဇော်မင်းသူ(ခ)ဝတုတ်အား ဖမ်းဆီးရမိသည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။ **ရဲပြန်ကြား**

ရွှေဘိုမြို့တွင် စားသောက်ဆိုင်မန်နေဂျာအား အမျိုးသားငါးဦးက ဆိုင်အတွင်းဝင်ရောက်၍ ဓားဖြင့်ခုတ်

ရွှေဘို ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၂)ရပ်ကွက်ရှိ Star စားသောက်ဆိုင် မန်နေဂျာအား အမျိုးသားငါးဦးက ဆိုင်အတွင်းဝင်ရောက်၍ ဓားဖြင့်ခုတ်မှု ဖြစ်ပွားကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းဆန်းဦးထံက သိရသည်။

ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီခွဲခန့်က မန်နေဂျာအမျိုးသားသည် အမှတ်(၂)ရပ်ကွက်ရှိ ၎င်း၏ စားသောက်ဆိုင်တွင်ရှိနေစဉ် မောင်တူး ပါ အမျိုးသား ငါးဦး ဓားများကိုင်ဆောင်၍ ဆိုင်ထဲသို့ဝင်လာကာ မောင်တူးက မန်နေဂျာကို ဓားဖြင့်ခုတ်ခဲ့ပြီး ဆိုင်အတွင်းခင်းကျင်းထားသော ပစ္စည်းများကို ဖျက်ဆီးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မောင်တူး အပါအဝင် အမျိုးသားငါးဦးအား အမြန်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ထွန်းမြင့်အောင်(ရွှေဘို)

မြို့နယ်အချို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြည်သူ့ပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းဋိုစနစ် – CMRS ဖြင့် သတင်းပေးပို့ချက်အရ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၂ ရက်အထိ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် အုတ်တွင်းမြို့နယ် ခပေါင်းကြိုးဝိုင်း အကွက် အမှတ်(၈၉၊ ၉၆)အတွင်း တရားမဝင် ကျွန်းခွဲသား ၇ ဒသမ ၉၆၆၈ တန်၊ လက်ပံတန်းမြို့နယ် မုဂ္ဂာကြိုးဝိုင်းအကွက်အမှတ် (၂၀) အတွင်း ပျဉ်းကတိုး/သစ်မကျည်း/လယ်ဇ/ပျဉ်းမသစ် ၅ ဒသမ ၆၂၀၀ တန်၊ ဖောင်းပြင်မြို့နယ် နန်းကမြစ် အပတောနှင့် နန်းကမြစ် ကြိုးပြင် ကာကွယ်တောအတွင်း တရားမဝင် သစ်စေး/ အင်/ ကညင်သစ်/ ခွဲသား ၉၁ ဒသမ ၅၂၂ တန်တို့ ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ပတ်သက်သောသူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့် အညီထိရောက်စွာ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကလေးဝမြို့နယ် ရွှေကျင် အပတောနှင့် မဟာမြိုင်ကြိုးဝိုင်း၊ သက္ကကျင်း–ဖောင်းပြင် ကားလမ်းမိုင်တိုင်(၁၀/၀)နေရာ၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်း/ ကညင်/ အင်/လုံးပတ် သုံးပေအောက် ကျွန်းသစ်/ခွဲသား ၁၇ ဒသမ ၄၆၆၆ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦး၊ ဗန်းမော်မြို့နယ် ပေါက်ကုန်းရပ်ကွက် အိမ်အမှတ်၊ ကပ–၈၈၉(ခွဲ)နေ အိမ်ခြံဝင်းအတွင်း ယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၀ ဒသမ ၅၁၇၈ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦး ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **ညီညီသန်း (နေပြည်တော်)**

ဒသမအကြိမ်
တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ
The 10th Traditional Medicine Research Congress
၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆-၂၇ ရက်နေ့

မြန်မာ့ရုပ်မြင်သံကြား

၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၈:၃၅ – "ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီး(ရန်ကုန်)၏ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု"
- ၁၁:၀၀ – "၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ" (သန်ရီဘာသာရပ်)
- ၁၁:၄၀ – သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "လေဒီဒိန်းဂျား" (ခန့်စည်သူ၊ ခါရာ၊ ထွန်အိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်၊ ပိုင်ဖြိုးသု) (ဒါရိုက်တာ–ပွင့်သိင်္ဂီဇော်)

ညပိုင်း

- ၁၆:၂၅ – "၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ" (ဓာတုဗေဒဘာသာရပ်)
- ၁၇:၂၅ – သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ရွာဇော်ကြီး" (နေတိုင်း၊ အိန္ဒြာကျော်ဇင်၊ နေနော်၊ ယွန်းရွှေရည်) (ဒါရိုက်တာ–ကျော်ဇောလင်း (အတွေးပုံရိပ်)
- ၁၇:၄၀ – MRTV Travelogue "သဘာဝရဲ့ အလှတရားများ ဆီသို့" (အပိုင်း–၁၀)
- ၁၈:၂၀ – ပြည်သူ့နီတိစကားပိုင်း "ပဟေဠိပြိုင်ပွဲ" (အပိုင်း–၅) (ဆရာထင်လင်းဦး၊ မင်းခိုက်စိုးစန်၊ အမေ့အိမ် (ရန်ကုန်တိုင်း)မှ ကျောင်းသား/သူများ၊ ပညာ့ပန်းတိုင်(နေပြည်တော်)မှ ကျောင်းသား/သူများ)
- ၁၉:၁၅ – နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ" (အပိုင်း–၁၀)
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၀ – "တိုင်းပြည်အကျိုးပြု ဒို့ရေးရှုကင်းထာက်အမျိုးသမီးထု" (အပိုင်း–၁)
  - မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုရုပ်ရှင် "ဂျပန့်ရင်သွေး" (ဦးညီပု၊ ဦးတင်ဖေ၊ တာကာအို) (ဒါရိုက်တာ–အီဒါမာစံ၊ မြိုကိုရို၊ အိုဂါဆာဝါရ)

ရန်ကုန်ပြည်နယ် ကျောက်ပိုင်း ကျောက်မဲမြို့ ရေကြီးရေလာ ကာကွယ်ရေးလုပ်ငန်းများ

ရန်ကုန်ပြည်နယ်ကျောက်ပိုင်း ကျောက်မဲမြို့ အမှတ်(၉)ရပ်ကွက် နယ်မြေ(၁၁) ရွှေညောင်ပင်လမ်းနေ ဦးနောင်နောင်၏ တစ်ထပ်အိမ်တွင် ယနေ့ နံနက် ၁၁ နာရီခွဲက လျှပ်စစ်ဟင်းအိုး အပူလွန်ကဲရာမှ မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ကျောက်မဲခရိုင် မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦး ကြီးကြပ်ကွပ်ကဲသော မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် တစ်စီးနှင့် သန္ဓေ အရန်မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ငြိမ်းသတ်ကြသဖြင့် ပတ်ဝန်းကျင်နေအိမ်များသို့ မီးကူးစက်လောင်ခြင်းမရှိဘဲ မွန်းတည့် ၁၂ နာရီတွင် မီးလုံးဝငြိမ်းသွားသည်။

မီးလောင်မှုနှင့်ပတ်သက်၍ အိမ်ရှင် ဦးနောင်နောင်အား ကျောက်မဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုင်း(သီပေါ)

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်နယ်မြေ ရဲစခန်းမှူး ရဲအုပ်သန်းဝေနှင့် ရဲတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၅ ရက်တွင် ဇီးကုန်းကျေးရွာအုပ်စု ကုလားရွာကျေးရွာရှိ ဒေသခံများအား သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ပြစ်မှု ပြစ်ဒဏ်များကို ရှင်းလင်း ဟောပြောစဉ်။ မင်းမင်းလတ်(ရှုပဗေဒ)

အိမ်မဲမြို့နယ်၌ မော်တော်ယာဉ်တစ်စီး မီးလောင်

အိမ်မဲ ဖေဖော်ဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် သဖန်းပင်ဆိပ်ကျေးရွာအုပ်စု ကျိုက်ပိကျေးရွာ လမ်းခွဲအနီး၌ ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်က ဟိုက်ဂျက်ယာဉ်တစ်စီး အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဝေယံစိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရွာသစ်နယ်မြေ မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဦးစိုးနိုင်အား အိမ်မဲမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)

တောင်ငူတွင် ဆိုင်ကယ်နှစ်စီးတိုက်မိ၍ တစ်ဦးသေဆုံး

တောင်ငူ ဖေဖော်ဝါရီ ၂၅

တောင်ငူမြို့နှင့် အမြန်လမ်းမကြီးကို ဆက်သွယ်ဖောက်လုပ်ထားသော ထီးလှိုင်ကွန်ကရစ်ကားလမ်းတွင် ဖေဖော်ဝါရီ ၂၃ ရက်က ဆိုင်ကယ်နှစ်စီး အရှိန်လွန်တိုက်မိခဲ့ရာ တစ်ဦးသေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း တောင်ငူအမှတ် ၂ နယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းရွာ ဆင်ဆိပ်အုပ်စုနေ ဦးဝင်းနွယ် (၄၄ နှစ်)သည် ဆိုင်ကယ်ဖြင့် မြင်းစားခွက်ကျေးရွာ လမ်းဘက်မှ ထီးလှိုင်ကွန်ကရစ်လမ်းပေါ်သို့ မောင်းလာစဉ် ထီးလှိုင်ကွန်ကရစ်ကားလမ်းအတိုင်း အရှေ့မှအနောက်သို့ အုတ်တွင်းမြို့နယ်နေ သောင်းမြင့်ဦး (၃၀ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခဲ့ပြီး နှစ်စီးလုံး တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဦးဝင်းနွယ်မှာ ရရှိသည့်ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး သောင်းမြင့်ဦးတွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

သန်းလွင်(ဆွာ)

ကျောက်မဲမြို့၌ မီးလောင်မှုဖြစ်ပွား

သီပေါ ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ အမှတ်(၉)ရပ်ကွက် နယ်မြေ(၁၁) ရွှေညောင်ပင်လမ်းနေ ဦးနောင်နောင်၏ တစ်ထပ်အိမ်တွင် ယနေ့ နံနက် ၁၁ နာရီခွဲက လျှပ်စစ်ဟင်းအိုး အပူလွန်ကဲရာမှ မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ကျောက်မဲခရိုင် မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦး ကြီးကြပ်ကွပ်ကဲသော မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် တစ်စီးနှင့် သန္ဓေ အရန်မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ငြိမ်းသတ်ကြသဖြင့် ပတ်ဝန်းကျင်နေအိမ်များသို့ မီးကူးစက်လောင်ခြင်းမရှိဘဲ မွန်းတည့် ၁၂ နာရီတွင် မီးလုံးဝငြိမ်းသွားသည်။

မီးလောင်မှုနှင့်ပတ်သက်၍ အိမ်ရှင် ဦးနောင်နောင်အား ကျောက်မဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုင်း(သီပေါ)

မူခင်းအသိပညာပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့ ကြွေပုဂံချောင်းကျေးရွာအုပ်စု ကန်ဖွန်းချောင်းကျေးရွာ အခြေခံပညာမူလတန်း (လွန်)ကျောင်း၌ ဖေဖော်ဝါရီလ တတိယပတ်က တိုက်ကြီးမြို့ အဖျောက်နယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ဒုရဲအုပ် သန်းကျော်ဇော ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာဒေသခံအုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာသူ ကျေးရွာသားများအား သက်ငယ်မုဒိမ်း မဖြစ်ပွားစေရေး သိကောင်းစရာများ၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းဝယ်မှုမရှိစေရေး၊ မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

နာဆာမှ သင်္ချာပညာရှင် ကက်သရင်းဂျွန်ဆင် အသက် ၁၀၁ နှစ်တွင် သေဆုံး

နယူးယောက် ဖေဖော်ဝါရီ ၂၅

ကက်သရင်းဂျွန်ဆင်သည် နာဆာမှ သင်္ချာပညာရှင်ဖြစ်ပြီး Hidden Figures ဇာတ်ကားတွင် ဂုဏ်ပြု ဖော်ပြခြင်းခံရသူ လည်းဖြစ်သည်။

ၔင်းသည် အသက် ၁၀၁ နှစ်တွင် သေဆုံးသွားခဲ့ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက်တွင် အာကာသအေဂျင်စီ ကပြောသည်။ ၁၉၆၉ ခုနှစ်တွင် လကမ္ဘာသို့ ပထမဆုံး လူလိုက်ပါသည့် အာကာသယာဉ်စေလွှတ်မှုတွင် ကက်သရင်း ဂျွန်ဆင်၏တွက်ချက်မှုမှာ များစွာအထောက်အကူပြုခဲ့သည်။

သို့သော် ၂၀၁၆ ခုနှစ် အော်စကာ ဆန်ခါတင်စာရင်းဝင် Hidden Figures ဇာတ်ကား မပြသမီ အချိန်အထိ ၔင်းမှာ လူသိများကျော်ကြားခဲ့ခြင်းမရှိပေ။ Hidden Figures ဇာတ်ကားမှာ နာဆာတွင် အလုပ်လုပ်ကိုင်ကြသည့် လူမည်းအမျိုးသမီးသုံးဦး၏ဘဝကို ရိုက်ကူးထားခြင်းဖြစ်သည်။ ကက်သရင်း ဂျွန်ဆင်မှာ အမေရိကန်အတွက် သူရဲကောင်းဖြစ်ပြီး ၔင်း၏ကြိုးပမ်းအားထုတ်မှုမှာ မေ့သွားနိုင်ဖွယ်မရှိဟု နာဆာမှ စီမံခန့်ခွဲရေးမှူး ဂျင်ဘရစ်ဒန်စတင်းက ပြောသည်။

ကက်သရင်းဂျွန်ဆင်၏ သင်္ချာစွမ်းရည်ကြောင့် အပိုလို ၁၁ အာကာသယာဉ်အတွက်အရေးပါသည့် တွက်ချက်မှုများဖြစ်ခဲ့ပြီး နီးလ်အမ်းစထရောင်းနှင့် ဘက်ဇ်အယ်ဒရင်းတို့ ၁၉၆၉ ခုနှစ်တွင် လကမ္ဘာပေါ်သို့ ဆင်းသက်နိုင်ရေး အကူအညီဖြစ်စေခဲ့သည်။ အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ၂၀၁၅ ခုနှစ်တွင် ၔင်းအား အရပ်သားများကို ချီးမြှင့်သည့် အမြင့်ဆုံးဆုတံဆိပ်ဖြစ်သည့် သမ္မတလွတ်လပ်မှုဆုကို ချီးမြှင့်ပေးခဲ့သည်။

အေအက်ဖ်ပီ

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ကက်သရင်းဂျွန်ဆင်ကို ဆုချီးမြှင့်နေစဉ်။

စစ်အခြေစိုက်စခန်းများအတွက် ကုန်ကျစရိတ်ကျခံမှုနှင့်ပတ်သက်၍ အမေရိကန်နှင့် တောင်ကိုရီးယားတို့ သဘောတူညီမှု မရရှိသေး

ဝါရှင်တန် ဖေဖော်ဝါရီ ၂၅

အမေရိကန်တပ်ဖွဲ့များကို တောင်ကိုရီးယားတွင် လက်ခံထားရှိသည့်အတွက် ကုန်ကျစရိတ် မျှဝေကျခံရန်အမေရိကန်နှင့် တောင်ကိုရီးယားတို့အကြား သဘောတူညီမှု မရရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးမှ သိရသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စပါနှင့် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ဂျောင်ကရောင်ဒူးတို့သည် ဖေဖော်ဝါရီ ၂၄ ရက်က ပင်တဂွန်စစ်ဌာနချုပ်တွင် တွေ့ဆုံခဲ့ကြသည်။ စစ်ရေးအသုံးစရိတ်အတွက် မဟာမိတ်များနှင့်အတူ မျှဝေကျခံခြင်းမှာ အမေရိကန်အတွက် ဦးစားပေးအလုပ်ဟု မာ့ခ်အက်စပါက အစည်းအဝေးအပြီးတွင် ပြောကြားခဲ့သည်။ တောင်ကိုရီးယားအနေဖြင့်လည်း ကုန်ကျစရိတ် မျှဝေမှုကို တိုးမြှင့်ပေးရန် စီစဉ်နေသည်ဟု တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

သို့သော် အမေရိကန်ဘက်က တောင်းဆိုသည့်ပမာဏနှင့် ကွာခြားမှုများ ဖြစ်ပေါ်နေသည်ဟု ၔင်းက အလေးအနက်ထားပြောကြားခဲ့သည်။ စစ်ရေးအသုံးစရိတ် တိုးမြှင့်ကျခံပေးရေးနှင့်ပတ်သက်ပြီး နှစ်နိုင်ငံအကြား ဆွေးနွေးမှုများမှာ ရှေ့မတိုးသာ နောက်မဆုတ်သာနှင့် အကျပ်ရိုက်နေရသည်။ မတ်လကုန်တွင် နှစ်နိုင်ငံအကြား သဘောတူညီမှု ရရှိလိမ့်မည်ဟု မျှော်လင့်ထားကြောင်း မာ့ခ်အက်စပါက ပြောကြားခဲ့သည်။

ယခုအခါ တောင်ကိုရီးယားတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု မြင့်တက်နေသည့်အတွက် ယခုနှစ် နွေဦးတွင် ပြုလုပ်မည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို လျှော့ချရန် သုံးသပ်သွားမည်ဟု တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးတို့က ရှင်းလင်းပြောကြားခဲ့သည်။

အင်နန်အိတ်ချ်ကေ

အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စပါနှင့် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ဂျောင်ကရောင်ဒူးတို့ကို ၂၀၁၉ နိုဝင်ဘာ ၁၅ ရက်က ဆိုးလ်မြို့၌ တွေ့ရစဉ်။

အကြမ်းဖက်မှုဆိုင်ရာပြစ်မှုအတွက် သြစတြေးလျှအမျိုးသမီးတစ်ဦး ထောင်ဒဏ်တစ်သက် ချမှတ်ခံရမည့်အရေးနှင့် ရင်ဆိုင်နေရ

ဆစ်ဒနီ ဖေဖော်ဝါရီ ၂၅

အိုင်အက်စ် အကြမ်းဖက်သမားများနှင့် ချိတ်ဆက်ရန် သြစတြေးလျှနိုင်ငံမှ ထွက်ခွာမည့်သူများကို အကူအညီပေးခဲ့သည့် သြစတြေးလျှအမျိုးသမီးတစ်ဦးအား တရားစွဲဆိုထားကြောင်း သိရသည်။

ၔင်း၏ပြစ်မှုမှာ အများဆုံး ထောင်ဒဏ်တစ်သက်ချမှတ်နိုင်သည့် အခြေအနေတွင်ရှိကြောင်း သိရသည်။ ကာလရှည်ကြာ စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် အသက် ၂၂ နှစ်အရွယ် အမျိုးသမီးကို ဗစ်တိုးရီးယား အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးအဖွဲ့က ဖမ်းဆီးခဲ့သည်။

ၔင်းသည် ၂၀၁၆ ခုနှစ်က ၔင်း ၏တွဲဖက်များကို အိုင်အက်စ်များအတွက် တိုက်ခိုက်ပေးရေး ဆီးရီးယားနှင့် အီရတ်တို့သို့သွားရောက်ရန် အားပေးကူညီခဲ့သည်ဟု စွပ်စွဲခံထားရသည်။ ထို့အပြင် ဆီးရီးယားတွင်ရှိနေသည့် သြစတြေးလျှအမျိုးသားများအတွက် အွန်လိုင်းအဖွဲ့အစည်းကိုလည်း ဖွဲ့စည်းပေးခဲ့သည်ဟု စွပ်စွဲခံထားရသည်။

သြစတြေးလျှ လုံခြုံရေးအဖွဲ့အစည်း၏ အဆိုအရ ၂၀၁၂ ခုနှစ်မှ စတင်ကာ အိုင်အက်စ်တို့အတွက် တိုက်ခိုက်ပေးရေး နိုင်ငံခြားသို့ထွက်ခွာသွားသည့် သြစတြေးလျှနိုင်ငံသားအရေအတွက် ၂၀၀ အထိရှိကြောင်း သိရသည်။

အကြမ်းဖက်အဖွဲ့အစည်းနှင့် ချိတ်ဆက်ရန် ကူညီပေးမှု၊ နိုင်ငံခြားတိုင်းပြည်အတွင်းသို့ ဝင်ရောက်ရန်ကူညီပေးမှု၊ အကြမ်းဖက်အဖွဲ့အစည်းအတွက် လူသစ်စုဆောင်းပေးမှုတို့ကြောင့် ၔင်းကို ရဲများက တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

ဂျူလီယန်အက်ဆန်း လွှဲပြောင်းပေးရေး ကြားနာစစ်ဆေးမှုစတင်

လန်ဒန် ဖေဖော်ဝါရီ ၂၅

ဝီကီလိခ် ဝက်ဘ်ဆိုက်တည်ထောင်သူ ဂျူလီယန်အက်ဆန်း၏ အမှုကြားနာစစ်ဆေးမှုကို ဗြိတိန်နိုင်ငံတွင် စတင်နေပြီဖြစ်သည်။ ၔင်းကိုအမေရိကန်သို့ ပြန်လည်လွှဲပြောင်းပေးရေး အမှုရင်ဆိုင်နေရခြင်းလည်းဖြစ်သည်။

ဂျူလီယန်သည် လက်ရှိတွင် ဗြိတိန်နိုင်ငံ၌ အကျဉ်းကျခံနေရသူလည်းဖြစ်သည်။ ၔင်းသည် လျှို့ဝှက်သတင်းအချက်အလက်များကို ခိုးယူမှုဖြင့် အမေရိကန်တရားရေး အာဏာပိုင်များ၏ စွပ်စွဲမှုကိုခံထားရသူလည်းဖြစ်သည်။ ၔင်းသည် လန်ဒန်မြို့ရှိ အီကွေဒေါ သံရုံးတွင် ခုနစ်နှစ်ကြာ အချိန်ကုန်ဆုံးခဲ့ရသည်။

သို့သော် လွန်ခဲ့သည့်နှစ်အတွင်း ဗြိတိန်တွင် အာမခံဖြင့် နေစဉ်အတွင်း လိုက်နာရမည့်အချက်များကို ဖောက်ဖျက်ခဲ့သည်ဟုဆိုကာ ဂျူလီယန်ကို ဖမ်းဆီးခဲ့သည်။ ဖေဖော်ဝါရီ ၂၄ ရက်မှ စတင်၍ ကြားနာမှုစတင်နေပြီဖြစ်ကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြကြသည်။

ဂျူလီယန်ကို အမေရိကန်သို့ ပြန်လည်လွှဲပြောင်းပေးသင့်ပြီး အမေရိကန်၌ တရားရင်ဆိုင်သင့်သည်ဟု အမေရိကန်ရှေ့နေများက တစိုက်မတ်မတ် ပြောဆိုခဲ့သည်။ ဂျူလီယန်၏ အပြုအမူများကြောင့် အခြားသူများနှင့် သတင်းပေးများ၏ အခြေအနေကို အန္တရာယ်ကြီး ကျရောက်စေသည်ဟု ရှေ့နေများက ပြောသည်။

ဂျူလီယန်၏ ရှေ့နေကမူ ၔင်း၏ အမှုသည်ကို အမေရိကန်သို့ ပြန်လည်လွှဲပြောင်းပေးပါက ကိုယ့်ကိုယ်ကိုယ် သတ်သေမည့်အခြေအနေနှင့် ကြုံတွေ့နိုင်သည်ဟု ပြောကြားခဲ့သည်။ ထို့အပြင် အမေရိကန်သို့ ပြန်လည်လွှဲပြောင်းပေးပါက ဂျူလီယန်အပေါ် လူသားမဆန်စွာ ပြုမူခြင်းပင်ဖြစ်သည်ဟု ၔင်းကဆက်လက်ပြောကြားခဲ့သည်။

ဂျူလီယန်ကို ထောက်ခံသူများသည် တရားရုံးအပြင်ဘက်တွင် စုဝေးခဲ့ကြသည်။ ကြားနာစစ်ဆေးမှုကို ရပ်နားခြင်းမတိုင်မီ တစ်ပတ်ကြာပြုလုပ်သွားမည်ဖြစ်ပြီး မေလတွင် ဆက်လက် စစ်ဆေးသွားမည်ဖြစ်သည်။

အင်နန်အိတ်ချ်ကေ

ဂျူလီယန်အက်ဆန်းကို ထောက်ခံကြသူများအား လန်ဒန်မြို့တရားရုံးအပြင်ဘက်တွင် တွေ့ရစဉ်။

ကျေးရွာချင်းဆက်တံတားကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဖွင့်လှစ်ပေး

ပဲခူး ဖေဖော်ဝါရီ ၂၅

ပဲခူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက တည်ဆောက်ပေးခဲ့သည့် လေးအိမ်စု-ဝက်လာကွင်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကျေးရွာချင်းဆက် ရေပြာစမ်း သံကူကွန်ကရစ်တံတားဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

တံတားဖွင့်ပွဲတွင် ကျေးရွာချင်းဆက် ရေပြာစမ်း သံကူကွန်ကရစ်တံတားနှင့်ပတ်သက်သည့် အချက်အလက်များကို ပဲခူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီးနောက် တံတားကို ရေပြာစမ်းတောရ ဆရာတော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လေးအိမ်စုကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကျေးရွာချင်းဆက် ရေပြာစမ်းတံတားသည် အရှည် ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေခွဲရှိပြီး သံပေါင်ရက်မခံ သံကူကွန်ကရစ်တံတားဖြစ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၅ သန်းဖြင့် ပဲခူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ တည်ဆောက်ခဲ့ကြောင်း၊ ယခု တံတားကို စတင်အသုံးပြုနိုင်ပြီဖြစ်၍ ဒေသတွင်းရှိ လေးအိမ်စု၊ ဝက်လာကွင်း၊ ရေပြာစမ်းနှင့် သက်ကယ်မြောင် စသည့် ကျေးရွာများမှ ပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေးတွင် ပိုမိုအဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

တံတားဖွင့်ပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေပြာစမ်းတောရကျောင်းအတွင်းရှိ ဇမ္ဗူသိမ်ဘွဲ့စေတီတော်ကို သွားရောက်ဖူးမြော်ကြပြီး ရေပြာစမ်းတောရကျောင်းခ်ဉ် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆွေးနွေးခဲ့သည်။

တင်စိုး(ပဲခူး)

ရေပြာစမ်းတံတားကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း ဖွင့်လှစ်ပေးနေစဉ်။

ကယားလူငယ် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရန် ဆွေးနွေး

လွိုင်ကော် ဖေဖော်ဝါရီ ၂၅

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိနှင့် ပြည်နယ်အတွင်းရှိ လူငယ်လုပ်ငန်းရှင်တို့ ဖေဖော်ဝါရီ ၂၄ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် လူငယ်များက ကယားလူငယ် စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း စတင်ဖွဲ့စည်းဆောင်ရွက်လိုသည့် အခြေအနေများ၊ SME လုပ်ငန်းများနှင့် စပ်လျဉ်း၍ သင်တန်းဖွင့်လှစ်ပို့ချလိုသည့် အခြေအနေများ၊ အသင်း၏ ရည်ရွယ်ချက်များနှင့် မျှော်မှန်းချက်များ၊ ပညာသင်ဆုအစီအစဉ်တစ်ခုဖြစ်သည့် ဂျပန်နိုင်ငံမှ Iuchi Full Scholarship အကြောင်း မျှဝေပွဲကို နည်းပညာ တက္ကသိုလ် (လွိုင်ကော်)နှင့် အထက (၁) လွိုင်ကော်တို့တွင် ကျင်းပခွင့်ရရှိနိုင်ရန်နှင့် စွန့်ဦးတီထွင် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ခေါင်းဆောင်မှုဆိုင်ရာသင်တန်းကို လွိုင်ကော်မြို့နယ်ခန်းမ၌ ကျင်းပခွင့် ရရှိနိုင်ရန် စသည်တို့ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က ကယားလူငယ် စွန့်ဦးတီထွင်လူငယ်များအသင်း ဖွဲ့စည်းခြင်းအတွက် သက်ဆိုင်ရာဌာန တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အသင်းအဖွဲ့ မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်မည့် ကိစ္စများနှင့်ပတ်သက်၍ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်ဖြစ်ပြီး တစ်ပြည်နယ်လုံးရှိ လူငယ်များ လွှမ်းခြုံပါဝင်နိုင်ရေးအတွက် စနစ်တကျ စိစစ်ဆောင် ရွက်ရန်လိုကြောင်း အကြံပြုပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် ပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ထွန်းလေး (ပြန်/ဆက်)

မြစ်ကြီးနားမြို့ ကျောက်စိမ်းအရောင်းပြပွဲကို ကချင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်ပေး

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၅

ကချင် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မြစ်ကြီးနား)က ကြီးမှူးကျင်းပသည့် တတိယအကြိမ် မြန်မာကျပ်ငွေဖြင့် ကျောက်စိမ်းအရောင်းပြပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က မြစ်ကြီးနားမြို့ရှိ ကျောက်မျက်လုပ်ငန်းရှင်များအသင်း ရုံးဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ပြပွဲ ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ကချင်ပြည်နယ်၌ ကျောက်မျက်ပြပွဲကို တတိယအကြိမ် အောင်မြင်စွာ ပြုလုပ်နိုင်သည့်အတွက် ဂုဏ်ယူမိကြောင်း၊ ကချင်ပြည်နယ်၏ဂုဏ်ဆောင် ကျောက်စိမ်းရတနာကို မြစ်ကြီးနားမြို့၌ စျေးကွက် ပီပီပြင်ပြင်ဖြစ်ပေါ်လာရန် အားလုံး ဝိုင်းဝန်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် အမျိုးသား ခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရာတွင် ကချင်ပြည်နယ်သည် အရေးကြီးသည့်ကဏ္ဍမှ ပါဝင်နေကြောင်း၊ ကျောက်မျက်/ကျောက်စိမ်းစျေးကွက် ပီပီပြင်ပြင် ပေါ်ပေါက်လာမည်ဆိုပါက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ကျောက်မျက်အချောထည် ပြုလုပ်သည့် သင်တန်းများနှင့် ကျောက်မျက်ဖြင့် ပန်းချီ၊ ပန်းပုလုပ်သည့် သင်တန်းကျောင်းများ ဖွင့်လှစ်သွားရန်လည်း အရေးကြီးကြောင်း၊ ယခင်နှစ်များတွင် ကျင်းပခဲ့သည့် ပြပွဲများ၏ အားနည်းချက်/အားသာချက်များအပေါ် သုံးသပ်ပြီး နောင်တွင် နိုင်ငံခြားငွေဖြင့် ရောင်းချနိုင်ရေးကိုလည်း အားလုံး ဝိုင်းဝန်းညှိနှိုင်း၍ ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် တတိယအကြိမ် ကျောက်စိမ်းအရောင်းပြပွဲကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်တေဇကျော်၊ ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီ၊ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာနှင့် ပြည်နယ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ပြပွဲအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတွဲများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

ရောင်းချနေသော ကျောက်စိမ်းတွဲများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် လိုက်လံကြည့်ရှုစဉ်။

အဆိုပါ ကျောက်စိမ်းအရောင်းပြပွဲတွင် ကျောက်စိမ်းအတွဲရေ ၆၅၆ တွဲ ပါဝင်ပြသထားကာ အနည်းဆုံး ကြမ်းခင်းစျေး ကျပ် ၁၀ သိန်းမှ ကြမ်းခင်းစျေး ကျပ်သိန်း ၁၀၀၀ ကျော်အထိရှိသည့် ကျောက်စိမ်းတွဲများ ပါဝင်ကြောင်း၊ ရောင်းချသည့်ရက်ကို ၂၄၊ ၂၅၊ ၂၆ သုံးရက် သတ်မှတ်ပေးထားကာ ၂၆ ရက် ညနေပိုင်းတွင် တင်ဒါဖွင့်ဖောက်သွားမည်ဖြစ်ပြီး ၂၇ ရက်တွင် တင်ဒါအောင်မြင်သည့် စာရင်းများကို ကြေညာပေးသွားမည်ဖြစ်ကြောင်း ပြည်နယ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ပြည်နယ် (ပြန်/ဆက်)

နေပြည်တော်၌ စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးမှု သုတေသနစာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မြန်မာ့စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ စိုက်ပျိုးရေးနှင့် ဆည်မြောင်းကဏ္ဍ သုတေသန စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က နေပြည်တော်၊ ဧရယျာဝတီရိုးမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

စာတမ်းဖတ်ပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ စိုက်ပျိုးရေး

စာတမ်းဖတ်ပွဲတွင် ဒုတိယဝန်ကြီးဦးလှကျော် အမှာစကားပြောကြားစဉ်။

သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခ/ဌာနမှူးများ၊ နိုင်ငံခြားတက္ကသိုလ်များမှ စိုက်ပျိုးရေး မဟာသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့များ ရရှိခဲ့ကြသော အရာထမ်း၊ အမှုထမ်းများနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး စာတမ်းရှင် ၄၂ ဦးက သုတေသနဆောင်ရွက်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဖတ်ကြားခဲ့ကြသည်။

ဖတ်ကြားသည့် စာတမ်းများတွင် မြန်မာ့စိုက်ပျိုးရေးလောကဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် စိုက်ပျိုးစီးပွားပညာ/ စီမံခန့်ခွဲရေးပညာနှင့် ကျေးလက်ဖွံ့ဖြိုးရေး/စိုက်ပျိုးထုတ်ကုန် တန်ဖိုးကွင်းဆက်ဆိုင်ရာ သုတေသနစာတမ်း၊ စိုက်ပျိုးရေး အင်ဂျင်နီယာ/ စက်မှုလယ်ယာဆိုင်ရာ သုတေသနစာတမ်း၊ မြေဆီလွှာနှင့် ရေသိပ္ပံဆိုင်ရာ စီမံခန့်ခွဲရေး/ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သုတေသနစာတမ်း၊ လယ်ယာသီးနှံ စိုက်ပျိုးရေး/ဇီဝနည်းပညာ၊ အမြစ်နှင့် ဇီဝပတ်ဝန်းကျင် သိပ္ပံနည်းပညာ သုတေသနစာတမ်း၊ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာဆိုင်ရာ သုတေသနစာတမ်း၊ အပင်မွေးမြူရေးနှင့် ဇီဝနည်းပညာဆိုင်ရာ သုတေသနစာတမ်း၊ အပင်ပိုးမွှားရောဂါကာကွယ်ရေး နည်းပညာဆိုင်ရာ သုတေသနစာတမ်းနှင့် တောင်သူတိုးချဲ့ပညာပေးနှင့် အစားအသောက် သိပ္ပံဆိုင်ရာ နည်းပညာ သုတေသနစာတမ်းများ ပါဝင်ခဲ့ကြောင်း သိရသည်။ **မောင်စိန်လွင် (မြန်မာ့အလင်း)**

နေအိမ်မီးလောင်သည့် ပြည်သူတစ်ဦးအား ချင်းပြည်နယ်အစိုးရက ထောက်ပံ့ငွေပေးအပ်

မင်းတပ် ဖေဖော်ဝါရီ ၂၅

ချင်းပြည်နယ် မင်းတပ်မြို့ တော့ထဲင်ကျေးရွာ၌ ဆိုလာပြားဖြင့်အသုံးပြုသည့် ဘက်ထရီအိုး အပူလွန်ကဲ၍ မီးလောင်ရာမှ နေအိမ်မီးလောင်မှုဖြစ်ပွားပြီး ကလေးနှစ်ဦး သေဆုံးကာ လူကြီးတစ်ဦး ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်အတွက် ဒဏ်ရာရရှိသူ ဦးဂေရှိအား ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများကို ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ဖေဖော်ဝါရီ ၂၄ ရက်တွင် မင်းတပ်ပြည်သူ့ဆေးရုံ၌ သွားရောက်ပေးအပ်ခဲ့သည်။

ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က ကလေးနှစ်ဦး သေဆုံးမှုနှင့် နေအိမ်မီးလောင်မှု၊ ဒဏ်ရာရရှိမှုများအတွက် ကရုဏာကြေးငွေ ကျပ်ကိုးသိန်းကိုလည်းကောင်း၊ မင်းတပ်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက အိမ်ဆောက်ပစ္စည်းဖိုး ကျပ်တစ်သိန်းနှင့် ကလေးနှစ်ဦး သေဆုံးမှုအတွက် ကရုဏာကြေး ကျပ်ခြောက်သိန်းကိုလည်းကောင်း၊ ဆန်ရိက္ခာဖိုး ခုနစ်ရက်စာအတွက် တစ်ဦးလျှင် ကျပ် ၂၁၀၀ ဖြင့် နှစ်ဦးအတွက် ကျပ် ၄၂၀၀ ကိုလည်းကောင်း၊ ဒဏ်ရာရရှိသူ ဦးဂေရှိအတွက် ကရုဏာကြေး ကျပ်ငါးသောင်းနှင့် တန်ဖိုး ကျပ် ၃၇၀၀၀ ကျော် တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးကို လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းစေရေး စီမံဆောင်ရွက်လျက်ရှိ

မန္တလေး ဖေဖော်ဝါရီ ၂၅

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားသုံးစွဲသူ ပြည်သူများ တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားကို စဉ်ဆက်မပြတ် ရရှိအသုံးပြုနိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ အသစ်တိုးချဲ့တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းများကို ရေတိုရေရှည်စီမံချက်များချမှတ်ကာ ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်၏ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးနှင့် ဝင်ငွေတိုးတက် ရရှိစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်။



လတ်တလောဓာတ်အားပြတ်တောက်မှုများကို နားလည်သည်းခံခွင့်လွှတ်ပေးပါရန် ပြည်သူများအား အသိပေးလိုကြောင်း ခရိုင်လျှပ်စစ် မန်နေဂျာ ဦးအေးကျော်က ပြောသည်။ **မြန်မာ့အလင်း**

မန္တလေးခရိုင် မြို့နယ်ခုနစ်မြို့နယ်အတွင်း ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေး၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနည်းပါးရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ Jumper Connection များ ပြုပြင်ခြင်း၊ မီတာများကိုအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေး၍ ရပ်၊ ပျက်၊ နှေးမီတာများကို အမြန်လဲလှယ်တပ်ဆင်ခြင်း၊ ရှုပ်ထွေး ဆားဗစ်ကြိုးများကို ရှင်းလင်းခြင်းလုပ်ငန်းများအား မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ စီမံချက်များရေးဆွဲကာ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်နှင့် ဓာတ်အားသုံးစွဲသူ ပြည်သူများ၏ အကျိုးကိုရှေးရှု၍ ဆောင်ရွက်နေခြင်းဖြစ်သဖြင့် နေရာ၊ အချိန်၊ အပိုင်းအခြားအလိုက်

ပြည်တွင်းထုတ် တိုယိုတာ Hilux ကားကို ၂၀၂၁ ဖေဖော်ဝါရီလတွင် စတင်ရောင်းချမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဂျပန်နိုင်ငံ တိုယိုတာမော်တော်ကားကုမ္ပဏီက ရန်ကုန်၊ သီလဝါစက်မှုဇုန်တွင် စက်ရုံတည်ဆောက်လျက်ရှိပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ပထမဆုံး ပြည်တွင်းထုတ် Hilux ယာဉ်များ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဒုတိယအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကားပြပွဲတွင် Toyota Myanmar Company ၏ မန်နေဂျင်းဒါရိုက်တာ Mr. Hiroyuki Oide က ပြောသည်။

သီလဝါစက်မှုဇုန်၌ ၂၀၁၉ ခုနှစ်က Toyota Myanmar Yangon စက်ရုံတည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာ ၅၂ ဒသမ ၆ သန်းခန့် ခန့်မှန်းထားကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် တိုယိုတာကားအစီးရေ ၂၅၀၀ ခန့်ကို ထုတ်လုပ်သွားရန်နှင့် ဝန်ထမ်းသစ် ၁၃၀ ခန့်အပ်သွားရန် စီမံကိန်းရေးဆွဲထားကြောင်း သိရသည်။

တိုယိုတာမှ Toyota Beyong Toyota ဆောင်ပုဒ်နှင့်အညီ ယခင်ထက်သာလွန်သော တိုယိုတာမော်တော်ယာဉ်များကို ထုတ်လုပ်ကာ နိုင်ငံပေါင်း ၁၅၀ သို့ တင်ပို့ရောင်းချလျက်ရှိပြီး ၎င်း၏နောက်ဆုံးပေါ် Corolla Altis ကားသစ်နှင့် လူကြိုက်များသည့် Fortuneri Hilux Revo၊ Innova၊ Majesty နှင့် Rush ကားများကို မြန်မာပြည်တွင်း၌ ပြသရောင်းချလျက်ရှိသည်။

သန့်ဇင်ဝင်း

(၂၃) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းလောင်းလူပွဲကျင်းပမည်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၅

ပြင်ဦးလွင်မြို့ ကန်ဦးကျောင်းတိုက်အတွင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သုခဝါဠုရွှေကြာရံ (ရန်ပြေမာန်ပြေ) ဆုတောင်းပြည့်စေတီတော်ကြီး၏ (၂၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် သံဃိကဒါနဆွမ်းလောင်းလှူပွဲကို မတ် ၁ ရက်မှစ၍ ကန်ဦးကျောင်းတိုက်ဆရာတော်အားအမှူးထားပြီး စေတနာရှင် ဒါယကာ၊ ဒါယိကာမများက ကြီးမှူးကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဘုရားအနေကဇာတင်ပူဇော်ခြင်း၊ သံဃာတော် ၁၀၈ ပါးအား ဆွမ်းလောင်းလှူ ဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်မည်ဖြစ်ပြီး ကြွရောက်လာသောဧည့်သည်တော်များနှင့် အလှူရှင်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

မြတ်ဆုမွန်

မအူပင်မြို့နယ်မှ ကျေးရွာ ခြောက်ရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

မအူပင် ဖေဖော်ဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းမှ သောက်သုံးရေအခက်အခဲရှိသော ကျေးရွာခြောက်ရွာ၌ ရေရရှိရေးလုပ်ငန်းများကို မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၇၀၄ သိန်းဖြင့် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ရွာတစ်ရွာ၌ စက်ရေတွင်းတူးဖော်ပေးနေစဉ်။

ဆောင်ရွက်နေသောလုပ်ငန်းများမှာ အနက် ပေ ၄၀၀ စက်ရေတွင်းများ တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်များ တည်ဆောက်ခြင်း၊ ရေစက်ရုံများ တည်ဆောက်ခြင်းတို့ဖြစ်ပြီး လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပါက အဆိုပါ ရွာခြောက်ရွာရှိ အိမ်ခြေ ၅၀၀ ကျော်မှ လူဦးရေ ၃၁၀၀ ကျော်အား သောက်သုံးရေ လုံလောက်စွာရရှိစေရန် အကျိုးပြုမည်ဖြစ်သည်။

ကျေးရွာ ခြောက်ရွာအနက် စကားလွန်ကျေးရွာ၌ ဆောင်ရွက်နေသော လုပ်ငန်းများကို ယမန်နေ့က မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသိန်းစိုးနှင့် တာဝန်ရှိသူများက စစ်ဆေးခဲ့ကာ သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူက ရှင်းလင်းပြသပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေး မှာကြားခဲ့သည်။

မအူပင်မြို့နယ်၌ ကျေးရွာအုပ်စု ၇၆ စု၊ ကျေးရွာပေါင်း ၄၄၂ ရွာ ရှိသည့်အနက် သောက်သုံးရေ အခက်အခဲရှိသော ကျေးရွာများတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၁၅၆ ရွာရှိ အိမ်ခြေ ၂၃၀၀၀ ကျော်မှ လူဦးရေ တစ်သိန်းကျော်အား အကျိုးပြုသည့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထွန်းထွန်း(ဧရာဝတီ)

မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများရေရှားပါးပြတ်လပ်ပါက ဆက်သွယ်အကူအညီတောင်းခံနိုင်

မကွေး ဖေဖော်ဝါရီ ၂၅

မကွေးမြို့နယ်အတွင်း ကျေးရွာပေါင်း ၂၁၆ ရွာနှင့် တဲတိုက် ၁၇ ခုရှိရာ အဆိုပါ ကျေးရွာများရှိ ကျေးလက်နေ ပြည်သူများအနေဖြင့် မိမိတို့ကျေးရွာများအတွင်း ရေအရင်းအမြစ်များ နွေရာသီကာလတွင် ရေပြတ်လပ်မှုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းမိပါက ကြိုတင်အကြောင်းကြားနိုင်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးက ပြောသည်။

မကွေးမြို့နယ်အတွင်း ယခုဘဏ္ဍာရေးနှစ်တွင်လည်း နွေရာသီကာလသောက်သုံးရေဖူလုံစွာ ရရှိစေရေးအတွက် ကျေးရွာ ၁၂ ရွာမှ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ခုနစ်ခု၊ မြေသားရေကန်ပြုပြင်တူးဖော်ခြင်း လုပ်ငန်းတစ်ခု၊ ရေမြှုပ်ပန့်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းတစ်ခု၊ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းတစ်ခုနှင့် အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းတစ်ခုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၉၉ ဒသမ ၂၄၁ သန်း၊ ပြည်သူထည့်ဝင်ငွေ ၁၂ ဒသမ ၉၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းလွင်(မကွေး)

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅-၂-၂၀၂၀

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၂၄၄၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၇၀၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၂၄၅၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၇၁၉၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၈၀၀/၈၆၅	ကျပ်	၈၅၀/၈၇၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၁၀/၈၈၀	ကျပ်	၈၆၅/၈၈၀	ကျပ်
အောက်တိန်း ၉၂	၇၄၀/၇၈၀	ကျပ်	၈၀၀/၈၁၀	ကျပ်
အောက်တိန်း ၉၅	၈၆၀/၉၁၀	ကျပ်	၉၂၀/၉၄၀	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၄၄၆ . ၇
ဥရောပ	တစ်ယူရို	ကျပ်	၁၅၇၁ . ၇
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၀၃၄ . ၇
ဖြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၈၇၇ . ၇
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၃၁၀ . ၄
သြစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၉၅၅ . ၀၀
တရုတ်	တစ်ယွမ်	ကျပ်	၂၀၆ . ၁၂
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၀ . ၁၂၈
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၁၉ . ၀၂
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၄၁ . ၇၇
ထိုင်း	တစ်ဘတ်	ကျပ်	၄၅ . ၆၀၈

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၂၀၀၀	၁၂၀၀၀	၂၂၂၉	၂၆၇၇၆၅၀၀
MTSH	၃၉၅၀	၄၀၀၀	၅၃၄၄	၂၁၁၁၅၃၅၀
MCB	၈၂၀၀	၈၂၀၀	၄၈	၃၉၃၆၀၀
FPB	၂၃၀၀၀	၂၃၀၀၀	၃၁၉၄	၇၂၈၄၀၀၀၀
TMH	၂၉၀၀	၀	၀	၀

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၅၃၄၊ ၀၁-၅၅၉၁၁၈၊ Fax ၀၁-၅၄၄၂၁၀၊ ၀၆၇-၃၆၁၄၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

ရုပ်ရှင်ထူးချွန်ဆုအတွက် ဒုတိယအဆင့်ရွေးချယ်ထားသော ဆန်ခါတင် ၂၉ ကားကို ထုတ်ပြန်ကြေညာ

၂၀၁၉ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် ဒုတိယအဆင့် ကြည့်ရှုခဲ့သည့် ရုပ်ရှင်ဇာတ်ကားများထဲမှ ရွေးချယ်ထားသည့် ဆန်ခါတင် ၂၉ ကားစာရင်းကို ရုပ်ရှင်အစည်းအရုံးက တရားဝင်ထုတ်ပြန်ကြေညာထားပြီဖြစ်သည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က "ဦးတို့ ဒုတိယအဆင့် ကြည့်ရှုတဲ့ ရုပ်ရှင်ဇာတ်ကားတွေကို ကြေညာလိုက်ပါပြီ။ ဦးတို့က အစည်းအရုံးအနေနဲ့ တရားဝင် ထုတ်ပြန်လိုက်တာပါ။ ပထမတော့ မကြေညာတော့ဘူးလို့ လုပ်ထားပေမယ့် ကမ္ဘာမှာလည်း Nomination ကားတွေ စာရင်းထုတ်ပြန်တာတွေရှိတယ်ဆိုတော့ ထုတ်ပြန်ကြေညာလိုက်တာပါ၊ နောက်ထပ် နောက်ဆုံးအဆင့် ထုတ်ပြန် ကြေညာဖို့တော့ မရှိတော့ပါဘူး"ဟုပြောသည်။

အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ရုပ်ရှင်ကားများတွင် အဓိက အမျိုးသားဇာတ်ဆောင်များ ပါဝင်ထားသည့် ဇာတ်ကားများအနေဖြင့် သရုပ်ဆောင် နေတိုး၏ ဇာတ်ကား ကိုးကားအထိ ပါဝင်နေပြီး သရုပ်ဆောင် မြင့်မြတ်က ငါးကား ပါဝင်ကာ အဓိက အမျိုးသမီးဇာတ်ဆောင်များ ပါဝင်ထားသည့် ဇာတ်ကားများအနေဖြင့် သရုပ်ဆောင် ရွှေမှုံရတီက ဇာတ်ကား ငါးကား၊ အိန္ဒြာကျော်ဇင်၊ ဝတင်မှုံရွှေရည် နှင့် ဖွေးဖွေးတို့က လေးကားစီ ပါဝင်လျက်ရှိသည်။ ထို့အပြင် သက်မွန်မြင့်နှင့် ပိုင်ဖြိုးသုတို့က နှစ်ကားစီ ပါဝင်နေကြောင်း သိရသည်။

"အကယ်ဒမီပေးပွဲက တစ်ဖက်က ပြင်ဆင်နေသလို ရွေးကြိုတွေကိုတော့ Voting စနစ်နဲ့ သပ်သပ်ရွေးချယ်နေမှာပါ။ လူဦးရေ အယောက် ၅၀ စာရင်းကို စိစစ်ရွေးချယ်ရင်းနဲ့ သုံးယောက်တစ်တွဲကနေ အဆင့်ဆင့် ဖြတ်သွားမှာပါ။ ရုပ်သံလိုင်းတွေက ပြသရင်းနဲ့ တစ်ယောက်စီ အဆင့်ဆင့် ပြုတ်သွားမှာပါ"ဟု ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌက ပြောသည်။ မြန်မာ့ရုပ်ရှင်အစည်းအရုံး(ဗဟို)က ဦးစီးပြုလုပ်သော ရွေးကြိုမောင်မယ်များကို Voting စနစ်ဖြင့် ရွေးချယ်ခြင်း အစီအစဉ်ကို မတ် ၂၁ ရက်အထိ ပြုလုပ်ရွေးချယ်သွားမည်ဖြစ်ပြီး မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲကို မတ် ၂၉ ရက်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပသွားမည်ဖြစ်သည်။

ကိုလင်း



မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်

ပိုးမီ၏ "ဒါပေမယ့် ချစ်တယ်" တေးသီချင်းကို အွန်လိုင်းမှ တင်ပေးသွားမည်

မြန်မာအိုင်ဒေါလ် အဆိုရှင်တစ်ဦးဖြစ်သူ ပိုးမီ၏ အသည်းကွဲသည့် ကုန်ကြမ်းများဖြင့် ရေးသားထားသော "ဒါပေမယ့် ချစ်တယ်" တေးသီချင်းကို အမ်တီဗီရိုက်ကူးနေပြီဖြစ်ပြီး ယခု ဖေဖော်ဝါရီလထဲမှာပင် လူမှုကွန်ရက် စာမျက်နှာပေါ်၌ တင်ပေးသွားမည်ဖြစ်ကြောင်း တေးရေး တေးဆို ပိုးမီက ပြောသည်။

"ပိုးမီ လက်ရှိရေးထားတဲ့ သီချင်းလေးတစ်ပုဒ်ကို Single Song အနေနဲ့ ထွက်ဖို့ကြိုးစားနေပါတယ်။ ရိုက်ကူးရေးတွေလုပ်ဖို့ရှိတယ်။ ပိုးမီရဲ့ ထုံးစံအတိုင်း အသည်းကွဲမယ်ပေါ့။ ဒီချစ်သူကို မေ့ပစ်ရတော့မယ်၊ မေ့ဖို့လည်း ကြိုးစားနေပေမယ့် ချစ်နေတုန်းပဲ ဆိုတဲ့ သီချင်းလေးပါ။အသည်းကွဲနေတဲ့ ပရိသတ်တွေရှိတော့ ဒီသီချင်းက ရင်ထဲထိမယ်ထင်ပါတယ်။ ပိုးမီက လူအထင်ကြီးအောင်တော့ အသည်းက ခဏခဏကွဲတယ်။ အသည်းကွဲတာ ကုန်ကြမ်းလည်းရတယ်။ အသည်းကွဲတဲ့ ကိုယ့်အတွေ့အကြုံရယ်၊ စိတ်ကူးယဉ်ဆန်တာရယ်ကို ပေါင်းစပ်ပြီးတော့ သီချင်းရေးဖြစ်တယ်။ ကိုယ်ပိုင်ခံစားချက်မပါရင် အစစ်အမှန်ဆိုတာ ဖြစ်မလာဘူးလေ။ ရောရတာပေါ့"ဟု သီချင်းအကြောင်းနှင့် ကိုယ်တိုင် သီချင်းရေးသည့် ခံစားချက်များကို ပိုးမီက ပြောပြသည်။

"ဒါပေမယ့် ချစ်တယ်" တေးသီချင်း အမ်တီဗီတွင် ပိုးမီကိုယ်တိုင် ပါဝင်သရုပ်ဆောင်ထားပြီး ဇာတ်လမ်းပုံစံ ရိုက်ကူးသွားမည်ဖြစ်ကြောင်းနှင့် သီချင်းထွက်မည့်အတွက် နယ်ရှိုးပွဲများ ဖျော်ဖြေရေးကိုလည်း ခေတ္တနားထားကြောင်း သိရသည်။

ကိုလင်း

ကျေးရွာဓလေ့များကို ဖော်ကျူးရိုက်ကူးထားသော "ရွာဇော်ကြီး"ရုပ်ရှင် ရုံတင်တော့မည်

လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ တင်ဆက်သည့် ဟာသဒရာမာဇာတ်လမ်းအဖြစ် ပုံဖော် ရိုက်ကူးထားသော ရွာဇော်ကြီး ရုပ်ရှင်ဇာတ်ကား Red Carpet ရှိုးကို ဖေဖော်ဝါရီ ၂၄ ရက်က ရန်ကုန်မြို့အလံပြဘုရားလမ်းရှိသမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့သည်။ အဆိုပါ ဇာတ်ကားကို ၂၀၁၆ ခုနှစ်အတွင်းက ပုပ္ပားနယ်တစ်ဝိုက်နှင့် ပုဂံတို့တွင် သွားရောက်ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး ယခု ဖေဖော်ဝါရီ ၂၇ ရက်တွင် စတင် ရုံတင်ပြသမည်ဖြစ်သည်။

"ဒီကားလေးက ကျေးရွာဟာသ ပုံစံလေးဖြစ်တဲ့အတွက် အသိုင်းအဝိုင်းတောင့်တောင့်တင်းတင်းနဲ့ ထုတ်လုပ်သူအနေနဲ့လည်း အဲဒီအချိန်က ဘတ်ဂျက်အပြည့်သုံးထားတဲ့ ဇာတ်ကားပါ။ ဒါကြောင့် ဇာတ်ပို့ဇာတ်ရံ ပြည့်ပြည့်စုံစုံ ပါဝင်တာပါ။ ဖျော်ဖြေရေးတစ်ခုပုံစံ ဖန်တီးပေးဖို့ ဟာသကို အခြေခံထားပေမယ့် ဇာတ်သိမ်းပိုင်းကိုတော့ ဒရာမာလေးနဲ့ အဆုံးသတ်ထားပါတယ်။ ရွာဇော်ကြီးရုပ်ရှင်ကို ပရိသတ်တွေ လာကြည့်ရင် နှစ်နာရီစာလောက်တော့ ဘဝအမောတွေ ပျောက်စေမှာပါ"ဟု ဒါရိုက်တာ ကျော်ဇောလင်း(အတွေးပုံရိပ်)က ပြောသည်။

အဆိုပါ ဇာတ်ကား၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ကိုကျော်ရေးသား၍ ဒါရိုက်တာ ကျော်ဇောလင်း(အတွေးပုံရိပ်)က ရိုက်ကူးကာ သရုပ်ဆောင်များအနေဖြင့် နေတိုး၊ အိန္ဒြာကျော်ဇင်၊ နေနော်၊ ယွန်းရွှေရည်တို့နှင့် အတူ ပေါ်လေး၊ ဟိန်းမင်း၊ ၄က်ပျောကြော်၊ ကောင်းစံ၊ ကျင်ဝှက်၊ မျောက်ရှုံး၊ ကြာစိ၊ အောင်သော်၊ အောင်မော်၊ ရဲလေးမ၊ တင်ဇာဝင်းပြည့်၊ မျိုးမျိုးခိုင်စသည့် ဟာသသရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ကိုလင်း

အမျိုးသမီးထုအတွက် ရသပိုင်းနှင့် ပညာပေး ပေါင်းစပ်ရိုက်ကူးထားသော "လေဒီဒိန်းဂျား"ရုပ်ရှင် ရုံတင်တော့မည်

ရွှေစည်တော် ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်ပြီး ခန့်စည်သူ၊ ခါရာ၊ ထွန်းအိန္ဒြာဗိုလ်၊ အိန္ဒြာကျော်ဇင်၊ ပိုင်ဖြိုးသုနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသော လေဒီဒိန်းဂျား (Lady Danger) ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၂၇ ရက်တွင် စတင် ရုံတင်ပြသတော့မည်ဖြစ်သည်။

လေဒီဒိန်းဂျား ရုပ်ရှင်၏ ဝတ္ထုနှင့် ဇာတ်ညွှန်းကို မိုးနီလွင် ရေးသားပြီး အမျိုးသမီး လူငယ်ဒါရိုက်တာ ပွင့်သိဂီဇော်က ရိုက်ကူးထားကြောင်း သိရသည်။ ဒါရိုက်တာ ပွင့်သိဂီဇော်က "ဒီဇာတ်ကားလေးက အိမ်ထောင်ရေးကားပါ။ တစ်ခါတလေ ပွင့် ရိုက်တဲ့ ဇာတ်ကားတွေက မသိမသာလေး မိန်းကလေးဦးဆောင်တဲ့ ဇာတ်တွေ ဖြစ်နေတတ်တယ်။ မရိုက်ခင်ကတည်းကလည်း ပွင့်က မိန်းကလေးတွေကို အားပေးတဲ့ဇာတ်လေးတွေ ဖန်တီးဖြစ်တယ်။ လေဒီဒိန်းဂျားကတော့ ဟာသပုံစံလေးတွေ ပိုများမယ်။ အိမ်ထောင်တစ်ခုမှာ တစ်ယောက်ယောက်က ခြေလှမ်းမှားမယ်ဆိုရင် ယောကျ်ားလည်းခံရမယ်၊ မိန်းမလည်း ခံရမယ်၊ အဲဒီမိသားစုမှာ ကလေးရှိရင် ကလေးလည်း ခံရမယ်။ ရယ်စရာ မောစရာဆိုတဲ့နေရာမှာ ရယ်စရာက ပျော်ဖို့ကောင်းတာပေါ့။ ကိုယ်ယူရင် ယူသလိုတော့ Message လေးတွေ ရနိုင်ပါလိမ့်မယ်။ အိမ်ထောင်သည်တွေတင်မဟုတ်ဘဲ ရည်းစားဖြစ်နေတဲ့အချိန်မှာတောင် တချို့မိန်းကလေးတွေ အနိုင်ကျင့်ခံရတာတွေလည်း ရှိတယ်။ အိမ်ထောင်ရှိတဲ့သူတွေအတွက်ဆို အိမ်တွင်းအကြမ်းဖက်တာတွေလည်း ရှိတယ်။ ဖောက်ပြန်တာတွေရှိမယ်။ ဒါဆိုရင် မိန်းကလေးတွေ ဘက်က ငြိမ်ခံနေမယ့်အစား ဘယ်လိုလုပ်သင့်တယ် ဆိုတာတွေကို ပညာပေးလေးနည်းနည်းနဲ့ ရိုက်ပြထားပါတယ်"ဟု ပြောသည်။

အဆိုပါဇာတ်ကားတွင် သရုပ်ဆောင်ခန့်စည်သူနှင့် အတူ တွဲဖက်သရုပ်ဆောင်ထားသည့် ထွန်းအိန္ဒြာဗိုလ်က လည်း "ကျွန်မက ဒီကားမှာ ကိုခန့်ရဲ့ အမျိုးသမီးနေရာကနေ သရုပ်ဆောင်ရမှာပါ၊ နည်းနည်း ရိုးရိုးအအ မိန်းမ တစ်ယောက်ပုံစံပေါ့နော်၊ ဇာတ်ကားလေးက ရိုးရှင်းပေမယ့် ပြောထားတဲ့ စကားလုံးတွေက တော်တော်ကောင်းပါတယ်၊ ဒါရိုက်တာကလည်း မိန်းကလေးတစ်ယောက်မို့လား မသိဘူး၊ တကယ်ကောင်းအောင် တင်ပြထားတာ တွေ့ရတယ်၊ ပြီးတော့ ဇာတ်ကားထဲမှာ ကျွန်မပြောတဲ့စကားလေးတွေ အွန်လိုင်းမှာ ပျံ့နေတာ တွေ့ရတယ်၊ ပရိသတ်တွေကလည်း သဘောကျတယ်ဆိုတော့ အတိုင်းမသိ ကျေးဇူးတင်ပါတယ်"ဟု ထွန်းအိန္ဒြာဗိုလ်က ပြောသည်။

လေဒီဒိန်းဂျား ဇာတ်ကားတွင် ရိုးသားဖြူစင်သော မိန်းကလေးအချို့၏ ဘဝများသည် စိတ်ဓာတ်ရေးရာ နိမ့်ပါးသော ယောကျ်ားအချို့ကြောင့် ပျက်စီးခဲ့ပုံနှင့် ထက်မြက်သည့် အမျိုးသမီးများအနေဖြင့် ထိုသို့သော ယောကျ်ားသားများကို ပညာပေးပုံများ၊ အိမ်ထောင်ရှိလျက်နှင့် သစ္စာဖောက်သည့်အတွက် နောက်ဆုံးတွင် ဒုက္ခရောက်တတ်ပုံများကို ဟာသနှင့်ရောရ၍ ရိုက်ကူးတင်ဆက်ထားကြောင်း သိရသည်။

ကိုလင်း

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၂၂၀ သန်း၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၉၂၅ ဒသမ ၆၈၄ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၃။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

စဉ်	ကဏ္ဍ	ဒီဇင်ဘာလ		ဇန်နဝါရီလ	
		လုပ်ငန်းခုရေ	မတည်ငွေရင်းပမာဏ US$(သန်း)	လုပ်ငန်းခုရေ	မတည်ငွေရင်းပမာဏ US$(သန်း)
(က)	ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ	-	-	-	၁၄၅.၀၀၀*
(ခ)	စက်မှုကဏ္ဍ	၃၀	၇၃.၄၇၁	၂၇	၉၄.၃၆၉
(ဂ)	လျှပ်စစ်ဓာတ်အားကဏ္ဍ	၁	၃၅.၀၃၅	၃	၄၈၇.၈၆၅
(ဃ)	အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ	၁	၂၃.၀၀၀	၂	၁၆၁.၈၆၀*
(c)	ဟိုတယ်နှင့် ခရီးသွားကဏ္ဍ	၁	၀.၈၁၄	-	၂၇.၁၄၀*
(စ)	မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ	-	-	၁	၈.၉၅၀
(ဆ)	အခြားဝန်ဆောင်မှုကဏ္ဍ	-	၄.၉၀၀*	၁	၀.၅၀၀
စုစုပေါင်း		၃၃	၁၃၇.၂၂၀	၃၄	၉၂၅.၆၈၄

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ထားသည့်ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၄။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ၄၆၄ သန်းနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၁၀၉၈၂၂ ဒသမ ၉၄၇ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၅။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	ကဏ္ဍ	ဒီဇင်ဘာလ		ဇန်နဝါရီလ	
		လုပ်ငန်းခုရေ	မတည်ငွေရင်းပမာဏ ကျပ်(သန်း)	လုပ်ငန်းခုရေ	မတည်ငွေရင်းပမာဏ ကျပ်(သန်း)
(က)	အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ	-	-	၁	၄၁၂၀.၀၀၀
(ခ)	စက်မှုကဏ္ဍ	၂	၁၆၇၀၇.၁၆၀*	၄	၂၁၉၈၉.၈၉၀*
(ဂ)	ဟိုတယ်နှင့် ခရီးသွားကဏ္ဍ	-	-	၅	၆၂၁၉၄.၇၅၇
(ဃ)	လျှပ်စစ်ဓာတ်အားကဏ္ဍ	၁	၁၉၂၂.၈၀၄	-	-
(c)	လယ်ယာကဏ္ဍ	၁	၈၈၈.၅၀၀	-	-
(စ)	အခြားဝန်ဆောင်မှုကဏ္ဍ	-	-	၃	၂၁၅၁၈.၃၀၀*
စုစုပေါင်း		၄	၁၉၅၁၈.၄၆၄	၁၃	၁၀၉၈၂.၂.၉၄၇

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ထားသည့်ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၆။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

စဉ်	ကဏ္ဍ	ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ)	
		ဒီဇင်ဘာလ	ဇန်နဝါရီလ
(က)	မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ	-	၅၇
(ခ)	စက်မှုကဏ္ဍ	၁၈၁၉*	၁၅၈၁၉*
(ဂ)	လျှပ်စစ်ဓာတ်အားကဏ္ဍ	၄၀	၃၂၇
(ဃ)	ဟိုတယ်နှင့်ခရီးသွားကဏ္ဍ	၁၅	-
(c)	ဆောက်လုပ်ရေးကဏ္ဍ	-	၉၃၀
(စ)	အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ	၃၄	၅၆၉
(ဆ)	အခြားဝန်ဆောင်မှုကဏ္ဍ	-	၁၀
စုစုပေါင်း		၁၈၂၈၀	၁၇၇၁၂

* လုပ်သားအင်အား တိုးမြှင့်ခန့်ထားခြင်း အပါအဝင် ဖြစ်ပါသည်။

၇။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	ကဏ္ဍ	ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ)	
		ဒီဇင်ဘာလ	ဇန်နဝါရီလ
(က)	လျှပ်စစ်ဓာတ်အားကဏ္ဍ	၂၀	-
(ခ)	စက်မှုကဏ္ဍ	၂၁၇	၄၅၃
(ဂ)	ဟိုတယ်နှင့်ခရီးသွားကဏ္ဍ	-	၉၆၃
(ဃ)	အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ	-	၇၀
(c)	လယ်ယာကဏ္ဍ	၅၁	-
(စ)	အခြားဝန်ဆောင်မှုကဏ္ဍ	-	၃၆၄
စုစုပေါင်း		၂၈၈	၁၈၅၀

(၃၆၅)ရက် နေ့စဉ်အရုဏ်ဆွမ်းလောင်းအသင်း နှစ်ပတ်လည်နှင့် အမှုဆောင်ရွေးချယ်ပွဲ ကျင်းပ

တောင်ငူ ဖေဖော်ဝါရီ ၂၅

တောင်ငူမြို့ (၃၆၅)ရက် နေ့စဉ်အရုဏ်ဆွမ်းလောင်းအသင်း၏ ၂၀၁၉ ခုနှစ် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တာဝန်ပေးအပ်ပွဲကို ယမန်နေ့က ရွှေနှင်းဆီဗိမာန်တော်တွင် ကျင်းပသည်။

သင်းလုံးကျွတ်အစည်းအဝေးကြီးသို့ အသင်းနာယကကြီးများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထောက်အကူပြုကော်မတီဝင်များ၊ အသင်းသူ အသင်းသားများစုံညီစွာတက်ရောက်ကြသည်။ အဆိုပါ နှစ်ပတ်လည်တွင် အသင်းကြီး၏ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး လုပ်ငန်းအထောက်အကူပြုကော်မတီ များက ၂၀၁၉ ခုနှစ် နှစ်ချုပ်အစီရင်ခံစာအား ဖတ်ကြားတင်သွင်းကာ ၂၀၁၇ မှ ၂၀၁၉ ထိ တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် အမှုဆောင်များအားလုံးက သက်တမ်းကုန်ဆုံးပြီးဖြစ်၍ တာဝန်မှနုတ်ထွက်ကြောင်း ကြေညာသည်။

ယင်းနောက် အသင်းကြီး၏ ၂၀၂၀ မှ ၂၀၂၂ ထိ သုံးနှစ်သက်တမ်းကာလအတွက် အသင်းနာယကများနှင့် အသင်းအလုပ်အမှုဆောင်အဖွဲ့အား ဥက္ကဋ္ဌ ဦးစောဌေးနှင့် အတွင်းရေးမှူး ဦးသိန်းထိုက်အေး တို့ပါဝင်သည့် ဦးစီးကော်မတီနှင့် လုပ်ငန်းအထောက်အကူပြုကော်မတီအသီးသီးတို့ကို ရွေးချယ်တာဝန်ပေးအပ်ကြောင်း သိရသည်။ ဝ၄၈

နိုင်ငံတကာအနုပညာသတင်းပဒေသာ

ရုပ်ရှင်မင်းသားကြီး ဟာရီဆင်ဖို့ဒ်က ပျော်ရွှင်ခိုင်မြဲတဲ့ အိမ်ထောင်ရေးလျှို့ဝှက်ချက်အကြောင်း မျှဝေလာ

Air force One၊ အင်ဒီယာနာဂျုံး ရုပ်ရှင်ကားများအပါအဝင် အခြားနာမည်ကြီး ဇာတ်ကားတွေမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ရုပ်ရှင်မင်းသားကြီး ဟာရီဆင်ဖို့ဒ်ဟာ ရုပ်ရှင်မင်းသမီး ကလက်စတာဖလော့ခ်ဟာ့ဒ်နဲ့ အတူနေခဲ့ကြတာ ၁၈ နှစ်ရှိပြီ ဖြစ်ပြီး အိမ်ထောင်သက်ကတော့ ၁၀ နှစ်ရှိပါပြီ။

ဒီလိုမျိုး ခိုင်ခိုင်မာမာလက်တွဲနေတဲ့ စုံတွဲဟာ ဟောလိဝုဒ်အသိုင်းအဝိုင်းမှာတော့ တွေ့မြင်ရဖို့ ခဲယဉ်းတဲ့အရာတစ်ခုပါ။ အခုအခါမှာတော့ မင်းသားကြီး ဟာရီဆင်ဖို့ဒ်က အိမ်ထောင်သက်ရှည်ကြာပြီးပျော်ရွှင်တဲ့ အိမ်ထောင်သည်ဘဝ

ဟာရီဆင်ဖို့ဒ်နှင့် ဇနီးဖြစ်သူ ကလက်စတာဖလော့ခ်ဟာ့ဒ်

ရရှိဖို့ ဘယ်လိုနေထိုင်ရမယ်ဆိုတဲ့ လျှို့ဝှက်ချက်ကိုဝေမျှလာပါတယ်။ ဟာရီဆင်ဖို့ဒ်ရဲ့ လျှို့ဝှက်ချက်ကတော့ ရိုးရှင်းပါတယ်။ "စကားမပြောပါနဲ့ ခေါင်းပဲညိတ်နေပါ"ဆိုပြီး ဟာရီဆင်ဖို့ဒ်က ပရိတ်မဂ္ဂဇင်းနဲ့ အင်တာဗျူးမှာ အရှုန်းဖောက်ပြီးပြောခဲ့တာပါ။

ဟာရီဆင်ဖို့ဒ်နဲ့ ဖလော့ခ်ဟာ့ဒ်တို့ဟာ ၂၀၀၂ ခုနှစ် ရွှေကမ္ဘာလုံးဆုပေးပွဲမှာ တွေ့ဆုံခဲ့ကြပြီး ရှစ်နှစ်ကြာတဲ့နောက် လက်ထပ်ခဲ့ကြပါတယ်။ ဖို့ဒ်မှာတော့ အရင်အိမ်ထောင်နှစ်ဆက်နဲ့ ကလေးလေးယောက်ရှိပြီး ဖလော့ခ်ဟာ့ဒ်မှာတော့ မွေးစားထားတဲ့ ကလေးတစ်ဦးသာ ရှိပါတယ်။

သူတို့နှစ်ဦးဟာ အသက် ၂၂ နှစ်ကွာခြားပြီး အသက်အရွယ်ကွာဟမှုဟာ သူတို့ရဲ့ ချစ်ခြင်းမေတ္တာကို ဘာမှအနှောင့်အယှက်မပေးဘူးလို့ ဖလော့ခ်ဟာ့ဒ်က ၂၀၁၇ ခုနှစ်က ပြုလုပ်တဲ့အင်တာဗျူးမှာ ဖြေခဲ့ပါတယ်။ ဟာရီဆင်ဖို့ဒ်ရဲ့အသက်ဟာ ၇၇ နှစ်ရှိပြီဖြစ်ပြီး ဇနီးသည် ဖလော့ခ်ဟာ့ဒ်ရဲ့ အသက်ကတော့ ၅၅ နှစ်ပဲ ဖြစ်ပါတယ်။ **ရီနိုးဒ့ေါ်ကွန်း**

အဲဗစ်ပရက်စလေရဲ့ စံချိန်ကို ဂျက်စတင်ဘီဘာ ချိုးလိုက်နိုင်ပြီ

ဂျက်စတင်ဘီဘာရဲ့ Changes ဆိုတဲ့ အယ်လ်ဘမ်ဟာ အမေရိကန် Billboard ဇယားမှာ နံပါတ် ၁ ချိတ်ပြီး လွန်ခဲ့တဲ့ ၅၉ နှစ်က အဲဗစ်ပရက်စလေရဲ့ စံချိန်ကို ချိုးလိုက်နိုင်ပြီပဲဖြစ်ပါတယ်။

အခုဆိုရင်အသက် ၂၅ နှစ်အရွယ် ဂျက်စတင်ဘီဘာဟာ အမေရိကန် Billboard ဇယားမှာ နံပါတ် ၁ နေရာကို ခုနှစ်ကြိမ်တိုင်တိုင် ရယူနိုင်ခဲ့တဲ့ အသက်အငယ်ဆုံး အနုပညာရှင်ဖြစ်သွားပါပြီ။

အဲဗစ်ပရက်စလေဟာလည်း အသက် ၂၆ နှစ်အရွယ်တုန်းက Blue Hawaii

အဆိုတော် ဂျက်စတင်ဘီဘာ။

အယ်လ်ဘမ်နဲ့ နံပါတ် ၁ နေရာကို ခုနှစ်ကြိမ်မြောက်အဖြစ် ရယူနိုင်ခဲ့ပါတယ်။ ဂျက်စတင်ဘီဘာအတွက်တော့ Changes အယ်လ်ဘမ်ဟာ လေးနှစ်တာကာလအတွင်းမှာ ပထမဆုံးအကြိမ်အဖြစ် ထွက်ရှိတဲ့ အယ်လ်ဘမ်လည်း ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ သီတင်းပတ်မှာတင် အယ်လ်ဘမ်အချပ်ရေပေါင်း ၂၃၁၀၀၀ ရောင်းချရပြီး နံပါတ် ၁ နေရာကို ရောက်ရှိလာခဲ့ပါတယ်။ အဲဒီသီချင်း အယ်လ်ဘမ်ထဲမှာ ဂျက်စတင်ဘီဘာ အရွယ်ရောက်လာတဲ့အခါ ခံစားမှုတွေနဲ့ ဇနီးဖြစ်သူ ဟေးလီ အပေါ် ချစ်မြတ်နိုးမှုတွေအကြောင်း ပါဝင်ပါတယ်။ ဒီအယ်လ်ဘမ်ဟာ လွန်ခဲ့တဲ့ သီတင်းပတ်အတွင်း ဗြိတိန်ဇယားမှာလည်း နံပါတ် ၁ နေရာချိတ်ခဲ့တယ်လို့ သိရပါတယ်။ **သည်ဂါဒီယန်**

ခြူး

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာဖြူဖြူအိ၊ ပါမောက္ခ(ဌာနမှူး)၊ အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် ဘောဂဗေဒဘာသာရပ်နှင့် ပတ်သက်သော အထောက်အကူပြုသင်ခန်းစာများကို အပိုင်း(၂)ပိုင်းခွဲ၍ ရှင်းလင်းတင်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို တင်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ယင်းမေးခွန်းကို အမှတ်ပြည့်ရရှိအောင်ဖြေဆိုနိုင်မည့် ဖြေဆိုပုံဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းတင်ပြပါမည်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာတွင် မေးခွန်း(၅)ပုဒ် ပါရှိပါသည်။ မေးခွန်း(၅)ပုဒ် စလုံးကို ဖြေဆိုကြရမည်ဖြစ်သည်။

မေးခွန်းနံပါတ်(၁)တွင် (က)၊ (ခ)နှင့် (ဂ)ဟူ၍ နံပါတ်ငယ် (၃) ခုနှင့် (၃)ပိုင်း ထပ်ခွဲထားပါသည်။

မေးခွန်းနံပါတ် ၁။(က)တွင် ဖော်ပြချက်(၅)ခုကို မှား/မှန် ဖြေဆိုရန်ဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အခန်းအားလုံးမှ သဘောတရားများ၊ သီအိုရီများကို ကျေညက်ပြီးနားလည်သဘောပေါက်မှုကို ဆန်းစစ်သော မေးခွန်းဖြစ်သည့်အတွက် ဘာသာရပ်ကို ကျွမ်းကျင်တတ်မြောက်မှုရှိမှသာ ဖြေဆိုနိုင်မည်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။ (ခ)တွင် ဖော်ပြချက်(၅)ခုကိုစာကြောင်းတစ်ခုတွင် (က)၊(ခ)နှင့်(ဂ) အဖြေ(၃)မျိုးပေးထားပြီး ယင်းထဲမှ အဖြေမှန်ကိုရွေးချယ်ရန်ဖြစ်သည်။ ဖြေဆိုရာတွင်အဖြေမှန်ကို ပေးထားသည့် (က)၊(ခ)နှင့်(ဂ)ထဲ ကမှ ရွေးချယ်ထားသည့်နံပါတ်ကိုသာ ရေးပေးရန်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။ (ဂ)တွင် ဖော်ပြချက်(၁၀)ခုကို စာကြောင်းအပြည့်အစုံမဖော်ပြဘဲ လိုအပ်သောအဖြေကို ကွက်လပ်ဖြည့်ရမည်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေကိုသာ နံပါတ်တပ်၍ တိကျစွာဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် ဘာသာရပ်ဆိုင်ရာနားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သည့်အနေဖြင့် မေးလေ့ရှိသဖြင့် ဘာသာရပ်ကိုနားလည် ကျေညက်မှသာ ဖြေဆိုနိုင်မှာဖြစ်ပါသည်။

မေးခွန်းနံပါတ်(၂)တွင် ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အခန်းအားလုံးမှအဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားပါသည်။ သင်ခန်းစာအခန်း(၁)ခန်းစီမှ (၂)ခုစီနှင့် အခန်း(၆)ခန်းအတွက်(၁၂)ခုမေးထားပြီး ယင်းတို့ထဲမှ နှစ်သက်ရာ(၁၀)ခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းနံပါတ်(၃)တွင် (၁၀)မှတ်တန် မှတ်စုတို(၄)ပုဒ်ပေးထားပြီး နှစ်သက်ရာ(၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းနံပါတ်(၄)တွင် (၂၀)မှတ်တန် မေးခွန်းရှည်(၂)ပုဒ်ပေးထားပြီး နှစ်သက်ရာ(၁)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်း(၁)ပုဒ်စီအတွက် ရရှိနိုင်သည့်ရမှတ်မှာ(၂၀)မှတ် ဖြစ်သည်။

မေးခွန်းနံပါတ်(၅)မှာ တွက်ချက်မှုနှင့် ဥာဏ်စမ်းမေးခွန်းဖြစ်သည်။ ပေးထားသော စာရင်းအင်းကိန်းဂဏန်းများကို အသုံးပြုပြီး တွက်ချက်ခြင်း၊ မျှင်းကွေးများနှင့် ပုံများရေးဆွဲခြင်းစသည်ဖြင့် သီအိုရီသဘောတရားများ နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သောဥာဏ်စမ်းမေးခွန်းများကို ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းခွဲ(က)၊ (ခ)နှင့် (ဂ)မှ နှစ်သက်ရာ(၂)ပုဒ်ကိုသာ ဖြေဆိုရန်ဖြစ်သည်။ ယင်းမေးခွန်းအတွက်ရမှတ်မှာလည်း(၂၀)မှတ်ဖြစ်ပါသည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို ခြုံငုံကြည့်ပါက မေးခွန်းအမျိုးအစား(၅)မျိုးပါဝင်သည့် မေးခွန်း(၅)ပုဒ်ပေးထားသော မေးခွန်းလွှာဖြစ်သည်။ အမျိုးအစား(၅)မျိုးမှာ (၁)မွေ့ဓိဌာန်မေးခွန်း၊ (၂)အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃)မှတ်စုတိုမေးခွန်း၊ (၄)မေးခွန်းရှည်မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့် ဥာဏ်စမ်းမေးခွန်းတို့ ဖြစ်သည်။ စုစုပေါင်းမေးခွန်း(၅)ပုဒ်စလုံးကို ဖြေဆိုရမည်ဖြစ်သည်။

ဖြေဆိုပုံဖြေဆိုနည်း

မေးထားသောမေးခွန်း(၅)ပုဒ်ကိုဖြေဆိုရာတွင် တိကျမှန်ကန်စေရေးနှင့် အမှတ်ကောင်းရရန် ဖြေဆိုပုံ ဖြေဆိုနည်းကို မေးခွန်း(၁)ပုဒ်ချင်းစီအတွက် ရှင်းလင်းသွားပါမည်။

မေးခွန်း(၁-က) ဤမေးခွန်းသည်မွေ့ဓိဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသောဖော်ပြချက်ကို မှားသလား(သို့)မှန်သလား ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ စာကြောင်းပြန်ရေးရန်မလိုဘဲ စာဖြေသူက ရွေးချယ်ထားသော အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ– **'ဘောဂဗေဒဘာသာရပ်သည် လူတို့၏အပြုအမူကို လေ့လာသော ဘာသာရပ်ဖြစ်သည်။'** ဟူသော ဖော်ပြချက်တွင် အဖြေက**'မှန်'**ဖြစ်သည့်အတွက် **'မှန်'** ဟုသာ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းစာသားပြန်ရေးရန်မလိုပါ။ ဖြေဆိုရာတွင်လည်း မှား(သို့မဟုတ်)မှန် တိကျပြတ်သားရန်လိုပါသည်။ စာစစ်သူဖတ်၍ မရသော၊ မှား/မှန် မကွဲပြားသောအဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် စာဖြေသူက အဖြေကို တိတိကျကျ၊ ပြတ်ပြတ်သားသား၊ ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ ဖော်ပြချက်(၅)ခုအတွက် (၁)ခုလျှင်(၁)မှတ်ဖြင့် စုစုပေါင်းရမှတ်(၅)မှတ် ဖြစ်သည်။

မေးခွန်း(၁-ခ) ဤမေးခွန်းတွင် မေးထားသောစာကြောင်းတွင် အဖြေကို(က)(ခ)(ဂ) (၃)မျိုးပေးထားပြီး ယင်းထဲမှ အဖြေမှန်(၁)ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ယင်းမေးခွန်းတွင်လည်း မေးခွန်းစာကြောင်းကို ပြန်လည်ရေးရန်မလိုပါ။ ဥပမာ– **'ကုန်စည်တစ်ခု၏ ဈေးနှုန်းကျဆင်းသွားသောအခါ အခြားကုန်စည်တစ်ခု၏ ဝယ်လိုအားအရေအတွက် တိုးလာပါက ထိုကုန်စည်နှစ်ခုမှာ (က)တွဲဖက်ကုန်စည် (ခ)အစားထိုးကုန်စည် (ဂ)တွဲဖက်ထုတ်ကုန်ဖြစ်သည်။'**ဟူသော မေးခွန်း၏အဖြေမှန်မှာ **(က)တွဲဖက်ကုန်စည်** ဖြစ်သည်။ မေးခွန်း(၁-ခ) မေးခွန်းနံပါတ်သေး(၁) (က)ဟု ဖြေဆိုရန်ဖြစ်သည်။ စာကြောင်း(၅)ခု အတွက် (၁)ခုလျှင်(၁)မှတ်ဖြင့် စုစုပေါင်းရမှတ်(၅)မှတ်ဖြစ်သည်။

မေးခွန်း(၁-ဂ) ဤမေးခွန်းသည်လည်း ဓမ္မဓိဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသောစာကြောင်းတွင် လိုအပ်သည့် ကွက်လပ်ကို အဖြေမှန်ဖြည့်စွက်ပေးရန်ဖြစ်သည်။ စာကြောင်းပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့် အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ တိကျသောအဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန် လိုပါသည်။ ဥပမာ– **'အစိုးရနှင့် ပြည်သူ့အာဏာပိုင်အဖွဲ့အစည်းများ၏ရင်ဆိုင်မှုများကို ———— ဟုခေါ်သည်။'** ဟူသော မေးခွန်းအတွက် အဖြေမှာ **'ပြည်သူ့ရင်ဆိုင်မှုများ'** ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ စာကြောင်း(၁)ခုလျှင်(၁)မှတ်ဖြင့် (၁၀)ခုအတွက် စုစုပေါင်းရမှတ်(၁၀)မှတ်ဖြစ်သည်။

မေးခွန်းနံပါတ်(၁)တစ်ပုဒ်လုံးအတွက် အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီမှ ပြဋ္ဌာန်းထုတ်ဝေထားသည့် ဒသမတန်းဘောဂဗေဒဖတ်စာအုပ်မှ သင်ခန်းစာအခန်းတိုင်း၏အဆုံး၌ ထိုမေးခွန်းပုံစံများကိုလေ့ကျင့်ရန် ထည့်သွင်းပေးထားသဖြင့် ကျောင်းသားကျောင်းသူများအနေဖြင့် ကြိုတင်လေ့လာနိုင်ပါသည်။

မေးခွန်းနံပါတ်(၂)တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုမေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိကျမှန်ကန်ပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ အဖြေသည်တိကျမှန်ကန်မှုရှိရန် လိုအပ်ပါသည်။ မှားယွင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အမှတ်ပေးခြင်းမရှိကြောင်းကို ဖြေဆိုသူများ အထူးသတိပြုရန် လိုပါသည်။ ဥပမာ – **'ထပ်ဆင့်တိုးတန်ဖိုး'**၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးထားခြင်းကို **'ထပ်ဆင့်တိုးတန်ဖိုး** ဆိုသည်မှာ ကုန်ကြမ်းတန်ဖိုးတွင် ထပ်ဆင့်တိုးလာသည့် ထုတ်လုပ်မှု၏တန်ဖိုးဖြစ်သည်။'ဟူသော အဖြေမှန်ကိုဖြေဆိုရမည့်အစား **'ထပ်ဆင့်တိုးတန်ဖိုးခွန်** ဆိုသည်မှာ ကုန်စည်တစ်မျိုး၏ ထုတ်လုပ်မှုဖြစ်စဉ်အဆင့်ဆင့်တွင် ထပ်ဆင့်တိုးလာသော တန်ဖိုးများအပေါ်တွင် ကောက်ယူသည့်အခွန်ဖြစ်သည်။'ဟု**'ထပ်ဆင့်တိုးတန်ဖိုးခွန်**'၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မှားယွင်းဖြေဆိုပါက လွဲမှားနေသဖြင့် အမှတ်လုံးဝမရနိုင်ပါ။

ထို့ကြောင့် မှားယွင်းလွယ်သော ဆင်တူယိုးမှားဖြစ်ပြီး အဓိပ္ပာယ်လုံးဝကွဲလွဲသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အလွတ်ကျက်ခြင်းထက် သဘောတရားနားလည်စေရန် ပိုမိုလေ့လာထားပြီး မမှားအောင်ဖြေဆိုရန်လိုအပ်ပါသည်။

ပေးထားသောအဓိပ္ပာယ်ဖွင့်ဆိုချက်(၁၂)ခုထဲမှ နှစ်သက်ရာ(၁၀)ခုကိုဖြေဆိုရပြီး တိကျမှန်ကန်ပြည့်စုံပါက (၁)ခု အတွက်(၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက(၁)မှတ်နှင့် အထက်တွင်ဖော်ပြခဲ့သကဲ့သို့ မှားယွင်းပါက(၀) မှတ်ဟု အမှတ်ပေးစည်းမျဉ်း ချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။ တစ်ခုလျှင်(၂)မှတ်နှင့် (၁၀)ခုဖြေဆိုရသည့်အတွက် စုစုပေါင်း(၂၀)မှတ်ဖြစ်သည်။ မေးခွန်းနံပါတ်(၁)နှင့်(၂) ကို တိကျမှန်ကန်စွာဖြေဆိုနိုင်ခြင်းဖြင့် အမှတ်(၄၀)အပြည့် ရရှိနိုင်ပါသည်။

မေးခွန်းနံပါတ်(၃)တွင် (၁၀)မှတ်တန် မှတ်စုတို(၄)ပုဒ်ပေးထားပြီး နှစ်သက်ရာ(၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းနံပါတ်(၄)တွင် (၂၀)မှတ်တန် မေးခွန်းရှည်(၂)ပုဒ်ပေးထားပြီး နှစ်သက်ရာ(၁)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်း(၁)ပုဒ်စီအတွက် ရရှိနိုင်သည့်ရမှတ်မှာ (၂၀)မှတ် ဖြစ်သည်။ ယင်းမေးခွန်းများတွင် အခန်းသီးသန့်စီခွဲကာ မေးထားခြင်းမျိုးမဟုတ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါ အခန်း(၆)ခန်းစလုံးကို ပေါင်းစပ်ရောနှောပြီးမေးနိုင်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ရိုးအားလုံးကို နှံ့စပ်စွာ ကျေညက်အောင်ဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။

မှတ်စုတိုကိုဖြစ်စေ၊ မေးခွန်းရှည်ကိုဖြစ်စေ ဖြေဆိုရာတွင်လည်း မေးထားသည့်အကြောင်းအရာ၏ အဓိပ္ပာယ်ကို ဦးစွာဖွင့်ဆိုသင့်ပါသည်။ ပြီးမှသာရှင်းလင်းချက်များကိုဖြေဆိုရပါမည်။ ထို့အပြင် အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက စစ်ဆေးသူရှင်းလင်းပြတ်သားစွာ စစ်ဆေးနိုင်ရန် မေးထားသည့် အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို အသေးစိတ်ထပ်မံဖြေဆိုသင့်ပါသည်။ (၂၀)မှတ်တန်မေးခွန်းရှည်ကို ရွေးချယ်ဖြေဆိုမည်ဆိုပါကလည်း အထက်ပါဖြေဆိုချက်အတိုင်း ဖြေဆိုသင့်ပါသည်။

မေးခွန်းနံပါတ်(၅)သည် တွက်ချက်မှုနှင့် ဥာဏ်စမ်းပဋ္ဌာန်းကို (က)(ခ)(ဂ)ခွဲ၍ (၁၀)မှတ်စီမေးထားပြီး နှစ်သက်ရာ(၂)ခု ကို ဖြေဆိုရပါမည်။ တိကျမှန်ကန်စွာ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့် ယူဆချက် မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် ယင်းမေးခွန်းနှင့်ပတ်သက်၍ အထူး အလေးပေး ရှင်းလင်းလိုပါသည်။

(၁) မေးခွန်းတွင် ကိန်းဂဏန်းအချက်အလက်ကိုအခြေခံပြီး မျှင်းကွေးများ၊ ပုံများရေးဆွဲခြင်းဖြစ်ပါက ပေးထားသည့် ကိန်းဂဏန်းပေါ်မူတည်၍ စကေးချပြီး မျှင်းကွေးကိုတိကျစွာ ရေးဆွဲရမည်ဖြစ်ပါသည်။

ဥပမာ – **'အားမျှခြေဇယား'**ပေးထားပြီး မျှင်းကွေးရေးဆွဲစေသော မေးခွန်းတွင် ဦးစွာ'အားမျှခြေ'၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် မေးခွန်းပါကိန်းဂဏန်းကို လေ့လာ၍ သင့်လျော်သော စကေးကိုဦးစွာချပြီး ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက် ဝယ်လိုအားနှင့် ရောင်းလိုအားမျှင်းကွေးများအတွက် အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကို ဆက်လိုက်ခြင်းအားဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျှင်းကွေးများနှင့် အားမျှခြေကို ရရှိပါမည်။ ဤသို့ရေးဆွဲရာတွင် အမှတ်(၂)ခုစီကို ပေတံဖြင့် မျှင်းဖြောင့်အတိုင်းမဆက်ရဘဲ အမှတ်အားလုံးကို အစဉ်လိုက် လက်ဖြင့်ပြေပြစ်သောမျှင်းကွေးအဖြစ် ဆက်ရန်လိုပါသည်။

(၂) **အားမျှခြေ**တွင် ဇယားပေးပြီး အားမျှခြေ၊ ပိုလျှံဝယ်လိုအား၊ ပိုလျှံရောင်းလိုအားတို့ကို ရှာစေသည့် မေးခွန်းအပြင် ဈေးကွက်အားမျှခြေအပေါ်တွင် ဝယ်လိုအားနှင့်ရောင်းလိုအား ပြောင်းလဲခြင်းများ၏အကျိုးသက်ရောက်ပုံကိုလည်း မေးလေ့ရှိပါသည်။ မေးခွန်းတွင် မူလရှိဈေးကွက်အခြေအနေတစ်ခုတွင် ဝယ်လိုအား(သို့)ရောင်းလိုအားကို ပြဋ္ဌာန်းသောအချက်များထဲမှ အချက်တစ်ခုခုကို ပြောင်းလဲစေခြင်းသည် လေ့လာရမည့်ဈေးကွက်အခြေအနေကို မည်သို့ အကျိုးသက်ရောက်စေသည် စသည်ကိုပုံနှင့်တကွ ဖြေဆိုရမှာဖြစ်ပါသည်။

(၃) ထို့အတူ**'ထုတ်လုပ်နိုင်မှုအခြေပြုဇယား'**ပေးထားပြီး မျှင်းကွေးရေးဆွဲစေသောမေးခွန်းတွင်လည်း ဦးစွာထုတ်လုပ်နိုင်မှုအခြေပြုမျှင်းကွေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေဆိုပြီး မေးခွန်းပါကိန်းဂဏန်းများကို အခြေခံ၍ သင့်လျော်သော စကေးကိုချကာ ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက် အစက်ချရပါမည်။ ထို့နောက်ယင်းအမှတ်များကို ဆက်လိုက်ခြင်းအားဖြင့် ထုတ်လုပ်နိုင်မှုအခြေပြုမျှင်းကွေးကိုရရှိပါမည်။ ဤတွင်လည်းအစက်များကို အစဉ်လိုက် ပြေပြစ်သောမျှင်းကွေးအဖြစ်ရေးဆွဲရမည်ဖြစ်သည်။ အခွင့်အလမ်းစရိတ်တွက်ချက်မှုတွင် အခွင့်အလမ်းစရိတ်၏ အဓိပ္ပာယ် ဖွင့်ဆိုချက်၊ တွက်ချက်ရမည့်ပုံသေနည်းကို ဖြေဆိုပြီး မေးခွန်းတွင်မေးထားသည့် အမှတ်(၂)ခုအတွက် အခွင့်အလမ်းစရိတ်ကို တွက်ချက်ပေးရပါမည်။

(၄) ကိန်းဂဏန်းအချက်အလက်ကို အခြေခံပြီးတွက်ချက်စေသော မေးခွန်းများတွင် မေးထားသည့် အကြောင်းအရာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုရပါမည်။ ထို့နောက်မှ တွက်ချက်မှုကို ပြုလုပ်သင့်ပါမည်။

(၅) **တိုင်းပြည်ဝင်ငွေ** တွက်ချက်နည်းဆိုင်ရာမေးခွန်းအတွက် တိုင်းပြည်ဝင်ငွေနှင့် တစ်ဦးကျဝင်ငွေတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုပြီး တွက်ချက်မှုကို ဆက်လက်ဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် GDP,GNP,NNP နှင့် တစ်ဦးကျဝင်ငွေအထိ မေးလေ့ရှိသည်။ သတိပြုရန်အချက်မှာ ပေးထားသောကိန်းဂဏန်းများ၏ ယူနစ်ကို ပြန်သုံးရန်ဖြစ်သည်။ ဆိုလိုသည်မှာ ပေးထားသည့်တန်ဖိုးမှာ ကျပ်သိန်းပေါင်း ဆိုပါက ဖြေဆိုရာတွင် ကျပ်သိန်းပေါင်း၊ ကျပ်သန်းပေါင်းဆိုပါက ကျပ်သန်းပေါင်းဖြင့် တွက်ချက်ဖော်ပြရမည်ဖြစ်သည်။ ဤတွင်ပေးထားသော ကိန်းဂဏန်းများကို ချရေးပြရုံဖြင့် အမှတ်မရနိုင်သဖြင့် အဆင့်လိုက် တွက်ချက်သွားရန်နှင့် တွက်ချက်မှုတွင် အသုံးပြုသော လက္ခဏာများကို ဖော်ပြရန်လိုပါသည်။

(၆) **ငွေကြေးအရေအတွက်သီအိုရီ** မှ တွက်ချက်နည်းဆိုင်ရာမေးခွန်းအတွက် ငွေကြေးပမာဏ၊ ဈေးနှုန်းနှင့် ကုန်စည်အရေအတွက်တို့ကို ပေးထားပြီး ငွေကြေးလှည့်ပတ်မှုအရှိန်ကို ရှာရန်မေးလေ့ရှိပါသည်။ ပထမဦးစွာ ငွေကြေးအရေအတွက် သီအိုရီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် ပေးထားချက်များကိုအခြေခံ၍ တွက်ချက်ရန်ဖြစ်ပါသည်။

(၇) **အခွန်စည်းကြပ်မှုနှုန်း** နှင့်ပတ်သက်၍ ဝင်ငွေအဆင့်အလိုက် စည်းကြပ်သည့်အခွန်နှုန်းကို တွက်ပြီး ယင်းအခွန်သည် မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဌာန်ဖြစ်သည်ကို သုံးသပ်ပြခိုင်းလေ့ရှိသည်။ အိမ်ထောင်စု(၃)ခု၏ ဝင်ငွေနှင့် ဝင်ငွေခွန်ပေးဆောင်ရမည့် ပမာဏကို ဇယားတွင်ဖော်ပြထားပြီး အိမ်ထောင်စု တစ်ခုစီအတွက် အခွန်နှုန်းကို ရှာကာ ယင်းဝင်ငွေခွန်သည် မည်သည့်အခွန်စည်းကြပ်မှု ပုံသဏ္ဌာန် ဖြစ်သည်ကို သုံးသပ်ပါဟု မေးလေ့ရှိပါသည်။ ဦးစွာ အခွန်စည်းကြပ်မှုပုံသဏ္ဌာန်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုပြီး အိမ်ထောင်စု(၁)ခုချင်းစီ၏ အခွန်ပမာဏကို တွက်ချက်သုံးသပ်ရမည်ဖြစ်သည်။

(၈) **ကုန်ဖလှယ်မှုအချိုး** နှင့်ပတ်သက်၍ အခြေခံနှစ်နှင့်အခြားနှစ်(၂)ခုတို့၏ ပို့ကုန်ဈေးဆန္ဒနှုန်းကိန်းနှင့် သွင်းကုန်ဈေးဆန္ဒနှုန်းကိန်းတို့ကိုပေးထားပြီး ယင်းနှစ်များ၏ ကုန်ဖလှယ်မှုအချိုးကို တွက်ချက်ကာ အချိုးပြောင်းလဲခြင်းများကို သုံးသပ်ပြစေလေ့ရှိပါသည်။ ဦးစွာကုန်ဖလှယ်မှုအချိုး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် (၃)နှစ်စလုံး၏ ကုန်ဖလှယ်မှုအချိုးကို (၁)နှစ်စီ တွက်ချက်ရပါမည်။ ထိုအခါ အခြေခံနှစ်၏ ကုန်ဖလှယ်မှုအချိုးသည်(၁၀၀) ရရှိမှာဖြစ်ပြီး ကျန်(၂)နှစ်တွင် ထွက်ရှိသော အဖြေသည် (၁၀၀)ထက်နည်းပါက အခွင့်မသာသော(သို့)ကျဆင်းသော ကုန်ဖလှယ်မှုဟု သုံးသပ်ပြီး (၁၀၀)ထက်များပါက အခွင့်သာသော (သို့) တိုးတက်သောကုန်ဖလှယ်မှုဟု သုံးသပ် ဖြေဆိုရပါမည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကိုဖြေဆိုရန်အတွက် ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နားလည်သဘောပေါက်အောင် လေ့လာပြီး ကျေညက်အောင်မှတ်သားထားပါက အခက်အခဲ မရှိ ကောင်းစွာဖြေဆိုနိုင်မှာဖြစ်ပါသည်။ ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအားလုံး အောင်မြင်ပါစေဟု ဆုတောင်းရင်း ပို့ချချက်ကို ရပ်နားလိုက်ပါသည်။

လူမဲ့ခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

(ခ) ကူးပြောင်းသည့်အချိန်အထိ အောက်ပါအခြေအနေတစ်ရပ်ရပ် မပေါ်ပေါက်လျှင် ဖျက်သိမ်းခြင်း သို့မဟုတ် လူမဲ့ခံယူခြင်းသို့ မကူးပြောင်းမီအချိန်အထိ ဆောင်ရွက်ခဲ့သည့် ပြန်လည်ထူထောင်ရေးအကြံပေး သို့မဟုတ် အစီအစဉ်ကြီးကြပ်သူအဖြစ် ဆောင်ရွက်ခဲ့သည့် လူမဲ့ခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူသည် အပိုင်း (၆) လုပ်ငန်း၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ဆောင်ရွက်ရမည်–

(၁) မြေရှင်များက အခြားလူမဲ့ခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်ထားမှု မရှိခြင်း၊

(၂) လူမဲ့ခံယူခြင်းဆိုင်ရာကျွမ်းကျင်သူသည် ၎င်းအား ခန့်အပ်သည်ကို စာဖြင့်ရေးသား သဘောတူညီမှုမရှိခြင်း။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူသည် ကူးပြောင်းပြီးနောက် အလုပ်လုပ်ကိုင်ရက် ၅ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ ထိုသို့ကူးပြောင်းကြောင်းကို စာဖြင့်ရေးသားအကြောင်းကြားရမည်။ ထို့အပြင် အဆိုပါ အကြောင်းကြားစာကို နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်ကာလအတွင်း သတ်မှတ်ပြဋ္ဌာန်းထားသည့် နည်းလမ်းများအတိုင်း အများသိစေရန် ထုတ်ပြန်ကြေညာရမည်။

(ဃ) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် သို့မဟုတ် ပြန်လည်ထူထောင်ရေးအစီအစဉ်အားဆောင်ရွက်နေသော အပိုင်း (၆) လုပ်ငန်းအနေဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် လူမဲ့ခံယူခြင်းသို့ ကူးပြောင်းနိုင်သော အခြားအခြေအနေများကိုလည်း နည်းဥပဒေများတွင် သတ်မှတ်ဖော်ပြနိုင်သည်။

အခန်း (၇)
မှတ်ပုံတင်ထားသောအပိုင်း (၆) လုပ်ငန်းများကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

အပိုင်း (၆)လုပ်ငန်းများကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသည် အပိုင်း (၇) နှင့် သက်ဆိုင်ခြင်း

၁၄၀။ ဤအခန်းတွင် ဖော်ပြပါရှိသည်မှအပ အပိုင်း(၇)ပါ ပြဋ္ဌာန်းချက်များသည် မှတ်ပုံတင်ထားသောအပိုင်း (၆) လုပ်ငန်းများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်စေရမည်။

လျှောက်ထားခြင်းနှင့် လျှောက်လွှာအတွက် အခွင့်အခများ

၁၄၁။ မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်းကို တရားရုံးသို့ လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင်အရာရှိထံသို့ စာရွက်စာတမ်းများ မှတ်ပုံတင်ရန်လျှောက်ထားခြင်းသည် ယင်းလုပ်ငန်းများကို စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် လျှောက်ထားခြင်းဖြစ်လျှင် နည်းဥပဒေများအရ ပေးသွင်းရမည့်အခွန်အခ၏ ငါးဆယ်ရာခိုင်နှုန်းကို ပေးသွင်းရမည်။

သက်သေအထောက်အထားနှင့် တောင်းဆိုချက်၏ ဦးစားပေးအစီအစဉ်

၁၄၂။ မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်းကို စာရင်းရှင်းလင်း ဖျက်သိမ်းစဉ် ယင်းလုပ်ငန်း၏ တွဲဖက်လုပ်ကိုင်သူနှင့် ပတ်သက်သူ၏ သက်သေထင်ရှားပြီးဖြစ်သော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုသည် အာမခံ အကျိုးခံစားခွင့် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဦးစားပေးခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ မြေရှင်အားလုံး၏ ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုတို့နှင့် ယှဉ်လာပါက မြေရှင်အားလုံး၏ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုကို ဦးစားပေးရမည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပေးချေနိုင်စွမ်းမရှိသောကုန်ကျစရိတ်များကို ကျခံရန် တာဝန်မရှိခြင်း

၁၄၃။ (က) အပိုင်း (၆) လုပ်ငန်းကို စာရင်းရှင်းလင်းဖျက်သိမ်းသည့် ကုန်ကျစရိတ်များအတွက် လုပ်ငန်းတွင် လုံလောက်သော ပိုင်ဆိုင်မှုမရှိပါက ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်း၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် ထိုကုန်ကျစရိတ်များကို ကျခံရန်တာဝန်မရှိစေရ။

(ခ) ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်များကို ကန့်သတ်ခြင်း မရှိစေဘဲ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်ရန် တာဝန်မရှိစေရ–

(၁) ပုဒ်မ၁၇၈တွင်ပြဋ္ဌာန်းထားသောစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက စုံစမ်းစစ်ဆေးရန် တာဝန်ဝတ္တရားများကို ဆောင်ရွက်ခြင်း၊

(၂) အပိုင်း (၇)၊အခန်း (၈)တွင်ပြဋ္ဌာန်းထားသည့်၎င်းကိုယ်တိုင် သို့မဟုတ် ကုမ္ပဏီက ဆောင်ရွက်နိုင်သော စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း သို့မဟုတ် တောင်းဆိုမှု သို့မဟုတ် ဆောင်ရွက်မှုတစ်စုံတစ်ရာကို ဆောင်ရွက်ခြင်း (စာရင်းရှင်းလင်းဖျက်သိမ်းစဉ် ကာလနှင့် ယင်းမတိုင်မီ အလွဲသုံးစားပြုခြင်း၊ ကုမ္ပဏီများနှင့် ကုမ္ပဏီအရာရှိများကို ပြစ်ဒဏ်ချမှတ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုအရေးယူခြင်း)၊

(ဂ) အပိုင်း (၆) လုပ်ငန်း၏ မြေရှင် သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ၏လျှောက်ထားချက်အရ တရားရုံးသည် သင့်သည်ထင်မြင်လျှင် မြေရှင် သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများက စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ကုန်ကျခဲ့သည့် သီးခြားစရိတ်ကို မြေရှင် သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများက ပြန်လည်ပေးဆပ်ရမည်ဆိုသည့် စည်းကမ်းချက်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက စိုက်ထုတ်ကျခံပေးစေရန် အမိန့်ချမှတ်နိုင်သည် သို့မဟုတ် ညွှန်ကြားနိုင်သည်။

(ဃ) ဤပုဒ်မသည် ဤဥပဒေအရ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိက မှတ်ပုံတင်အရာရှိထံသို့ စာရွက်စာတမ်းများ တင်သွင်းရမည့်တာဝန်ကို ဆောင်ရွက်ခြင်းကြောင့် ကျခံရသည့် ကုန်ကျစရိတ်များကို ကင်းလွတ်ခွင့်ပြုသည်ဟု မမှတ်ယူရ။

ကုမ္ပဏီအဖြစ်မှတ်ပုံတင်ထားသောအပိုင်း (၆) လုပ်ငန်းများကို ဆောလျင်စွာ ဖျက်သိမ်းခြင်း

၁၄၄။ (က) ကုမ္ပဏီအဖြစ်မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်းအတွက် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခဲ့ပြီးနောက် ကုမ္ပဏီတွင် မြေရှင်များအား ခွဲဝေပေးရန်အတွက် ပစ္စည်းတစ်စုံတစ်ရာမရှိကြောင်းတွေ့ရှိလျှင် ထိုသို့တွေ့ရှိကြောင်းကို နည်းဥပဒေများပါပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ(က)အရ ပေးပို့သည့် အကြောင်းကြားစာကို လက်ခံရရှိသည့်အခါ မှတ်ပုံတင်စာရင်း ရေးသွင်းရမည်။

(ဂ) ပုဒ်မခွဲ(က) အရ အကြောင်းကြားစာ မပေးပို့မီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ထိုသို့ပေးပို့မည်ကို အလုပ်လုပ်ကိုင်ရက် ၅ ရက် ကြိုတင်၍ နေရပ်လိပ်စာသိရှိသော အပိုင်း (၆) လုပ်ငန်း၏ မြေရှင်အားလုံးထံသို့ အသိပေးရမည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းရန် ကုန်ကျမည့်ကုန်ကျစရိတ်များသည် အပိုင်း (၆) လုပ်ငန်း၏ ပိုင်ဆိုင်မှုထက် ကျော်လွန်နေသည့်တိုင် လုပ်ငန်း၏မြေရှင်မှ ယင်းကုန်ကျ စရိတ်ကို ပေးချေရန် တာဝန်ယူလျှင် ၎င်းမြေရှင် သို့မဟုတ် အပိုင်း (၆) လုပ်ငန်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လုပ်ငန်းအား ဆောလျင်စွာ ဖျက်သိမ်းခြင်းမပြုရန် လျှောက်ထားလာသည့်အခါ တရားရုံးသည် ပုဒ်မခွဲ (က) ပါ အကြောင်းကြားစာအား ပေးပို့ခြင်းမပြုရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် အခြားနည်းအမိန့်မချမှတ်လျှင် ပုဒ်မခွဲ (က) အရ ပေးပို့သည့်အကြောင်းကြားစာကို မှတ်ပုံတင်စာရင်းရေးသွင်းသည့် နေ့မှ သုံးလပြည့်မြောက်သည့်နေ့တွင် ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသောလုပ်ငန်းကို ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(စ) ပုဒ်မခွဲ (ဂ)ပါ သက်တမ်းကုန်ဆုံးသွားသည့်တိုင် အပိုင်း(၆)လုပ်ငန်း၏ မြေရှင် သို့မဟုတ် အကျိုးသက်ဆိုင်သူတစ်ဦးဦးမှ လျှောက်ထားလာပါက တရားရုံးသည် ယင်းလုပ်ငန်းအား မူလအတိုင်း မှတ်ပုံတင်ထားရှိစေရန် မှတ်ပုံတင်အရာရှိအား ညွှန်ကြားနိုင်သည်။

အပိုင်း (၇)
စာရင်းရှင်းလင်းဖျက်သိမ်းခြင်း
အခန်း (၁)

ကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသော ကုမ္ပဏီများအားဖျက်သိမ်းခြင်း ဤအပိုင်းနှင့် သက်ဆိုင်ခြင်း

၁၄၅။ (က) ဤအပိုင်းပါပြဋ္ဌာန်းချက်များသည် အောက်ပါအဖွဲ့အစည်းများ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်စေရမည်–

(၁) မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၊

(၂) မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေပုဒ်မ ၃ အရ မှတ်ပုံတင်ထားသော အဖွဲ့အစည်း၊

(၃) အခန်း (၁၀) တွင် ဖော်ပြပါရှိပြီး အခန်း (၁၀) အရ အကျုံးဝင်သည့် အဖွဲ့အစည်းများ။

(ခ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီတစ်ခုအား အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖျက်သိမ်းနိုင်သည်–

(၁) ဆန္ဒအလျောက်ဖျက်သိမ်းခြင်း သို့မဟုတ်

(၂) တရားရုံးက ဖျက်သိမ်းခြင်း။

ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များကို ဦးစားပေးခြင်း

၁၄၆။ ကုမ္ပဏီတစ်ခုသည် ဤဥပဒေ၏အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) အရ ပြုလုပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအား လုပ်ဆောင်နေလျှင် ထိုအပိုင်းများအရ ခွင့်ပြုထားသည်မှတစ်ပါး မိမိဆန္ဒအလျောက်ဖြစ်စေ၊ တရားရုံး၏ အမိန့်အရဖြစ်စေ မည်သည့်ဖျက်သိမ်းခြင်းကိုမျှ စတင်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း မပြုရ။

ကုမ္ပဏီအားဆန္ဒအလျောက် ဖျက်သိမ်းနိုင်သည့်အခြေအနေများ

၁၄۷။ (က) အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်တွင် ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက် ဖျက်သိမ်းနိုင်သည်–

(၁) ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းအရ ကုမ္ပဏီ၏ သက်တမ်းအတွက် သတ်မှတ်ထားသည့် ကာလကုန်ဆုံးခြင်း သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းတွင် ကုမ္ပဏီကို ဖျက်သိမ်းနိုင်သည်ဟု ဖော်ပြထားသည့် အခြေအနေတစ်ရပ်ရပ် ဖြစ်ပေါ်ခဲ့ခြင်း၊ ထို့အပြင် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း၊

(၂) ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းမည်ဖြစ်ကြောင်းကို ကုမ္ပဏီက အထူးဆုံးဖြတ်ချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း၊

(၃) အပိုင်း (၅) နှင့်အပိုင်း (၆) တို့တွင် ဖော်ပြထားသော အခြေအနေများ ဖြစ်ပေါ်ခဲ့ခြင်း။

(ခ) ဤအပိုင်းတွင် ဆန္ဒအလျောက်ဖျက်သိမ်းရန် ဆုံးဖြတ်ချက်ဆိုသည်မှာ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) နှင့်အညီ ချမှတ်သော ဆုံးဖြတ်ချက်ကို ဆိုသည်။

ကုမ္ပဏီတွင် ပါဝင်သူများနှင့် မြေရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကို ခွဲခြားခြင်း

၁၄၈။ ပုဒ်မ ၁၅၁ အရ ဒါရိုက်တာများ၏ ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ကို ပြုလုပ်၍ ဖျက်သိမ်းလျှင် ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်းဖြစ်ပြီး အဆိုပါကြေညာချက်ကို ပြုလုပ်ခြင်းမရှိလျှင် မြေရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းဖြစ်သည်။

ဆန္ဒအလျောက်ဖျက်သိမ်းခြင်းမှ တရားရုံးက ဖျက်သိမ်းခြင်းအဖြစ်သို့ ပြောင်းလဲခြင်း

၁၄၉။ ကုမ္ပဏီသည် ဆန္ဒအလျောက် ဖျက်သိမ်းခြင်းပြုရုံမျှဖြင့် မြေရှင်သို့မဟုတ် ကြွေးမြီဆပ်ရန် တာဝန်ရှိသူ၏ တရားရုံးက ဖျက်သိမ်းပေးရန် လျှောက်ထားခွင့် အခွင့်အရေးကို ပိတ်ပင်ခြင်း မရှိစေရ။ ထိုအခွင့်အရေးအရ ကြွေးမြီဆပ်ရန် တာဝန်ရှိသူတစ်ဦးမှ လျှောက်ထားလာလျှင် ဆန္ဒအလျောက် ဖျက်သိမ်းခြင်းဖြင့် ၎င်းအား နစ်နာစေလိမ့်မည်ဟု တရားရုံးက ယုံကြည်ပါက ဆန္ဒအလျောက် ဖျက်သိမ်းခြင်းမှ တရားရုံးက ဖျက်သိမ်းခြင်းအဖြစ်သို့ ပြောင်းလဲနိုင်သည်။

စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည့်အချိန်

၁၅၀။ အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည်ဟု မှတ်ယူရမည်–

(က) ဆန္ဒအလျောက် ဖျက်သိမ်းခြင်းဖြစ်ပါက ထိုဖျက်သိမ်းရန် ဆုံးဖြတ်ချက် ချမှတ်သည့်အချိန်၊

(ခ) ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်မှ ဖျက်သိမ်းခြင်းသို့ ကူးပြောင်းသွားခြင်းဖြစ်ပါက ထိုပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ် စတင်သည့်အချိန်၊

(ဂ) တရားရုံး၏အမိန့်အရ ဖျက်သိမ်းခြင်းဖြစ်လျှင်–

(၁) ဆန္ဒအလျောက်ဖျက်သိမ်းခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်နေချိန်တွင် အမိန့်ချမှတ်ခြင်းဖြစ်ပါက ထိုသို့ဖျက်သိမ်းရန် ဆုံးဖြတ်ချက်ကို ချမှတ်သည့်အချိန် သို့မဟုတ်

(၂) ကုမ္ပဏီအား ဖျက်သိမ်းရန်လျှောက်လွှာကို စတင်တင်သွင်းသည့်အချိန်။

အခန်း (၂)
ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်းတွင် ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်

၁၅၁။ (က) ပုဒ်မ၁၄၇ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) ပါ အခြေအနေတို့အရ ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်းပြုရန် အဆိုပြုသည့်အခါ ဒါရိုက်တာများ အစည်းအဝေးတွင် ဒါရိုက်တာအများစုသည် ကုမ္ပဏီ၏ကိစ္စရပ်များကို အပြည့်အဝ စုံစမ်းခဲ့ပြီး ကုမ္ပဏီသည် ဖျက်သိမ်းမှု စတင်ပြီးချိန်မှ တစ်နှစ်ထက် မကျော်သည့် ကာလအတွင်း ယင်း၏ ကြွေးမြီကို အတိုးနှင့်တကွ ပေးချေနိုင်လိမ့်မည်ဟု ထင်မြင်ယူဆလျှင် ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ကို ပြုလုပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဒါရိုက်တာများ၏ ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်သည် အောက်ပါအခြေအနေများတွင် အကျိုးသက်ရောက်မှုမရှိစေရ–

(၁) ဖျက်သိမ်းမှုအတွက် ဆုံးဖြတ်ချက်ချမှတ်သည့် ရက်မတိုင်မီ (၃) ပတ်အတွင်း ယင်းကြေညာချက်ကို မပြုလုပ်ခဲ့ခြင်း၊

(၂) ကြေညာချက်မပြုလုပ်မီ နောက်ဆုံးရက်အထိ ကုမ္ပဏီပိုင် ပစ္စည်းများနှင့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ရမည့် အချက်များ ပါဝင်သော ထုတ်ပြန်ချက် မပြုလုပ်ခဲ့ခြင်း။

(ဂ) အများပိုင်ကုမ္ပဏီ သို့မဟုတ် ယင်းအများပိုင် ကုမ္ပဏီကသာ ပိုင်ဆိုင်သော လက်အောက်ခံ ကုမ္ပဏီဖြစ်ပါက ပုဒ်မခွဲ(ခ) အရ ဒါရိုက်တာများ၏ ကြေညာချက်ကို ယင်းကုမ္ပဏီမှ စာရင်းစစ်များ၏ထောက်ခံသည့် အစီရင်ခံစာဖြင့် ပူးတွဲတင်ပြရမည်။

(ဃ) ထိုကြေညာချက်ကို မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(ဂ) ဒါရိုက်တာတစ်ဦးသည် ကုမ္ပဏီက ယင်း၏ ကြွေးမြီကို အတိုးနှင့်တကွ သတ်မှတ်သည့် အချိန်ကာလတွင် အပြည့်အဝပေးချေနိုင်လိမ့်မည်ဟု ယူဆရန် အကြောင်းမရှိဘဲ ဤပုဒ်မအရ ကြေညာချက်ပြုလုပ်ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်ဆယ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

(စ) အခြားသော ဆန့်ကျင်ဘက် သက်သေခံ အထောက်အထား ပေါ်ပေါက်ခဲ့လျှင်မှအပ ကြွေးမြီပေးချေနိုင်ကြောင်းကြေညာချက် ပြုလုပ်သည့်နေ့မှ ၂၁ ရက်အတွင်း ချမှတ်သည့် ဆုံးဖြတ်ချက်အရ ကုမ္ပဏီအား စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းပြုပြီး ယင်း၏ ကြွေးမြီ နှင့်အတိုးကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း အပြည့်အဝပေးချေခြင်း သို့မဟုတ် ပေးချေရန် လျာထားခြင်း မရှိလျှင် ဒါရိုက်တာ၏ ထင်မြင်ယူဆချက်သည် ယုံကြည်ရန် အကြောင်းမရှိဟု မှတ်ယူရမည်။

(ဆ) တာဝန်ရှိသူအရာရှိသည် ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ကို နည်းဥပဒေများအရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မှတ်ပုံတင်အရာရှိထံ ပေးပို့ရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။ *ဆက်လက်ဖော်ပြပါမည်*

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်ကုသရေး ဦးစီးဌာန၊ အမ်းမြို့နယ်ပြည်သူ့ဆေးရုံတွင် ခြံစည်းရိုးကာရံခြင်းနှင့် စက်ခြံနှိပ်ပြုလုပ်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ စိတ်ပါဝင်စားသောကုမ္ပဏီများအနေဖြင့် တင်ဒါစည်းကမ်းချက်ပုံစံ/ လျှောက်လွှာများကို ပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုပါက ပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံး၌ နေ့စဉ် နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀နာရီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၄၃-၂၁၂၀၂၊ ၀၄၃-၂၃၃၆၆
တင်ဒါစာတင်ရောင်းချမည့်ရက် - ၂၇-၂-၂၀၂၀ရက်(ကြာသပတေးနေ့)
တင်ဒါပိတ်ရက် - ၁၂-၃-၂၀၂၀ရက် (ကြာသပတေးနေ့)

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရခိုင်ပြည်နယ်ကုသရေးဦးစီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် e-mail စနစ်၊ ဆက်စပ်ပစ္စည်းများနှင့် ရုံးသုံးစက်ကိရိယာများအား ဌာနအရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူတပ်ဆင်လိုပါသည်။

၂။ လိုအပ်သည့် ပစ္စည်းအမျိုးအစား၊ အရေအတွက်နှင့်စနစ်များ၊ စည်းကမ်းသတ်မှတ်ချက်များပါဝင်သည့် တင်ဒါဖောင်များကို နေပြည်တော်၊ ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် ၂၆-၂-၂၀၂၀ရက်မှ စတင်၍ စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၅-၃-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ၁၆:၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ - နေပြည်တော်၊ ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
တင်ဒါဖွင့်မည့်ရက်/အချိန် - ၃၁-၃-၂၀၂၀ရက်(အင်္ဂါနေ့)၊ ၁၃:၀၀နာရီ

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဆောက်လုပ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
ဖုန်း-၀၆၇-၄၀၇၅၂၅၊ ၀၉-၅၀၈၇၉၇၇

ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
(တရားမကျင့်ထုံး၃၀အေအမိန့်-၂၁၊ နည်း၃၀အေ-၂၂)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၀၉
၂၀၁၉ခုနှစ် တရားမဇာရီမှုအမှတ်-၃၃၈

၁။ ခေါ်ဝင်းဝင်းစိုး
၂။ ဦးတင်မောင်(ကွယ်လွန်သူ ဒေါ်မြမြ(၁)
ဒေါ်မြရှိန်၏ မွေးစားသားသမီးများ)

နှင့်

၁။ ဒေါ်သန်းသန်းဦး
၂။ ခေါ်ဝင့်ဝင့်ထွေး
၃။ ဦးသောင်းတင်လတ်
၄။ မောင်ဓေမင်းထွန်း
၅။ ဦးခင်မောင်စိုး
၆။ ဦးအောင်ထူး
၇။ ဒေါ်နုနုလတ်
၈။ ဦးကိုကိုလတ်
၉။ ဒေါ်မြမြစိုး
၁၀။ ဒေါ်သန်းသန်းအေး
၁၁။ ဒေါ်မိုးမိုးအေး
၁၂။ ဒေါ်မိုးမိုးသန်း
၁၃။ ဒေါ်စန်းစန်းအေး(၁)
ဒေါ်ဇာနဝတီ

ဒီကရီအနိုင်ရသူများ **တရားရှုံးများ**

စစ်ကိုင်းတောင်ရိုး၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဝိပဿနာကျောင်း၊ စစ်ကိုင်းမြို့နေ ဒေါ်စန်းစန်းအေး(၁)ဒေါ်ဇာနဝတီ(၂)ဦးအောင်သန်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၀၉တွင်ကျရှိသည့် ဒီကရီအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ်အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မတ် ၁၈ရက်(၁၃စာခုနှစ် တပေါင်းလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စောမျိုးမျိုး)
တွဲဖက်ခရိုင်တရားသူကြီး(၄)
မန္တလေးခရိုင်တရားရုံး

The Republic of the Union of Myanmar
Ministry of Agriculture, Livestock and Irrigation
Department of Agriculture
Loan No. 3724–MYA and Grant no. 0617–MYA: Climate Friendly Agribusiness Value Chains Sector Project
Invitation for Expressions of Interest

Consultancy Assignments (firms):
- CS–09 Capacity Building and Climate Smart Agriculture Training Consultancy (CSATC)
- CS–02 Feasibility Studies and Detailed Design Consultancy (FSDDC)

The Republic of the Union of Myanmar has received financing from the Asian Development Bank (ADB) and intends to apply the proceeds of the financing for the consultancy assignments. The main objective of the consultancy assignments is to support the Project in the respective areas. The details of the consultancy assignments and the detailed Terms of Reference may be accessed from the ADB Consultant Management System (CMS) at the links:
CS–09 Capacity Building and Climate Smart Agriculture Training Consultancy (CSATC): https://selfservice.adb.org/OA_HTML/OA.jsp?OAFunc=XXCRS_CSRN_PROFILE_PAGE&selNo=158517
CS–02 Feasibility Studies and Detailed Design Consultancy (FSDDC): https://selfservice.adb.org/OA_HTML/adb/xxcrs/jsp/ADBCsrnFwd.jsp?sel=158665
Interested International Consultants (firms) are invited to submit their Expressions of Interest (EOI) through the ADB Consultant Management System (CMS).
The deadline for the submission of EOIs through the ADB CMS is:
CS–09 Capacity Building and Climate Smart Agriculture Training Consultancy (CSATC): 20 March 2020
CS–02 Feasibility Studies and Detailed Design Consultancy (FSDDC): 25 March 2020

ဖြန့်ဖြူးသူပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပြည်ပ ထုတ်လုပ်သူ UPL Limited. ကုမ္ပဏီမှ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးကို ပြည်တွင်း မူလ ဖြန့်ဖြူးသည့် Agro Power Co.,Ltd. ကုမ္ပဏီမှ Vanida Myanmar Co.,Ltd. ကုမ္ပဏီသို့ ဖြန့်ဖြူးသူ ပြောင်းလဲ၍တင်သွင်းဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

ကုန်သွယ်မှုအမည်	အဆိပ်ရိုမစ္စည်းအမျိုးအစား	မှတ်ပုံတင်အမျိုးအစား	မှတ်ပုံတင်အမှတ်
Affix 250 Sc	Azoxystrobib 25%Sc	Provisional	P 2019–4598
Kris	Bispyribac sodium 400 g/l SC	Provisional	P2019–4499

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူ ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Agro Power Co.,Ltd. (အမှတ် ၅၇၀၊ သုမနလမ်း၊ (၁၆/၄)ရပ်ကွက်၊ သဃ်နိန်းကျွန်းမြို့နယ်၊ ရန်ကုန်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၅၅၃၃, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ကိုလတ် ၁၀/ကထန(နိုင်)၀၇စ၁၂၀ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(သထုံ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/ဂ၂၄, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ခင်သား ဦးသန်းစော ၁၂/တမနေ(နိုင်)၁၃ဂ၅ဂ၅ နှင့် ဦးစိုးနိုင် (ခ)ဦးသန်းစော ၁၂/လမနေ(နိုင်)၁၀၃ဂ၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/1419, Pyi Shwe Bo L/T Pick Up (4 x 2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၉/မနတ(နိုင်)၀၇၉ဧ၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ပခုက္ကူ)

အမည်ပြောင်း

ပုသိမ်မြို့၊ အထက(၆)Grade-6(B)မှ ဦးသော်လင်းအောင် ၁၄/ရှသယ(နိုင်)၀၀၂၉၇၄ ၏သမီး မခန့်ရတီမောင်အား ယနေ့မှစ၍ မခေတ်ဇွဲလာဟုပြောင်းလဲခေါ်ပါရန်။

မခေတ်ဇွဲလာ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/ဂ၂၄, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ကိုလတ် ၁၀/ကထန(နိုင်)၀၇စ၁၂၀ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(သထုံ)

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ ကွင်းအမှတ် (၂၀၈/၂-၁)၊ ဦးပိုင်(၁၇၀/၁)၊ ဧရိယာ ၀ဒသမ၀၉၅ ဧကရှိ ဦးပိုက်အေး ၁/ မကန(နိုင်)၀၃၄၅၁၃ အမည်ဖြင့် မြေခွန်ပြေစာ အမည်ပေါက် မြေကွက်အား ၁၀-၄-၂၀၁၉ ရက်တွင် ဦးပိုက်အေးထံမှ ဂရန်လျှောက်ထားသူ ဒေါ်သင်းသင်းအေး ၁/မကန(နိုင်)၀၉၁၆၀၆မှ နှစ်ဦးသဘောတူ ခြံမြေကွက်အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မြေဌားဂရန် အသစ်ရရှိရေးအတွက် ၁၀-၁၂-၂၀၁၉ ရက်စွဲပါ ကျွမ်းကျိန်လွှာအမှတ် ၉၂၈/၂၀၁၉ ကို ၁၁-၁၂-၂၀၁၉ ရက်စွဲပါ ကျွမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၇၅၁/၂၀၁၉)ပြုဆို တင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာ စာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေဌားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ရွှေအိုး(၁)ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ရွှေအိုးရပ်တောင်၊ ဦးပိုင်အမှတ်(၈၃)၊ ပိုင်ဆိုင်ခွင့်(ဘီ)၊ မြေဧရိယာ ၀ဒသမ ၁၄၁ဧကရှိ အိမ်ပိုင်းမြေ (Slap)သွပ်မိုး၊ (Steel Structure)တစ်ထပ်နေအိမ် အဆောက်အအုံတစ်ခုကို ပိုင်ရှင်အမည်ပေါက်သူ ဦးသိန်းအောင် ပိုင်ဆိုင်ခဲ့ကြောင်း။ ဦးဇော်လင်း၊ ၈/တတက(နိုင်)၁၁၉၆၅၅ အထက်ပါမြေကွက်နှင့် အဆောက်အအုံအား တောင်တွင်းကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၇-၂-၂၀၁၉ရက်စွဲပါ စာချုပ်အမှတ်(၅/၂၀၂၀)ဖြင့် စာချုပ်ချုပ်ဆိုမှတ်ပုံတင်ပြီး အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြို့နယ်ဦးစီးဌာနမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
တောင်တွင်းကြီးမြို့

Oppositelight Co.,Ltd နှင့်
အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခလမ်း၊ အမှတ်(၁၀၁)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာအောင် ၁၂/ဒဂမ(နိုင်)၀၂၅၆၅၇၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်သန္တာအောင်သည် ၂၀၁၇ခုနှစ်တွင် Oppositelight Co.,Ltd အား ၎င်းအမည်ဖြင့် တရားဝင်ကုမ္ပဏီ မှတ်ပုံတင်ပြုလုပ်၍ တည်ထောင်ခဲ့ပါသည်။ ထိုသို့တည်ထောင်ခဲ့ပြီးနောက် ယင်းကုမ္ပဏီမှ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ခုနှစ် (၈)လပိုင်းတွင် ကျွန်ုပ်မိတ်ဆွေမှ ကုမ္ပဏီအား ဆက်လက်လုပ်ကိုင်ရန် ဆန္ဒမရှိတော့ပါသဖြင့် ကုမ္ပဏီမှ နုတ်ထွက်ခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါကုမ္ပဏီနှင့်ပတ်သက်ပြီး တစ်ဦးတစ်ယောက်မျှ ကျွန်ုပ်မိတ်ဆွေအမည်နာမအား အလွဲသုံးစားပြုလုပ်၍ ပြောဆိုသုံးစွဲဆောင်ရွက်ခြင်းမပြုပါရန် ကြေညာအပ်ပါသည်။ သို့ပါ၍ ယင်းကုမ္ပဏီ၏ကိစ္စအဝဝမှာ ကျွန်ုပ်မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယုမွန်သန့်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၈၇၀၁)
အမှတ်(၃၅၈)၊ နဲ့သာမြိုင်လမ်း၊ နဲ့သာကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၂၄၄၂၆၂စ၁၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ ၃-ရပ်ကွက်၊ ဦးပိုင်(၈၂)၊ သဇင်လမ်းရှိနှစ်(၆၀)ဂရန်မြေ(၀ေ၃၀x၀ေ၅၀) နှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊ မီး၊ မိတာဘောက်တစ်လုံး ပိုင်ဆိုင်သူ (၁)ဒေါ်ဝါဝါအောင် ၁၂/ဥကမ(နိုင်)၀၂၀၇၁၀၊ (၂)ဦးထွန်းသိုက်ဦး ၁၂/ဗဟန(နိုင်)၀၈၀၄၄၃၆ တို့ထံမှ အပိုင်ဝယ်ယူပြီးဖြစ်ပါသည်။ အဆိုပါမြေ ကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ကျွန်ုပ် ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းဝင်း **ဒေါ်ယုဇနလင်း**
၁၂/ဥကမ(နိုင်)၂၀၉၇၃၃၇ ၁၂/ဥကမ(နိုင်)၂၃၀၀၂၈
ဖုန်း-၀၉-၆၉၅၉၃၃၃၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ ရွှေယင်းမာ(၁)လမ်း၊ အမှတ်(၁၄၄၁)တွင် နေထိုင်သူ ဒေါ်မူယာခင် ၁၂/ဗဟန(နိုင်)၁၁၀၉၈၄၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်၏အမှုသည် ဒေါ်မူယာခင်နှင့်ဦးစိုးညွန့်တို့မှာ ယခင်က အမှတ်(၂၂၃)၊ ရွှေဂုံတိုင်လမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်တွင် နေထိုင်ခဲ့သူများဖြစ်ပြီး ကွယ်လွန်သူ အမွေရှင် ဦးဘရွှေ၊ ဒေါ်တုတ်တို့မှာ ဒေါ်မူယာခင်နှင့်ဦးစိုးညွန့်တို့၏ မွေးစားမိဘများ ဖြစ်ကြပါသည်။

၂။ ဦးစိုးညွန့်မှာ ၎င်း၏ဖခင်အမည်မှန် ဦးလှအောင်အမည်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ယူကိုင်ဆောင်ခြင်းမပြုဘဲ အမွေရှင် ဦးဘရွှေ၏ သားအရင်းအဖြစ် ဖော်ပြ၍ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၂/ဗဟန(နိုင်)၀၂၅ဖ၉၁ကို ကိုင်ဆောင်ခဲ့သူဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ ကျွန်ုပ်၏အမှုသည် ဒေါ်မူယာခင်ထံသို့ ဗဟန်းမြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ၂၀-၁၂-၂၀၁ဖရက်တွင် ကြေညာချက်အမှတ် -၁/၂၀၁ဖအရ ဦးစိုးညွန့်၏ နိုင်ငံသားစိစစ်ရေးကတ်ကို ဖျက်သိမ်းခဲ့ရာ ၁၇-၂-၂၀၂၀ရက် တွင် ဦးစိုးညွန့်ကိုင်ဆောင်ခဲ့သည့် အဆိုပါနိုင်ငံသားစိစစ်ရေးကတ်အား ၎င်း၏ဖခင်အမည်မှန် ဦးလှအောင်အမည်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/ဗဟန(နိုင်)၁၁၄၄၀၂ ကို ထုတ်ပေးပြီးဖြစ်ကြောင်း အကြောင်းကြားစာပေးပို့လာ၍ သိရှိရပါ သည်။

၃။ သို့ဖြစ်ပါ၍ ကွယ်လွန်သူ ဦးဘရွှေ၊ ဒေါ်တုတ်ကျန်ရစ်ခဲ့သည့် အမွေဆိုင်ရှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေပြောင်းနိုင်သောပစ္စည်းများကို ဦးစိုးညွန့်၏ဖခင်အမည် ဦးဘရွှေအမည်ဖြင့်ထုတ်ပေးထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/ဗဟန(နိုင်)၀၂၅ဖ၉၁အား အသုံးပြု၍ ၎င်း၏တစ်ဦးတည်းသဘောဆန္ဒဖြင့် ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်းပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ခဲ့ပြီးသော စာချုပ်စာတမ်းများရှိခဲ့လျှင်လည်း တရားမဝင်ကြောင်း ဦးစိုးညွန့်နှင့် သက်ဆိုင်သူများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မူယာခင်
(ညွှန်ကြားချက်ပေးသူ) **ညွှန်ကြားချက်အရ-**
၁။ဦးလှမြင့်(ဒဂုံ)စဉ်-၉၀၁၂ **၂။ဦးတင်အောင်ကြည် (တောင်သုံးလုံး)စဉ်-၁၂၃၃**
အထက်တန်းရှေ့နေ **တရားလွှတ်တော်ရှေ့နေ**
အမှတ်၅၅၇/၅၆၉၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ (၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၁၀၃၃၀

ဦးစိုးညွန့်၊ ၁၂/ဗဟန(နိုင်)၁၁၄၄၀၂နှင့်သက်ဆိုင်သူများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ ရွှေယင်းမာ(၁)လမ်း၊ အမှတ်(၁၄၄၁)တွင် နေထိုင်သူ ဒေါ်မူယာခင် ၁၂/ဗဟန(နိုင်)၁၁၀၉ဧ၄၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်၏အမှုသည် ဒေါ်မူယာခင်နှင့်ဦးစိုးညွန့်တို့မှာ ယခင်က အမှတ်(၂၂၃)၊ ရွှေဂုံတိုင်လမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်တွင် နေထိုင်ခဲ့သူများဖြစ်ပြီး ကွယ်လွန်သူ အမွေရှင် ဦးဘရွှေ၊ ဒေါ်တုတ်တို့မှာ ဒေါ်မူယာခင်နှင့်ဦးစိုးညွန့်တို့၏ မွေးစားမိဘများ ဖြစ်ကြပါသည်။

၂။ ဦးစိုးညွန့်မှာ ၎င်း၏ဖခင်အမည်မှန် ဦးလှအောင်အမည်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ယူကိုင်ဆောင်ခြင်းမပြုဘဲ အမွေရှင် ဦးဘရွှေ၏ သားအရင်းအဖြစ် ဖော်ပြ၍ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၂/ဗဟန(နိုင်)၀၂၅ဖ၉၁ကို ကိုင်ဆောင်ခဲ့သူဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ ကျွန်ုပ်၏အမှုသည် ဒေါ်မူယာခင်ထံသို့ ဗဟန်းမြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ၂၀-၁၂-၂၀၁ဖရက်တွင် ကြေညာချက်အမှတ် -၁/၂၀၁ဖအရ ဦးစိုးညွန့်၏ နိုင်ငံသားစိစစ်ရေးကတ်ကို ဖျက်သိမ်းခဲ့ရာ ၁၇-၂-၂၀၂၀ရက် တွင် ဦးစိုးညွန့်ကိုင်ဆောင်ခဲ့သည့် အဆိုပါနိုင်ငံသားစိစစ်ရေးကတ်အား ၎င်း၏ဖခင်အမည်မှန် ဦးလှအောင်အမည်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/ဗဟန(နိုင်)၁၁၄၄၀၂ ကို ထုတ်ပေးပြီးဖြစ်ကြောင်း အကြောင်းကြားစာပေးပို့လာ၍ သိရှိရပါ သည်။

၃။ သို့ဖြစ်ပါ၍ ကွယ်လွန်သူ ဦးဘရွှေ၊ ဒေါ်တုတ်ကျန်ရစ်ခဲ့သည့် အမွေဆိုင်ရှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေပြောင်းနိုင်သောပစ္စည်းများကို ဦးစိုးညွန့်၏ဖခင်အမည် ဦးဘရွှေအမည်ဖြင့်ထုတ်ပေးထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/ဗဟန(နိုင်)၀၂၅ဖ၉၁အား အသုံးပြု၍ ၎င်း၏တစ်ဦးတည်းသဘောဆန္ဒဖြင့် ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်းပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ခဲ့ပြီးသော စာချုပ်စာတမ်းများရှိခဲ့လျှင်လည်း တရားမဝင်ကြောင်း ဦးစိုးညွန့်နှင့် သက်ဆိုင်သူများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မူယာခင်
(ညွှန်ကြားချက်ပေးသူ) **ညွှန်ကြားချက်အရ-**
၁။ဦးလှမြင့်(ဒဂုံ)စဉ်-၉၀၁၂ **၂။ဦးတင်အောင်ကြည် (တောင်သုံးလုံး)စဉ်-၁၂၃၃**
အထက်တန်းရှေ့နေ **တရားလွှတ်တော်ရှေ့နေ**
အမှတ်၅၅၇/၅၆၉၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ (၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၁၀၃၃၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ ရွှေယင်းမာ(၁)လမ်း၊ အမှတ်(၁၄၄၁)တွင် နေထိုင်သူ ဒေါ်မူယာခင် ၁၂/ဗဟန(နိုင်)၁၁၀၉ဧ၄၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်၏အမှုသည် ဒေါ်မူယာခင်နှင့်ဦးစိုးညွန့်တို့မှာ ယခင်က အမှတ်(၂၂၃)၊ ရွှေဂုံတိုင်လမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်တွင် နေထိုင်ခဲ့သူများဖြစ်ပြီး ကွယ်လွန်သူ အမွေရှင် ဦးဘရွှေ၊ ဒေါ်တုတ်တို့မှာ ဒေါ်မူယာခင်နှင့်ဦးစိုးညွန့်တို့၏ မွေးစားမိဘများ ဖြစ်ကြပါသည်။

၂။ ဦးစိုးညွန့်မှာ ၎င်း၏ဖခင်အမည်မှန် ဦးလှအောင်အမည်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ယူကိုင်ဆောင်ခြင်းမပြုဘဲ အမွေရှင် ဦးဘရွှေ၏ သားအရင်

မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ကက်သာစံပြ ကျေးရွာမှ မမြတ်မွန်အေး ၅/ဟမလ (နိုင်)၀၇၀၀၈၀၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၁-၁၉၈၈ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဝင်းကျော်ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့နယ်၊ လိတ္ထူကျေးရွာ အလယ်တန်းကျောင်း တတိယတန်းမှ မောင်ရိုင်းထက်ကျော်၏မိခင် ဒေါ်စိမ်းမိုဠိစမ်းနှင့် ဒေါ်မိုဠိစမ်း ၅/ကဘလ(နိုင်) ၁၄၈၆၃၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။**ဒေါ်စိမ်းမိုဠိစမ်း(ခ)ဒေါ်မိုဠိစမ်း**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/8426 Mazda Bongo sk 82T P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက (ကမ-၃)ဟောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကိုယ်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကည၇၊ တိုင်းရုံး(ထားဝယ်)

ဖခင်အမည်မှန်

ပလောက်မြို့၊ အထက(ခွဲ)အရှေ့ကုန်း၊ နဝမတန်းမှ မောင်နိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင် ၆/ထဝန(နိုင်)၀၇၄၂၄ ဖြစ်ပါကြောင်း။

ဦးသန်းနိုင်

မိခင်အမည်မှန်

ပလောက်မြို့၊ အထက(ခွဲ)အရှေ့ကုန်း၊ နဝမတန်းမှ မောင်ချစ်သူ၏ မိခင်အမည်မှန်မှာ ဒေါ်သီသီခိုင် ၆/ပလတ(နိုင်)၀၀၆၇၄၀ ဖြစ်ပါကြောင်း။

ဒေါ်သီသီခိုင်

ကန့်ကွက်နိုင်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ကရင်ပြင်(မ)၊ အကွက်အမှတ်(၄၀)၊ ဦးပိုင်အမှတ် (၄၃)၊ ဧာ၀ကလေးလမ်း၊ အိမ်အမှတ်(၁၀၁၁)ဟူခေါ်တွင်သော အိမ်အကျယ်(၅၃'x ၆၀')ပေ၊ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအ၀ယ်ဆက်စပ်စာချုပ် ဝယ်ယူပိုင်ဆိုင် လက်ရှိအကျိုးခံစားလျက် လွဲပြောင်းရောင်းချခွင့်ရသူ (၁)ဦးဝင်းနိုင် ၊ (၂)ဦးမောင်မောင်မြင့် ၊ (၃) ဒေါ်တင်တင်ဌေး၊ (၄)ဦးခင်မောင်ထွေး မောင်နှမ (၄)ဦးထဲမှ ဦးကျော်မင်း ၆/ လလန(နိုင်) ၀၁၇ ၄၈၁ - ဒေါ်ချိုချိုထွေး ၆/ထ၀နန (နိုင်) ၀၇၂၆၄၉ တို့က ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအား ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ တစ်လအတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအ၀ယ်ကို ပြီးဖြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ချိုချိုလွင်(LL.B)

အထက်တန်းရှေ့နေ(စဉ်-၂၂၀၂၁)

၅၄၃၊ နတ်စင်လမ်း၊ မြောင်းပုလဲရပ်

ထားဝယ်မြို့

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(၁၆)မီးကြာရိုးတောင်ရပ်၊ ဦးပိုင်အမှတ်(၄၀)၊ မြေယာနံပါတ်(147)၊ ဧရိယာ(၀ဒသမ၂၀၀)ဧကရှိ မြို့မြေဂရန်မူနံပါတ် (၁၅၀/၂၀၀၂-၂၀၀၃)အရ ဒေါ်ခင်ကြည်ပါ(၅)ဦး အမည်ပေါက် မြေကွက်နှင့် အကျိုးခံစားခွင့်များထဲမှ ဦးအေးထွန်းအောင်နှင့် ဒေါ်တင်မှုမြင့်တို့အား ခွဲစိတ်ရောင်းချထားပြီးသည့် မြေကွက်အစိတ်အပိုင်း၏ လက်ဝဲဘက်ကပ်လျက် မျက်နှာစာ ၄၅ပေ၊ နောက်ကြောဘက် ၄၅ပေ၊ ဘေးတိုက် နှစ်ဘက် ၆၀ပေစီအကျယ်အ၀နန်းရှိ မြေကွက်အစိတ်အပိုင်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်လျက်ရှိသူ ဒေါ်ခင်ကြည်၊ ဦးဇော်မင်းထွန်း နှင့်ဦးရန်နောင်ထွန်းတို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအ၀ယ်ကိစ္စကို ဆုံးခန်းတိုင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကြည် LL.B

တရားလွှတ်တော်ရှေ့နေ

အမှတ်(၂၃)၊ နှင်းဆီလမ်း၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့

ဖုန်း-၀၈၅-၂၉၇၄၀-၂၀၄၄၁၀၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကန်သာဦးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၆၇၈-ရွာသစ်)၊ ဦးပိုင်အမှတ်(၃၂/၅)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိမြေအား ဦးရိုင်းဝေ-ဒေါ်သင်းသင်းကြူ အမည်ဖြင့် မြေဌားစာချုပ်(အသစ်)လျှောက်ထားရာကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြ နိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းညွှေ့ပေါ်ပြဋ္ဌာန်းချက်များနှင့်အညီ မြေဌားစာချုပ်(အသစ်)ခွင့်ပြု မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ

မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၂/၁သလွှာမြို့သစ်)၊ ဦးပိုင်အမှတ်(မြေရတနာလမ်း-၁၆)၊ ဧရိယာ ၀ဒသမ၁၀ဧကရှိမြေအား ဦးခင်မောင်ဦး အမည်ဖြင့်မြေဌားစာချုပ်(အသစ်)လျှောက်ထားရာကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းညွှေ့ပေါ်ပြဋ္ဌာန်းချက်များနှင့်အညီ မြေဌားစာချုပ်(အသစ်)ခွင့်ပြု မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ

မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂/ပေါင်းလောင်း-၂)၊ ဦးပိုင်အမှတ်(-)၊ မြေကွက်အမှတ်(၁၈၈၅)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးဆန်းမြင့် အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်ခင်ဆွေ၀င်း (၁)ဦးအဝိန် ၉/ပမန(နိုင်)၀၀၈၀၅၅၈၀ ပျဉ်းမနားမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဓါ မြေကွက်မူလအမည်မှန် စိစစ်ချက်ပေးပို့ခြင်းထောက်ခံချက်၊ အရောင်းအ၀ယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိ၀နခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် မူရင်းများတင်ပြပြီး မြေဌားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊အမှတ်(၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/အင်တိုင်းသာ ရပ်)၊ ဦးပိုင်အမှတ်(၁၅)၊ မြေဧရိယာ ၀ဒသမ ၂၀၁ ဧကရှိ ဦးထွန်းလှ-ဒေါ်မိ အမည်ပေါက် ဘိုးဘဝိုင်မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ဖြင့် ရရှိထားသူများဖြစ်သော ဒေါ်ခင်အေး(ပါ)-၂ ဦးထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ(၃/၂၀၂၀)ရရှိထားသူ ဦးဇော်ထူး ၉/လ၀နန(နိုင်) ၀၀၂၁၈၁ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်(၁/၂၀၂၀)၊ အရောင်းအ၀ယ်ကတိစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲ အပ်စာ(၃/၂၀၂၀)မှရင်းများတင်ပြ၍ မြေဧရိယာ ၀ဒသမ၂၀၁ ဧကရှိသည့်အနက် ၀ဒသမ ၀၄၆ ဧကအား ဒေါ်ခိုင်စောလင်း(၁)ဦးအောင်ရွှေ (၉/ လ၀နန(နိုင်)၂၀၉၁၆၀ နှင့် မှတ်ပုံတင်အရောင်းအ၀ယ်စာချုပ်ချုပ်ဆိုရန်မေပုံ၊ မြေရာဇ၀င်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှ စ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနစု၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံမြေရာဇ၀င် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၁၆-၂-၂၀၂၀ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ဦးရဲထွန်း၀င်းနှင့်ဦးကောင်းမြတ်လင်းတို့၏ မန်နေဂျင်းဒါရိုက်တာ ဦးဟန်ထူးအောင်အပေါ် အများသိစေရန်ကြေညာချက်အား ပြန်လည်ဖြေရှင်းခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟန်ထူးအောင် ၈/ကမန(နိုင်)၀၅၂၆၅၈၊ အမှတ်(၁၈)၊ ရှွေင်းသာလမ်းမကြီး၊ ပင်လုံအိမ်ရာ အပိုင်း(၁)၊ (၂၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်ထူးအောင်ပိုင် Amazing Creativity Myanmar Co.,Ltdမှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ရန်ရှိသော CCTV လုပ်ငန်းများကို လူကြီးမင်းတို့ကုမ္ပဏီအားလုပ်ငန်းအပ်နှံရာမှ စတင် ရင်းနှီးခဲ့ကြခြင်းဖြစ်ပါသည်။အခြားသော ဆောက်လုပ်ရေးနှင့်ဆက်စပ်သောလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် မိမိ၏မိတ်ဆွေလုပ်ငန်းလည်ပတ်လျက်ရှိသော Amazing Creativity Myanmar Co.Ltdသို့ ရှယ်ယာငွေအဖြစ် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀၀၀၀/-(ကျပ်သိန်းငါးဆယ်တိတိ)စီထည့်ဝင်လျက် ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြပါသည်။

ကုမ္ပဏီမှ BOD များဖြစ်ကြသော ဦးဝင်းမောင်နှင့်ဦးထင်အောင်တို့မှ အခြားသောလုပ်ငန်းများမအားလပ်မှုကြောင့် ကုမ္ပဏီတွင် ဆက်လက်တာ၀နယ်ယူဆောင်ရွက်ရန်ပျက်ကွက်မှုများ ရှိလာနိုင်ခြင်းကြောင့်ထွက်ခွင့်ပြုရန်တင်ပြလာခြင်းကြောင့်လည်းကောင်း၊ ၎င်းတို့ထည့်ဝင်ထားသော အစုငွေကျပ် ၅၀၀၀၀၀၀၀/(ကျပ်သိန်းငါးဆယ်တိတိ)ကို ပြန်လည်ထုတ်ပေးပြီး BOD စာရင်းမှ ထုတ်ပယ်ပေးခဲ့ပြီး ဖြစ်သော်လည်း ယနေ့တိုင်အခြားသောလုပ်ငန်းများတွင် အတူယူပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လူကြီးမင်းနှင့်အတူ BOD စာရင်းမှ နုတ်ထွက်ခွင့်ပြုရန် တင်ပြတောင်းခံခဲ့သော ဦးကောင်းမြတ်လင်းသည် ယနေ့ချိန်ထိ ထည့်ဝင်ရမည့်ရှယ်ယာငွေအား ထည့်ဝင်ထားခြင်းမရှိသောကြောင့် မူလကတည်းက အလိုလိုပျက်ပြယ်ပြီးဖြစ်သော်လည်း ၎င်း၏တောင်းဆိုမှုအရ ငွေကြေးမထည့်ဝင်နိုင်သော်လည်း အတူတူလက်တွဲဆောင်ရွက်နိုင်ရန်အတွက် တရားဝင်နုတ်ထွက်ခြင်းကို မဆောင်ရွက်ပေးနိုင်ခဲ့ခြင်း သာဖြစ်ပါသည်။နောင်တွင် ဦးကောင်းမြတ်လင်းအား နုတ်ထွက်နိုင်ရန်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးထွန်းအောင်ကျော်-ဇနီးဒေါ်ဇင်ရွှေမင်းတို့၏ ဖခင်ဖြစ်သူ ဖိုလ်ကြီး တင်အောင်(ငြိမ်း)သည် ၂၀-၂-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးဦးကျော်တင်နှင့်
နိုင်ငံခြားရေး/အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန
ဝန်ထမ်းမိသားစုများ

ဦးကြည်ဖြူ (B.A, R.L)
ပြည်နယ်တရားသူကြီး(ငြိမ်း)
အသက်(၈၀)

မြိတ်မြို့၊ ကံဖျားရပ်နေ (ဦးသန်ဟွပ်-ခေါ်ကံရင်)တို့၏သား၊ မန္တလေးမြို့၊ ၇၃-လမ်းနေ (ဦးဘသိန်း-ခေါ်မိ) တို့၏ သားသမက်၊ ခေါ်ရွှေကြည်၏မောင်၊ ဦးဝင်းထိန်-ခေါ်ဝင်းကြူ တို့၏အစ်ကို၊ ရန်ကုန်မြို့နေ မအေးအေးမွန်၊ (မဝါဝါမွန်)၊ ကိုကျော်နေမျိုး-မဆွေဇင်ဦး၊ ကိုဝေထွန်း-မမြတ်မြတ်သန္တာမွန်၊ (ကိုညီဧော်မျိုး)၊ ကိုအောင်ကျော်မျိုး-မဆုထက်စန္ဒီ တို့၏မွေးသဖခင်၊ မောင်ကြည်စင်သန့်၊ မောင်အောင်ခန့်ကျော်၊ မောင်ဇွဲဝဏ္ဏအောင်၊ မယွန်းရတီဦးတို့၏ အဘိုး၊ ခေါ်ကူကူ၏ ချစ်လှစွာသောခင်ပွန်း သည်၂၄-၂-၂၀၂၀ရက် (တနလာ်နေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၂၀ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေပြည်သာမြို့နယ်၊ ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူးရှု၍ ၁-၃-၂၀၂၀ရက်(တနင်္ဂနွေနေ့)နံနက်တွင် ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ ကနောင်ပန်းခြံ၊ နဝရတ်လမ်း၊ အမှတ်(၃၉၆)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဇေယျ
မေတ္တာဦးမျက်စိဆေးရုံ
အသက်(၆၀)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ်(၂၇)နေ (ဦးသိန်းလိုင်-ခေါ်အေးမှင်)တို့၏ သားငယ်၊ (ခေါ်တင်တင်ဦး-ဦးအေးကို)၊ ခေါ်တင်တင်လတ်-ဦးနေမျိုး၊ ဦးသူရ-ခေါ်သန်းဝင်းတို့၏ ညီ/မောင်၊ ခေါ်ဆွေဆွေအေး-ဦးခိုင်ကြီးစိုး၊ ဦးမျိုးမင်းသာ၊ ဦးကျော်ထင်-ခေါ်ဟေမာလွင်ဦး တို့၏ ဦးလေးသည် ၂၅-၂-၂၀၂၀ရက် နံနက်၅:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၀ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအား ရည်းစူးရှု၍ ၂-၃-၂၀၂၀ရက် (တနလာ်နေ့) နံနက်၇နာရီမှ ၉နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်ဦး
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ်(၁၁)(၉)လမ်းနေ (ဦးလှမြင့်-ခေါ်ကျင်ထွေး)တို့၏သား၊ (ဦးတင့်ဆွေ-ခေါ်သန်းမြင့်)တို့၏သားသမက်၊ ဦးစစ်မောင်-(ခေါ်ကျင်ဟုန်)(စိန်နေမတ္တာပွဲရုံ)တို့၏တူ၊ ခေါ်ဌေးဌေးမြင့်၏ခင်ပွန်း၊ မမေသန္တာဦး(Get All Myanmar Co.,Ltd)၊ မဆုဖွန်ကျော်(အထက-၂၊ လသာ)(Grade II-A) တို့၏ဖခင်သည် ၂၅-၂-၂၀၂၀ ရက် (အင်္ဂနေ့) နံနက် ၁:၃၀နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂီဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူးရှု၍ ၂-၃-၂၀၂၀ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးငြိမ်းချမ်းဆု(ပန်းချီငြိမ်းချမ်းဆု)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၄)လမ်း၊ အမှတ်(၅၂၉)နေ ဦးညွန့်ရွှေ(ရွှေစံကားဝါနို့ဆီ)-(ခေါ်ညွန့်ညွန့်ရီ)(အထက-၅၊ တ/ဥ)တို့၏သား၊ မဖြူစုမွန်(Destination Asia)၏အစ်ကို၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ အမှတ်(၁၀၃၅)၊ ဒုတိယထပ်)နေ ခေါ်သိမ့်သိမ့် လှတောတို့၏ ခင်ပွန်း၊ မပန်းငြိမ်းဖြူနှင့် မပန်းနှင်းအိမ်တို့၏ဖခင်သည် ၂၄-၂-၂၀၂၀ရက် (တနလာ်နေ့) ည ၈:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ ညနေ ၃နာရီနှင့် ဗိုလ်ချုပ်လမ်း၊ ဝဇီရာရုံရှေ့မှ ကားများ မွန်းလွဲ ၂:၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူးရှု၍ ၁-၃-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် မြောက်ဒဂုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးတင်မျိုးအောင်
မြို့မကျောင်းသားဟောင်း-၁၉၉၆)
(Dubai Duty Free)
အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်လမ်း၊ ဘုရင့်နောင်ရဲရိပ်သာနေ ဒုတိယရဲမှူး(ဦးတင်မောင်)-ခေါ်မူမူတို့၏သား၊ မန္တလေးမြို့နေ ဦးကျော်သူစိုး-ခေါ်ဂျာအောန်၊ ရန်ကုန်မြို့နေ ဦးဝဏ္ဏစိုး-ခေါ်ဆုဆုနှင်းလိုင်တို့၏အစ်ကို၊ ခေါ်မေစုလိုင်၏ချစ်လှစွာသောခင်ပွန်း၊ မောင် ဝေလင်းရှိန်၏ ဖခင်သည် ၂၄-၂-၂၀၂၀ရက် (တနလာ်နေ့) ညနေ ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂီဟများအား အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ ပုဂံလမ်းမကြီး၊ ဘိုးရာဇာ(၁)လမ်းနေအိမ်မှကားများ ညနေ ၃:၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးမြမောင်(ခ)ဆရာတော်ဦးပဏ္ဍိတ (နာယက)
သက်တော်(၈၇)နှစ်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွှေညောင်မြို့၊ အောင်သပြေမိုးကုတ်ဝိပဿနာမဓု ရိပ်သာအဖွဲ့ခွဲအမှတ်(၃၁၄)မှ ဦးမြတ်မင်း၏ ဖခင်ဖြစ်သူ ဦးမြမောင်(ခ)ဆရာတော် ဦးပဏ္ဍိတ(နာယက)သည် ၂၁-၂-၂၀၂၀ရက်(သောကြာနေ့)ညနေ ၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

စည်သူ(ဓရ)
ကျောင်းဆင်းသူငယ်ချင်းများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ခေါ်ရင်ဌေး(မော်လမြိုင်)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် ၄၄၊ (ပ)ထပ် ၈လမ်းနေ (ဦးသောင်းဟိုး-ခေါ်ငြိမ်းရွှေ)တို့၏သမီး၊ ဦးမောင်လေး၏ ဇနီး၊ ခေါ်မြင့်မြင့်ဆွေ၊ (ဦးလှမိုး)၊ (ဦးတင်ထွန်)-ခေါ်ခင်ခင်ဝင်း၊ ဦးမင်းထွန်-ခေါ်မျိုးမျိုးမြင့်၊ ဦးမင်းသိန်း-ခေါ်မိုးမိုး(ဗဟန်း)တို့၏မိခင်၊ မြေး ငါးယောက်တို့၏ အဘွားသည် ၂၅-၂-၂၀၂၀ရက်(အင်္ဂနေ့) နံနက် ၃:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂီဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

(အမှတ် ၃၆၊ ပြည်ထောင်စုလမ်းဗဟန်းနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူးရှု၍ ၂၉-၂-၂၀၂၀ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၀ နာရီ အထိ အမှတ် ၃၆၊ ပြည်ထောင်စုလမ်း၊ ဗဟန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခေါ်ကြည်လေး
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ (၉၂)လမ်း၊ အမှတ်(၅၃)နေ (ဦးချုစင်လန်-ခေါ်လိုင်ရင်)တို့၏သမီး၊ (ဦးရီပင်း)၏ဇနီး၊ ဦးထွန်းထွန်းဦး၊ ဦးထွန်းမြင့်၊ ဦးထွန်းထွန်းအောင်၊ ဦးထွန်းလင်းတို့၏ မိခင်သည် ၂၃-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၁:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးကောင်းတုံ တရုတ် သုသာန်၌ ဂူသွင်းမည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူးရှု၍ ၂၉-၂-၂၀၂၀ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ခေါ်အေးအေးကြည်(B.Com)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်း ၇လမ်း၊ အမှတ် ၃၄၊ လေးလွှာနေ (ဦးထွန်းကြည်- ခေါ်တင်ကြေ)တို့၏ သမီး၊ (ဦးတင်မောင်-ခေါ်သောင်းမြင့်)တို့၏သမီးရွှေးမ၊ [ဦးမြင့်ဆွေ(ခ)မောင်မောင်]၏ ချစ်လှစွာသောဇနီး ၊ ကိုကျော် ကိုကို-မပြုံးလဲ့မွန်၊ ခေါက်တာ နေလင်း-ခေါက်တာသက်ဆုမွန် ၊ ကိုမင်း ကိုကိုတို့၏ ချစ်လှစွာသောမိခင်၊ မပြုံးသီရိစုံ(ခ)မီးတုံ၏ အဘွားသည် ၂၅-၂-၂၀၂၀ရက် နံနက် ၆:၅၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၀ရက် (ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ် ဝေးမှ မိတ်ဆွေသင်ဂီဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမောင်မောင်ကျော်
(မောင်တောမြို့)
အသက်(၄၆)နှစ်

ရခိုင်ပြည်နယ်၊ မောင်တောမြို့နေ (ဦးစောရှိန်မောင်) - ခေါ်သိန်းကျော့ ဦးတို့၏သား၊ (ဦးသံသီးအောင်-ခေါ်ခိုင်နီ)တို့၏ သားသမက်၊ ခေါ်လှလှစော (မတိုက်)၊ ခေါ်ခင်ခင်စော-ဦးမောင်မောင်ခင်တို့၏မောင်၊ သာကေတမြို့နယ်၊ ၅လမ်း ၊ ရွှေခင်းသာအိမ်ရာ၊ တိုက်အမှတ် (B-4)၊ အခန်း(203)နေ ခေါ်ခုနခင် (အလပြ-အမက-၁၇၊ သာကေတ)၏ခင်ပွန်း၊ မောင်ထက်မြတ်စံ(ပိုင်ပိုင်)၊ မလမင်း ပိုင်ပိုင်တို့၏ ဖခင်၊ မကျော့မှူးခင် ခင်(အိပ္ပံ)၊ မောင်ရှင်းမင်းစံ(ရှင်ရှင်) တို့၏ဦးလေးသည် ၂၅-၂-၂၀၂၀ရက် နံနက် ၈:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၀ရက် (ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း။

(သာကေတ၊ ၅ကွေ့၊ ရွှေခင်းသာ အိမ်ရာမှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူးရှု၍ ၂-၃-၂၀၂၀ ရက်တွင် သာကေတ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ခြောင်းခြေကြာ်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ခ၊ မြေကွက်တည်နေရာ အမှတ် (၁၉၈/ခ)၊ အနော်ရထာလမ်း(၇၀)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ဦးကျော်တင့် အမည်ပေါက် ပါမစ်မြေအား ပါမစ် အမည်ပေါက် ဦးကျော်တင့်ထံမှ အရပ်ကတိ အရောင်းစာချုပ် (၂၉-၁၂-၉၆)ဖြင့် ဒေါ်ရာနီထံ

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ

ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဦးဝေစိန်အောင်က ပုဒ်မ ၄၃ဖ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)တို့ကို ပြင်ဆင်မည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းကျော်ရမည်ဆိုသည့်အတွက် ပြင်ဆင်ရန်ခက်ခဲပါကြောင်း၊ ယခုဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းများ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီက တင်သွင်းထားသည့် ပြင်ဆင်ချက်တွင် ရွေးကောက်ခံကိုယ်စားလှယ် စုစုပေါင်း၏ သုံးပုံ နှစ်ပုံကျော် ထောက်ခံပါက ပြင်ဆင်မည်ဟုဆိုသည့်အတွက် သင့်တော်သည့် ပြင်ဆင်ချက်ဖြစ်သောကြောင့် ထောက်ခံပါကြောင်း။

ထို့ပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီစံနှုန်းများနှင့် မကိုက်ညီသည့်အပြင် ဖက်ဒရယ်ပြည်ထောင်စုသို့ လားရာလမ်းလည်း မပါရှိသည့်အတွက် ပြင်ကိုပြင်ရမည်ဟု တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက လိုလားကြပါကြောင်း၊ နိုင်ငံရေးသမားများ၊ တပ်မတော်သားများကလည်း ပြင်ဆင်သင့်သည့်

စာမျက်နှာ ၈ ကော်လံ ၁ ◆

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

AFC Cup ပြိုင်ပွဲတွင် ရန်ကုန်အသင်း အိမ်ကွင်း၌ နိုင်ပွဲရရှိ

ရန်ကုန်အသင်းမှ ဇင်မင်းထွန်း၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို လာအိုတိုယိုတာဂိုးသမား ကာကွယ်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၂၀ AFC Cup ပြိုင်ပွဲအုပ်စု ဒုတိယနေ့အဖြစ် ရန်ကုန်အသင်းနှင့် လာအိုတိုယိုတာ (လာအို) အသင်းတို့ ယနေ့ညနေပိုင်းက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းသည် အုပ်စုအဖွင့်ပွဲတွင် သရေကျထားသောကြောင့် ယခုပွဲတွင် အနိုင်ရရန် အားထည့်ကစားခဲ့ပြီး အနိုင်သုံးမှတ် စတင်ရယူနိုင်ခဲ့သည်။ သို့သော် ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခြင်းမရှိဘဲ တစ်ဂိုးအသာဖြင့်သာ အနိုင်ရခဲ့သောကြောင့် နောက်တစ်ဆင့်တက်ရေးအတွက် လာမည့်ပွဲများတွင် ရလဒ်ကောင်းရန် ပိုမိုကြိုးပမ်းရမည်ဖြစ်သည်။ လာအိုတိုယိုတာအသင်းမှာမူ နှစ်ပွဲဆက်အရေးနိမ့်ပြီး အခွင့်အရေးနည်းသွားခဲ့သည်။

ရန်ကုန်အသင်းသည် ကျော်ဇင်ထက် (ဂိုး)၊ ဇာနည်ထက်၊ ထိုက်ထိုက်အောင်၊ အဘူဘာကာ၊ မင်းကျော်ခန့်၊ မောင်မောင်ဝင်း၊ ရှိုရီ၊ မောင်မောင်လွင်၊ ဇင်မင်းထွန်း၊ အောင်ကျော်နိုင်၊ ဘာဖို တို့ဖြင့် ပွဲထွက်ခဲ့၍ အီမန်ဆူရယ်၊ သိန်းသန်းဝင်းတို့ကို အနားပေးထားခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ကာ ၁၈ မိနစ်တွင် အောင်ကျော်နိုင်က အဖွင့်ဂိုးသွင်းယူခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၅ ❊

ဘောဂဗေဒ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဘောဂဗေဒ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၂၀) တွင် ဖော်ပြထားပါသည်။

စစ်အခြေစိုက်စခန်းများအတွက် ကုန်ကျစရိတ် ကျခံမှုနှင့်ပတ်သက်၍ အမေရိကန်နှင့် တောင်ကိုရီးယားတို့ သဘောတူညီမှု မရရှိသေး

စာ ၁၅

ကိုရိုနာဗိုင်းရပ်စ် (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

ဖေဖော်ဝါရီ ၂၅ ရက်အထိ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသော်လည်း ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးများ တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်ထား

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ ဝင်ပေါက် ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြု အဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍ လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်တွင် နေထိုင်သော အသက် (၂၃) နှစ်အရွယ် အမျိုးသားတစ်ဦးသည် လွန်ခဲ့သော (၁၅) ရက်ခန့်မှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့ရှိ ကားဝပ်ရှော့တစ်ခုတွင် အလုပ်လုပ်ကိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၂၄ ရက်တွင် ရွှေလီမြို့မှ မူဆယ်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် မူဆယ်မြို့မှ ရွှေလီမြို့သို့ ပြန်သွားခဲ့ရာ မူဆယ်-မန့်ဝိန်း နယ်စပ်ဂိတ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများမှ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ် ၎င်းတွင် အဖျား (၁၀၀) ဒီဂရီဖာရင်ဟိုက်ရှိကြောင်း တွေ့ရှိရသဖြင့် မူဆယ်ပြည်သူ့ဆေးရုံ၌ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက် ရှိသည်။ အဆိုပါလူနာထံမှ ဓာတ်ခွဲနမူနာရယူပြီး အမျိုးသား ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရာတွင် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရကြောင်း သိရသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❑

မြန်မာ့အလင်း

ယနေ့ရန်ကုန် Yangon Today

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်

၂၀၂၀ ပြည့်နှစ်၊ ဇေဖော်ဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

ရန်ကုန်မြို့အခြေခံပညာကျောင်းတွေမှာ

တိုးချဲ့ပြေးဆွဲမယ့် Yangon School Bus တွေ

ဇင်လင်းမြင့်

ရန်ကုန်မြို့မှာရှိတဲ့ အခြေခံပညာကျောင်းတွေမှာ ကျောင်းသား ကျောင်းသူတွေအတွက် နေ့စဉ်ကျောင်းတက် ကျောင်းဆင်းဖို့ ကျောင်းကားတွေစီစဉ်ပေးလျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနဲ့ ကျောင်းကားတွေစီစဉ်ပေးလျက်ရှိရာမှာ လာမယ့် ၂၀၂၀-၂၀၂၁ ခုနှစ် ပညာသင်နှစ်မှာတော့ လက်ရှိပြေးဆွဲပေးနေတဲ့ ကျောင်းကားစီးရေထက် ပိုမိုပြေးဆွဲပေးမှာ ဖြစ်တယ်လို့ သိရပါတယ်။

"ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (Yangon RegionTransport Authority-YRTA) အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကျောင်းကားလုပ်ငန်း စံနမူနာပြုဖြစ်လာအောင်၊ တိုင်းရင်းသားလုပ်ငန်းရှင်တွေလည်း စည်းကမ်းစနစ်တကျ ဆောင်ရွက်လာနိုင်အောင် School Bus အစီး ၂၀၀ ဝယ်ယူပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ စတင်ပြေးဆွဲခဲ့တာမို့ လာမယ့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ် မှာ လက်ရှိကျောင်းကားအစီးရေရဲ့ ၈၀ ရာခိုင်နှုန်း ပြေးဆွဲဝန်ဆောင်မှုပေးသွားမှာ ဖြစ်ပါတယ်" လို့ YRTA ရဲ့တာဝန်ရှိသူတစ်ဦး ဖြစ်တဲ့ ဦးအောင်ညီညီမော်က ပြောပါတယ်။

၈၀ ရာခိုင်နှုန်းပြေးဆွဲ ဝန်ဆောင်မှုပေးမှာ ဖြစ်

ရန်ကုန်မြို့ရဲ့ အခြေခံပညာကျောင်းတွေမှာ ၂၀၁၈-၂၀၁၉ ခုနှစ် ပညာသင်နှစ်မှာ ကျောင်းပေါင်း ခုနစ်ကျောင်းက ကျောင်းသား ကျောင်းသူဦးရေ ၁၄၂၅ ဦးကို ကျောင်းကားအစီးရေ ၆၇ စီးနဲ့စတင်ဝန်ဆောင်မှုပေးခဲ့တာ ဖြစ်ပါတယ်။ ဒုတိယပြင် ၂၀၁၉-၂၀၂၀ပြည့်နှစ် ပညာသင်နှစ်မှာတော့ အခြေခံပညာစာသင်ကျောင်းပေါင်း ၁၂ ကျောင်းအတွက် ကျောင်းကားစီး ရေပေါင်း ၁၀၇ စီးနဲ့ ကျောင်းသား ကျောင်းသူဦးရေ ၁၉၆၀ ကို ပို့ဆောင်ဝန်ဆောင်မှုပေးခဲ့တာဖြစ်ပါတယ်။ လာမယ့် ၂၀၂၀-၂၀၂၁ ခုနှစ် ပညာသင်နှစ်မှာတော့ လက်ရှိကျောင်းကားစီးရေရဲ့ ၈၀ ရာခိုင်နှုန်းပြေးဆွဲ ဝန်ဆောင်မှုပေးမှာ ဖြစ်ပါတယ်။

Yangon School Bus လို့ခေါ်တဲ့ ကျောင်းကားစနစ်ကို ဆောင်ရွက်တဲ့အခါ အမြတ်အစွန်းကို အဓိကမထားဘဲ ကျောင်းသားကျောင်းသူ လူငယ်တွေကို အန္တရာယ်ကင်းဘေးရှင်းစွာနဲ့ ကျောင်းရောက်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ အရင်က ကျောင်းကားတွေဆိုရင် ကားမျိုးစုံ၊ အရွယ်အစားမျိုးစုံရှိနေကာ အရောင်နဲ့ခွဲခြားထားမှုလည်းမရှိပါဘူး။ ကျောင်းကားစီးပွားရေးပုံစံတစ်ခုလို ဖြစ်နေပါတယ်။

၂၀၁၇ ခုနှစ် ဇူလိုင်လမှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနက ကျောင်းကားသတ်မှတ်ချက် ၁၂ ချက်ကို ထုတ်ပြန်ကြေညာခဲ့ပြီး အဲဒီသတ်မှတ်ချက်တွေနဲ့ အညီ YRTA က ကျောင်းသားတွေကို ဝန်ဆောင်မှုပေးနေတာ ဖြစ်ပါတယ်။ Yangon School Bus ကို ဝန်ဆောင်မှုပေးတဲ့အခါ ယာဉ် မောင်းပါသလို ယာဉ်မယ်လည်းပါဝင်ပါတယ်။ ဒုတိယပြင် ကျောင်းကားတွေပေါ်မှာ စီစီတီဗီကင်မရာတွေ တပ်ဆင်ထားသလို အဲဒီကင်မရာတွေကို YRTA ရုံးချုပ်ရဲ့အိုင်တီ ဌာနကနေပြီး အစဉ်မပြတ်ကားတွေရဲ့လှုပ်ရှားမှု နဲ့ကလေးတွေရဲ့အခြေအနေကို စောင့်ကြည့်လျက်ရှိပါတယ်။

ရန်ကုန်မြို့မှာ ပြေးဆွဲနေတဲ့ပုဂ္ဂလိက ကျောင်းကားတွေ အများကြီးရှိနေပါတယ်။ အဲဒီကျောင်းကားတွေကို စနစ်တကျနဲ့ စည်းကမ်းတကျဖြစ်အောင် ထိန်းသိမ်းကြပ်မတ်နေသလို YRTA က ပိုင်ဆိုင်ပြေးဆွဲနေတဲ့ ကျောင်းကားတွေဆိုရင်လည်း Yangon School Bus ဆိုတဲ့ စာလုံးကိုထင်ထင်ရှားရှားရေးသားထားပါတယ်။ ဒီလို ဆောင်ရွက်ပေးနေတာကလည်း တစ်ဦးချင်း ပိုင် ကျောင်းကား ယာဉ်ပိုင်ရှင်တွေ မဆောင်ရွက်နိုင်တဲ့ အခြေအနေမှာ YRTA က ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်း ဖြစ်ပါတယ်။

ယာဉ်စီးရေအများကြီးလျော့သွား

"တကယ်တော့ ကျောင်းသားကျောင်းသူ တစ်ဦးကို မိဘတစ်ဦးက အိမ်ကားတစ်စီးနဲ့ ပို့ရင် ယာဉ်ကြောကျပ်တည်းမှုတွေဖြစ်တယ်။ School Bus တွေနဲ့ စီးရင် ကလေးတွေအတွက် လုံခြုံရေးလည်း စိတ်ချရတယ်။ ကျောင်းသား ၂၈ ဦးကို တစ်စီးဆိုတော့ ယာဉ်စီးရေ အများကြီး လျော့သွားတယ်။ ကားလေးတွေထက် အခုလိုကျောင်းကားတွေကို မိဘတွေကလည်း စိတ်ဝင်စားတယ်။ ကျောင်းကားတွေကို ပထမဆုံးစတင်တဲ့ နှစ်မှာပဲ အစီးရေ ၂၇ စီး စပြီး ကျွန်မတို့ကျောင်းက ကလေးတွေစီးကြတယ်" လို့ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်သီတာလှက ပြောပါတယ်။

ကျောင်းကားတွေပေါ်မှာ ခါးပတ်ပတ်ဖို့၊ ကျောင်းသားကျောင်းသူတွေ နေမကောင်းဖြစ်ရင် ကားပေါ်မှာဆေးအိတ် ပါဝင်ပေမယ့်

အချပ်ပို (ခ) သို့

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်မှာ ဖော်ဆောင်မယ့် BDS Smart City စီမံကိန်း

ဆွေဦးဝေ

ရန်ကုန်မြို့ရဲ့ဆင်ခြေဖုံးမြို့နယ်တွေမှာ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်နေချိန် ဖြစ်ပါတယ်။ ရန်ကုန်မြို့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေကိုဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါတယ်။ အခုလည်း ရန်ကုန်မြို့ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်မှာ စမတ်စီးတီး စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

အဲဒီ BDS Smart City စီမံကိန်းကို ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ရွှေလီလမ်းနဲ့မြနန္ဒာလမ်းထောင့်မှာရှိတဲ့ မြေဧရိယာ ၁၈၃ ဧကာခန့် ပေါ်မှာ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုအကောင်အထည်ဖော်နိုင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမမှာ တိုင်းဒေသကြီးအစိုးရနဲ့ ဒီစီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်မယ့် မလေးရှားအခြေစိုက် BDS Smart City Co.,Ltdအကြားသဘောတူစာချုပ်ချုပ်ဆိုမှုကို ဖေဖော်ဝါရီ ၇ ရက်က ပြုလုပ်ခဲ့ကြပြီးဖြစ်ပါတယ်။

"ဒီစီမံကိန်းဆောင်ရွက်ဖို့ ၂၀၁၉ ခုနှစ် ဧပြီလမှာ တင်ဒါခေါ်ယူခဲ့ပြီး နောက်ဆုံးဆန်ခါတင်ကုမ္ပဏီသုံးခုထဲက အခုကုမ္ပဏီကို ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ ဒီနေ့မှာတော့ တရားဝင်စာချုပ်ပြီး လုပ်ငန်းတွေစတင်နိုင်ဖို့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက စာချုပ်ချုပ်တဲ့နေ့က ပြောပါတယ်။

"ဒီစီမံကိန်းမှာတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအတွက် မြေအကျယ်အဝန်းစတုရန်းမီတာ ၂၄၂၈၀၀ခန့်ပေါ်မှာ အိမ်ခန်းယူနစ်ပေါင်း ၃၈၀၀ခန့်ကို အမေရိကန်ဒေါ်လာ ၁၈၂ သန်းခန့် အကုန်အကျခံပြီး တည်ဆောက်ပေးရမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနဲ့ တိုင်းဒေသကြီးအတွင်းမှာ နိုင်ငံတစ်ဝန်းက ရွှေ့ပြောင်းအခြေချလာတဲ့ အိမ်ထောင်စုတွေ၊ အိမ်ရာလိုအပ်ချက်ရှိနေတဲ့ ပြည်သူတွေအတွက် အိမ်ခန်းပေါင်း ၂၀၀၀၀ခန့် လိုအပ်နေတာကြောင့် အိမ်ရာစီမံကိန်းတွေကို ဖော်ဆောင်နေခြင်း ဖြစ်ပါတယ်။

BDS Smart City စီမံကိန်းကို အပိုင်းတွေခွဲပြီး တည်ဆောက်အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းမှာ လူနေတိုက်ခန်းတွေ၊ ကွန်ဒိုတွေ၊ လူနေဆိုင်ခန်းတွေ၊ ရှော့ပင်းမောတွေ၊ စာသင်ကျောင်းနဲ့ ဆေးရုံတွေ၊ ကွန်မြူနတီစင်တာနဲ့ဟိုတယ်တွေ စတဲ့ နိုင်ငံတကာစံနှုန်းအတိုင်း တည်ဆောက်ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

ဒီစီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်ရာမှာ တည်ဆောက်ရေးကာလကို ခြောက်နှစ်မှ ၁၀ နှစ်အတွင်း သတ်မှတ်ထားပြီး အပိုင်းတွေခွဲပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စီမံကိန်းတစ်ခုလုံးရဲ့တန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၇၈၂ ဒသမ ၇၂ သန်းခန့် ဖြစ်တယ်လို့ဆိုပါတယ်။ ဒီစီမံကိန်းကြီးပြီးစီးသွားရင် ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်တည်ဆောက်တဲ့ ကုမ္ပဏီအနေနဲ့ နှစ်ပေါင်း ၅၀လုပ်ကိုင်ခွင့်ရရှိမှာ ဖြစ်သလို နှစ်တိုးအဖြစ် ၁၀ နှစ်စီ နှစ်ကြိမ် တိုးချဲ့လုပ်ကိုင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။

စမတ်စီးတီးစီမံကိန်းတွေ အခုလိုအကောင်အထည်ဖော်တည်ဆောက်နေတာဟာ ပြည်သူတွေနေ့စဉ်ဘဝမှာ ပိုပြီးအဆင်ပြေပြေနေထိုင်နိုင်ဖို့၊ သွားလာနိုင်ဖို့၊ အလုပ်လုပ်ချိန်မှာ စွမ်းအားတွေပိုမိုစိုက်ထုတ်လုပ်ကိုင်နိုင်ဖို့၊

အချပ်ပို (ဃ) သို့

ရွှေပိတောက်အဆင့်မြင့်ငါးဈေးကြီး အရောင်းအဝယ်များ စည်ကားလာစေရေး ဈေးသူဈေးသားများ မျှော်လင့်လျက်ရှိ

သစ္စာ

ရန်ကုန် မြို့ လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးနှင့် ကပ်လျက်ရှိသော အဆင့်မြင့်တည်ဆောက်ထားသည့် ရွှေပိတောက်ငါးဈေးကြီးကို ဖွင့်လှစ်ခဲ့သည်မှာ ငါးနှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။ သို့သော် ငါးဈေးအင်္ဂါရပ်နှင့်အညီ တည်ဆောက်ထားသော ထိုဈေးကြီးမှာ ယနေ့တိုင် တိတ်ဆိတ်နေသည်မှာ ငါးနှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။ လှိုင်မြစ်ဘေးတွင် တည်ရှိပြီး လေဝင်လေထွက် ကောင်းမွန်သည့်အပြင် ယာဉ်ဝင်၊ ထွက်နှင့် ရပ်နားရန်နေရာ၊ စားသောက်တန်းနှင့် သန့်စင်ခန်းများ ထားရှိသောကြောင့် ကျယ်ဝန်းစွာတည်ဆောက်ထားသော၊ စည်ကားစွာ အရောင်းအဝယ်ပြုနိုင်သော ငါးဈေးကြီးတစ်ခုအဖြစ် ကုန်သည်များ၊ ငါးဒိုင်များနှင့် ဈေးသည်များ မြင်တွေ့လိုသည်မှာ ကြာခဲ့ပြီဖြစ်သည်။ ယနေ့တိုင် ထိုငါးဈေးတွင် ဈေးသည် ၁၅ ဦးသာ ရောင်းချလျက်ရှိသောကြောင့် အဆင့်မြင့်ငါးဈေးအင်္ဂါရပ်နှင့်အညီ ပြန်လည်စည်ကားရန် မျှော်လင့်နေကြခြင်းဖြစ်သည်။

ငါးဈေးကြီးစည်ကားလာရန်မျှော်လင့်နေ

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးမှ ဝင်ရောက်သော ရေချိုငါး၊ ပုစွန်များနှင့် ပင်လယ်မှ ဝင်ရောက်သော ရေင်းရေထွက်ပစ္စည်းများကို သန့်ရှင်းကျယ်ဝန်းစွာ ရောင်းချနိုင်ရန် သီရိမင်္ဂလာဈေးနှင့် ကပ်လျက်ရှိ မြေ ရှစ်ဧကကျော်ပေါ်တွင် ရွှေပိတောက်ငါးဈေးကြီးကို တည်ဆောက်ခဲ့ပြီး ယာဉ်ရပ်နားရာနေရာနှင့် ဆိုင်ခန်းပေါင်း ၄၂၀၊ ရှေ့ဟောက် ၁၀ ခန်းကျော် ဖွင့်လှစ်ခဲ့သော်လည်း ယနေ့တိုင် ဆိုင်ခန်း ၁၅ ခန်းသာ ရောင်းချလျက်ရှိသည်။ ရန်ကုန်မြို့၏ ပင်မငါးဈေးကြီးတစ်ခုအဖြစ် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့သော်လည်း ထိုငါးဈေးမှ ဈေးသည်များမှာ စံပြငါးဈေး အပြင်လမ်းများပေါ်တွင် ယနေ့တိုင် ရောင်းချနေ၍ ဖြစ်သည်။ ငါးဈေးအင်္ဂါနှင့်အညီ လှိုင်မြစ်ဘေးတွင် တည်ဆောက်ထားသော ငါးဈေးကြီးမှာ ကားလမ်းပေါ်နှင့် ရပ်ကွက်လမ်းများပေါ်တွင် ရောင်းချလျက်ရှိသည့် စံပြငါးဈေးထက် များစွာခြောက်ကပ်လျက်ရှိသောကြောင့် ငါးနှစ်ကျော်ကြာ အခက်အခဲမျိုးစုံကြားမှ ရောင်းချနေရသည့် ငါးဒိုင်များ အနေဖြင့် ငါးဈေးကြီးစည်ကားလာရန် အထူးမျှော်လင့်နေကြခြင်း ဖြစ်သည်။

“ဒီဈေးမှာ အခြေအနေဆိုးနေပြီ။ ငါးဈေးကြီးဖွင့်ချိန်ကစပြီး ဒီနေ့ထိ ကျွန်တော်တို့ ရောင်းလာကြတာ။ စံပြငါးဈေးက ဒီမှာလာပေါင်းမယ်ဆိုတော့ အဆင့်မြင့်ဆောက်ထားတဲ့ ဈေးဖြစ်တဲ့အတွက် အများကြီးမျှော်လင့်ထားခဲ့တယ်။ စံပြဈေးက ကားလမ်းပေါ်နဲ့ ရပ်ကွက်လမ်းတွေပေါ်မှာ ငါးဒိုင်တွေဖွင့်ပြီး စည်စည်ကားကားနဲ့ အရောင်းအဝယ်ဖြစ်နေချိန်မှာ ဒီဈေးကတော့ ခြောက်ကပ်နေမြဲပဲ။ တစ်နေ့စည်ကားနိုးနဲ့ မျှော်နေရတာကြာပါပြီ။ ဈေးနဲ့ပတ်သက်တဲ့ အခွန်အခတွေကို လစဉ်ပေးတယ်။ ပိုင်ရှင်ရှိပြီး မဖွင့်တဲ့ဆိုင်တွေ အခွန်အခမပေးတဲ့အတွက် တိုင်းဒေသကြီးအတွက်လည်း နစ်နာသလို ကြံ့ကြံ့ခံပြီး ရောင်းနေရတဲ့ ဈေးသည်လည်း နစ်နာတယ်။ ရှိတဲ့ဆိုင်လေးတွေက ကုန်ပစ္စည်းချပေးတဲ့ ငါးကန်ပိုင်ရှင်နဲ့ နယ်ကကုန်သည်တွေကို မျက်နှာမပျက်အောင်၊ ဝမ်းရေးအတွက် လုပ်ငန်းရပ်မသွားအောင် မနည်းကျားကန်နေရတယ်” ဟု ရွှေပိတောက်ငါးဈေးမှ ငါးဒိုင်ပိုင်ရှင်ဖြစ်သူ ဦးမျိုးအောင်က ပြောကြားသည်။

၂၄ နာရီ ဖွင့်လှစ်ရောင်းချလျက်ရှိ

ရွှေပိတောက်ငါးဈေးတွင် ဆိုင်ခန်းပေါင်း ၄၂၀ နှင့် ရှေ့ဟောက်တန်း ၁၀ ခန်းကျော်၊ ဈေးရုံပေါင်း ရှစ်ရုံတည်ဆောက်၍ (၁၁ x ၁၈) ပေကျယ်ဝန်းသော ဆိုင်ခန်းတစ်ခန်းလျှင် ကျပ်သိန်း ၃၃၀ အတွက် ဦးစွာ ကျပ်သိန်း ၆၀ သွင်းရပြီး မရောင်းရသေးသော ဆိုင်ခန်း ၄၀ ကျော်သာ ကျန်ရှိကြောင်း သိရသည်။ ရွှေပိတောက်ငါးဈေး မစည်ကားသောကြောင့် ကြည့်မြင်တိုင်စံပြငါးဈေးတွင် သွားရောက်ရောင်းချသည့်အတွက် ရွှေပိတောက်ငါးဈေးတွင် ဈေးသည် ၁၅ ဦးသာ ကျန်ရှိနေခြင်းဖြစ်သည်။ ညနေ ၅ နာရီမှ နံနက် ၁ နာရီအထိ ရွှေပိတောက်ငါးဈေးတွင် ရေထွက်ပစ္စည်းများ ရောင်းချပြီး စံပြငါးဈေးတွင် ညနေ ၅ နာရီမှ နံနက် ၅ နာရီအထိ ကားလမ်းပေါ်နှင့် ရပ်ကွက်အတွင်း ရောင်းချသည့်အပြင် ဈေးရုံအတွင်း ၂၄ နာရီဖွင့်လှစ်ရောင်းချလျက်ရှိသည်။

ရွှေပိတောက်ငါးဈေးကို ၂၀၁၄ ခုနှစ် ဧပြီ ၂၄ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ယာဉ်ရပ်နားရာနေရာ၊ စက်လှေဆိုက်ကပ်ရာ ဗောတံတား၊ ရေလျှပ်စစ်မီးနှင့် လေဝင်လေထွက်ကောင်းသော ဈေးရုံကြီးများရှိသော်လည်း ဈေးသည်အနည်းငယ်သာရှိသောကြောင့် အဆင့်မြင့်ငါးဈေးကြီး စည်ကားပါက သတ်မှတ်ဈေးအတွင်း အရောင်းအဝယ်လုပ်ဆောင်ခြင်းဖြင့် ကားလမ်းပေါ် တွင် ရေထွက်ပစ္စည်းများ ရောင်းချမှု ကင်းဝေးစေမည့်အပြင် နေ့စဉ် နံနက်ပိုင်း ကြည့်မြင်တိုင် ကားလမ်းပေါ်တွင် လွှင့်ပျံ့နေသော ငါးညှီနံ့များ ရှူရှိုက်ရခြင်းမှ ကင်းဝေးစေလျက် ရပ်ကွက်နေပြည်သူတို့ နေ့စဉ်ခံစားနေရသော စိတ်အနှောင့်အယှက်များလည်း ကင်းဝေးသွားစေမည် ဖြစ်သည်။

“ဈေးသည်တွေကို ကျွန်မတို့ နေ့စဉ်မျှော်ရတယ်။ ကုန်သည်တွေက လာချင်ပေမယ့် ဒီမှာ ဈေးမစည်လို့ မလာချင်ကြဘူး။ အဲဒီမှာပဲ ရောင်းနေကြတော့ ကုန်ပစ္စည်းရှိရာမှာ ဝယ်နေရတယ်။ ခါးပိုက်နှိုက်၊ လုယက်မှုနဲ့ အဝင်အထွက် သွားလာမှုခက်ခဲပေမယ့် စံပြငါးဈေးမှာပဲ အခက်အခဲတွေကြားထဲက ကုန်ပစ္စည်းယူနေရတာလည်း ရှိတယ်။ စံပြငါးဈေးထက် ဈေးနှုန်းနည်းပေမယ့် ဒီမှာမဝယ်ကြဘူး။ ကားလမ်းပေါ်မှာရောင်းတဲ့ငါးကိုပဲ လုဝယ်နေကြတာ။ ဒီဈေးမှာ အခွန်အခပေးပြီး သတ်မှတ်စည်းကမ်းအတိုင်းရောင်းနေတဲ့ ဈေးသည်တွေလည်း ယဲ့ယဲ့လေးပဲကျန်တော့တယ်။ ဒီဈေးကြီး ပြန်စည်လာမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့လေ။ ဈေးသည်တွေ ဒီနေရာမှာ ပြန်ရောင်းရင် ရွှေပိတောက်ငါးဈေး စည်လာမှာအမှန်ပဲ” ဟု ရွှေပိတောက်ငါးဈေးမှ ငါးဒိုင်ပိုင်ရှင် ဒေါ်ချိုချိုမြင့်က တွေ့ကြုံရမှုကို ပြောသည်။

ပြန်လည်ရောင်းချ

ရွှေပိတောက်ငါးဈေးတွင် ဈေးသာယာရေးကော်မတီဖွဲ့စည်းထားပြီး ရွှေပိတောက်ငါးဈေးကြီး စည်ကားရေးကို မျှော်လင့်လျက်ရှိကာ စံပြငါးဈေးကြီးအပြင်ဘက်နှင့် ကြည့်မြင်တိုင်ကားလမ်းပေါ်မှ ဈေးသည်များ ရွှေပိတောက်ငါးဈေးအတွင်းရှိ ဈေးရုံများတွင် ပြန်လည်ပြောင်းရွှေ့ရောင်းချခြင်းဖြင့် လမ်းပေါ်ဈေးသည်များ ကင်းဝေး၍ ယာဉ်အန္တရာယ် ကင်းကာ ဒုစရိုက်မှုများ လျော့ပါးသွားမည်ဟု မျှော်လင့်ကြလျက်ရှိသည်။ ထို့အပြင် စံပြငါးဈေးဝန်းကျင်မှာ ယခုထက် သန့်ရှင်းသာယာစေမည်ဖြစ်သည်။ ရွှေပိတောက်ငါးဈေးတွင် ငါးမြစ်ချင်း၊ ငါးတန်၊ ငါးခေါင်းပွ၊ ငါးရံ့၊ ငါးကျည်း၊ ငါးခူ၊ ပုစွန်နှင့် မွေးမြူရေးငါးမျိုးစုံကို ရောင်းဝယ်လျက်ရှိကာ ဝယ်လက်နည်းသောကြောင့် ရွှေပိတောက်ငါးဈေးမှ ငါးဒိုင်များ စံပြငါးဈေးရှိ ငါးဒိုင်များသို့ ပြန်လည်ရောင်းချရလျက်ရှိသည်။

ရွှေပိတောက်ငါးဈေးကြီး ဖွင့်လှစ်ချိန်မှ ယနေ့တိုင် ရောင်းချလျက်ရှိသော ငါးဒိုင်ပိုင်ရှင် တစ်ဦးကလည်း... “ကျွန်တော်တို့ စပြီး ဆိုင်ခန်းခသွင်းတော့ ပထမအရစ်အနေနဲ့ ငွေကျပ်သိန်း ၅၀ သွင်းရတယ်။ ဈေးရောင်းရရင် ငွေသွင်းဖို့က အဆင်ပြေသွားပါပြီ။ ဟိုဘက်ဈေးမှာလည်း သွားမရောင်းဘူး။ ဒီမှာပဲ အခုထိရောင်းတယ်။ အဆင်မပြေပေမယ့် ဘာလို့ရောင်းနေလဲဆိုရင် ဈေးသည်တစ်ဦးအနေနဲ့ လိုက်နာရမယ့် စည်းကမ်းအတိုင်း လိုက်နာတာပါ။ ပြီးတော့ ဗဟိုစံပြငါးဈေးနဲ့ပေါင်းဖို့ တည်ဆောက်တာဖြစ်တဲ့အတွက် တစ်ချိန်မှာ ဒီဈေးကြီး အမှန်တရားအတိုင်း စည်ကားလာမယ်လို့ ယုံကြည်လို့ပါ” ဟု ရွှေပိတောက်ငါးဈေးမှ ဦးမောင်မောင်သန်းက ပြောသည်။

အဆင့်မြင့် ငါးဈေးကြီးတစ်ခုအဖြစ် ပေါ်ထွက်လာ

ရွှေပိတောက်ငါးဈေးကြီး ဆိုင်ခန်းပေါင်း ၄၂၀ တွင် ဘေးခန်းဖြစ်ပါက ငွေကျပ်သိန်း ၃၃၀၊ အတွင်းခန်းဖြစ်ပါက ငွေကျပ် သိန်း ၂၈၀ ဖြင့် လက်ငင်းငွေချေပါက ငွေကျပ် သိန်း ၃၃၀ အတွက် သိန်း ၃၀၀၊ သိန်း ၂၈၀ အတွက် သိန်း ၂၅၀ သွင်းရသည်။ ရွှေပိတောက်ငါးဈေးတွင် ဆိုင်ခန်းများ ပြန်လည်ရောင်းချခြင်းဖြင့် ရန်ကုန်မြို့၏ အဆင့်မြင့်ငါးဈေးကြီးတစ်ခုအဖြစ် ပေါ်ထွက်လာမည့်အပြင် သတ်မှတ်နေရာအတွင်း ရေထွက်ပစ္စည်းများကို သန့်ရှင်းလတ်ဆတ်စွာ ထုပ်ပိုးရောင်းချမှုကြောင့် ကျန်းမာရေးနှင့် ညီညွတ်စွာ စားသုံးနိုင်မည့် အကျိုးကျေးဇူးကို ရရှိစေကာ ပြည်တွင်းနှင့် ပြည်ပသို့ တင်ပို့ရာတွင်လည်း ဘေးကင်းလုံခြုံသော ရေထွက်ပစ္စည်းများ အဖြစ် ပြည်တွင်းဝင်ငွေနှင့် ပြည်ပဝင်ငွေကို ပိုမိုရရှိစေမည်ဖြစ်သည်။

ရန်ကုန်မြို့ ရွှေပိတောက်ငါးဈေးကြီးကို တွေ့ရစဉ်။ ဓာတ်ပုံ – စည်သာ

ရွှေပိတောက် ငါးဈေးကြီးအတွင်းရှိ ငါး၊ ပုစွန်ဒိုင်များကို တွေ့ရစဉ်။ ဓာတ်ပုံ–စည်သာ

ရန်ကုန်မြို့အခြေခံပညာကျောင်းတွေမှာ တိုးချဲ့ပေးဆွဲမယ့် Yangon School Bus တွေ . . . မှ

ဆေးတွေတည့်မတည့်ကို သက်ဆိုင်ရာ မိဘတွေဆီ ဖုန်းနဲ့ လှမ်းအကြောင်းကြား မေးမြန်းတာတွေကိုလည်း ကျောင်းကားပေါ်လိုက်ပါလာတဲ့ ယာဉ်မယ်တွေက ဆောင်ရွက်ပေးပါတယ်။ နောက်ပြီး ကျောင်းကားတွေပေါ်မှာ ကတ်စနစ်တပ်ဆင်ထားတာကြောင့် ကျောင်းသားကျောင်းသူတွေ ကားပေါ်အတက်အဆင်းကို တိကျမှန်ကန်စွာ ဖော်ပြပေးနိုင်ပါတယ်။

“ကျောင်းကားကို သတ်မှတ်နေရာမှာ ကျောင်းသားဆင်းဖို့ရပ်ပေးပေမယ့် မိဘတွေ လာကြိုမချင်းကလေးကို ကျောင်းကားပေါ်က ပေးမဆင်းဘူး၊ အုပ်ထိန်းသူ လက်ထဲရောက်မှ ကားထွက်တယ်။ တချို့မိဘတွေက လာမကြိုနိုင်ရင် အိမ်တိုင်ရာရောက် သွားပို့ရတာတွေလည်း ရှိတယ်။ ကားပေါ်စီးလာတဲ့ ကျောင်းသား ကျောင်းသူ လေးတွေက ကျွန်တော်တို့ သားသမီးတွေပါပဲ။ ယုံကြည်လို့ စီးကြတာဖြစ်တဲ့အတွက် ကျွန်တော့်မှာ တာဝန် အလွန်ကြီးပါတယ်။ ကျောင်းအပြန် မိဘလက်ထဲရောက်တဲ့ အထိ ကျွန်တော်တို့မှာ တာဝန်အပြည့်ရှိပါတယ်”လို့ ကျောင်းကားယာဉ်မောင်း တစ်ဦးဖြစ်တဲ့ ဦးတင်ထွေးဦးက ပြောပါတယ်။

ရန်ကုန်မြို့မှာ Yangon School Bus များကို TTCကမာရွတ်၊ TTC ရန်ကင်း၊ အထက(၂)မရမ်းကုန်း၊ လသာ(၁)၊ လသာ(၂)၊ အထက(၂) စမ်းချောင်း၊ အမက(၆) မြောက်ဥက္ကလာပ၊ အလက(၈) မြောက်ဥက္ကလာပ၊ အမက(၁) မြောက်ဥက္ကလာပ၊ အမက(၄၆) ရွှေပေါက်ကံ စတဲ့ အခြေခံပညာကျောင်းတွေမှာ ပြေးဆွဲပေးနေပါတယ်။ ကျောင်းတွေ ထပ်မံတိုးချဲ့ပြေးဆွဲပေးနိုင်ရေးလည်း ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့် ရန်ကုန်မြို့ရဲ့ အခြေခံပညာကျောင်းတွေမှာ YRTA အနေနဲ့ Yangon School Bus တွေကို အစီးရေ ပိုမိုပြေးဆွဲပြီး ကျောင်းအရေအတွက် တိုးချဲ့ပြေးဆွဲနိုင်ရေးကို လာမယ့် ပညာသင်နှစ်မှာ စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ။

လှိုင်သာယာမြို့နယ် အရှေ့ပိုင်းနှင့် အနောက်ပိုင်းပုံရိပ်များ

ဖိုးဇင်

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်ရှိ လှိုင်သာယာမြို့နယ်ကို အရှေ့ပိုင်းနှင့် အနောက်ပိုင်း ဟူ၍ ခွဲခြားလိုက်ပြီ ဖြစ်သည်။ ဤသို့ နှစ်မြို့နယ်အဖြစ် ခွဲခြားမည်ကို ၂၀၁၉ ခုနှစ် နှစ်ဝက်လောက် ကတည်းက ကျယ်ကျယ်ပြန့်ပြန့် ကြားသိနေခဲ့ရသည်။

ကြားနေရသောသတင်းကို ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ (၀၃၂/၂၀၂၀) ဖြင့် ၂၀၂၀ ပြည့်နှစ် ဧနဝါရီ ၂၇ ရက်က အတည်ပြုသွားခဲ့ပြီး ဖြစ်သည်။

၁၉၈၉ ခုနှစ် ဇူလိုင် ၁၃ ရက်က စတင် မြို့တည်ခဲ့သော လှိုင်သာယာမြို့နယ်မှာ မြို့နယ်တည်ပြီး နှစ်ပေါင်း ၃၁ နှစ်အကြာ၌ လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း)နှင့် လှိုင်သာယာမြို့နယ်(အနောက်ပိုင်း)ဟူ၍ အမည်နာမ နှစ်ခုဖြင့် အနာဂတ်ခရီးဆက်တော့မည် ဖြစ်သည်။

အိုးအိမ်ဌာနနှင့်ညှိနှိုင်း

လှိုင်သာယာမြို့နယ်ဟု အမည်နာမ ကမ္ဘည်းမတင်ခင်က ယင်းနေရာကို ဝိတ်စွယ်တော သို့မဟုတ် သာယာကုန်းကျေးရွာဟု ခေါ်ဆိုခဲ့ကြဖူးသည်။

"မြို့နယ်အနီးက ဖြတ်သန်းစီးဆင်းနေတဲ့ လှိုင်မြစ်ကို အစွဲပြုလို့ 'လှိုင်' ဆိုတဲ့ ပေါများခြင်းရယ်၊ ရှိရင်းစွဲ သာယာကုန်းကျေးရွာက အေးချမ်းသာယာခြင်းဆိုတဲ့ အဓိပ္ပာယ်ကို ဆောင်စေမယ့် 'သာယာ' ရယ် အဲဒီနှစ်ခုကို ပေါင်းစပ်လို့ 'လှိုင်သာယာမြို့နယ်' လို့ အမည်ပေးခဲ့တာပါ" ဟု အင်းစိန်မြို့နယ်တွင် မြို့နယ် အဆင့်ပါဝင်ခဲ့ဖူးသူ အဘတစ်ဦး၏ ပြောပြမှု အရ လှိုင်သာယာ၏ဦးကာကို သိခွင့်ရခဲ့သည်။

မြို့နယ်ဧရိယာအကျယ်အဝန်းမှာ ၂၆ ဒသမ ၈၀ စတုရန်းမိုင်ဖြစ်ကာ မြို့ဧရိယာမှာ ၂၂ ဒသမ ၆၄ စတုရန်းမိုင်ဖြစ်သည်ဟု မြေပုံ ညွှန်းအရ သိရသည်။

မြို့နယ်အစ တည်ဆောက်စဉ်က ကမာ ရွတ်၊ နာနတ်တော၊ ကွမ်းခြံမှ မီးဘေးသင့် ပြည်သူများ၊ အခြားကျူးကျော်များကို မြေအကွက်ရိုက် ချပေးခဲ့ခြင်း ဖြစ်သည်။ နောက်ပိုင်း၌ သၚၜန်းကျွန်း၊ တောင်ဥက္ကလာပ၊ လှိုင်၊ ဗဟန်း စသည့်မြို့နယ်တို့မှ မီးဘေးသင့် ပြည်သူများကိုပါ နေရာချပေးခဲ့ခြင်း ဖြစ်သည်။

လူဦးရေသောင်းချီမြင့်မားလာ

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီး၌ ရန်ကုန်မြို့တွင် တည်ဆောက်ရေးလုပ်ငန်းများ အားကောင်းလာခြင်းနှင့် ဧရာဝတီတိုင်းဒေသ ကြီးမှ မုန်တိုင်းဒဏ်ခံကြရသူများ မြို့နယ်သို့ အခြေချနေထိုင်လာခြင်း၊ စက်မှုဇုန်များ တည်ဆောက်ပေးနိုင်ခြင်းကြောင့် အလုပ် အကိုင်အခွင့်အလမ်း ပေါများလာခြင်းဖြင့် မြို့နယ်အတွင်း တစ်နှစ်ထက်တစ်နှစ် လူဦးရေ သောင်းချီမြင့်မားလာခဲ့ခြင်းဖြစ်သည်ဟု လှိုင်သာယာမြို့နယ် စတည်ကတည်းက နေလာခဲ့သူ ဦးမြသောင်းက သူ့အတွေ့အကြုံကို ပြောပြခဲ့ဖူးသည်။

သို့အတွက် အုပ်ချုပ်ရေးယန္တရား လက်လှမ်းမီနိုင်စေရေးအတွက် ၁၉၉၅ခု မတ် ၃၀ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာနက ရပ်ကွက်ကြီး ၂၀၊ ကျေးရွာအုပ်စု ကိုးအုပ်စုဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့သည်။

မြို့နယ်အတွင်းရှိ လူဦးရေမှာ မြို့နယ် စာရင်းကောက်ယူရေးအဖွဲ့၏ ၂၀၁၉ ခုနှစ် သြဂုတ်လအထိ တရားဝင်ကောက်ယူထား မှုမှာ ခုနစ်သိန်းကျော်ရှိသည်ဟု ဆိုထား သည်။

ကျူးကျော်တန်းတစ်ခုတွင် နေထိုင်သူ ဦးဘသန်းက "ခုနစ်သိန်းဆိုတာ အနိမ့်ဆုံး ပြောတာ၊ သေသေချာချာ စစ်စစ်ပေါက်ပေါက် ကောက်ရင် ရှစ်သိန်းနီးပါးအထိ ရှိနိုင်တယ်" ဟု ပြောသည်။

အရေးကြီးဆုံးလိုအပ်ချက်

မြို့နယ်အတွက် အဓိကအရေးကြီးဆုံး လိုအပ်ချက်မှာ အုပ်ချုပ်ရေးဖြစ်သည်။ နေ့စဉ်၊ လစဉ်နှင့်အမျှ တိုးပွားနေသော လူဦးရေကို စနစ်တကျ အုပ်ချုပ်နိုင်ရေးမှာ ရှိပြီး ရဲတပ်ဖွဲ့ များနှင့် အုပ်ချုပ်ရေးပိုင်းတို့မှာ အချိုးအဆ မြောက်မြားစွာ ခြားနားနေမှုက မြို့နယ်အတွက် လိုအပ်ချက်တစ်ခုဖြစ်နေသည်ဟု ဥပဒေ အရာရှိတစ်ဦးက သုံးသပ်ပြောကြားမှုလည်း ရှိထားဖူးသည်။

အများဆန္ဒနှင့်အညီ ဖြစ်ပေါ်လာ

ထိုလိုအပ်မှုများအနက် အလုံးစုံမဟုတ်သည့်တိုင် အတိုင်းအတာတစ်ခုအထိ သို့မဟုတ် ထိုထက်ပိုသော ပြည့်စုံမှုတစ်ခုမှာ အများဆန္ဒ နှင့်အညီ ဖြစ်ပေါ်လာခဲ့ပြီဖြစ်သည်။ ကြီးမား လွန်းသောမြို့နယ်ကို နှစ်ပိုင်းခွဲ၍ စီမံခန့်ခွဲ အုပ်ချုပ်နိုင်စေရန်အတွက် လှိုင်သာယာမြို့နယ် အား အရှေ့ပိုင်းနှင့် အနောက်ပိုင်း ခွဲခြားရေးကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနက တရားဝင်ထုတ်ပြန်ပေးသကဲ့သို့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကလည်း မှတ်တမ်းတင်ခဲ့ပြီဖြစ်သည်။

လှိုင်သာယာမြို့နယ်အား အရှေ့ပိုင်းနှင့် အနောက်ပိုင်းခွဲခြားသော် အရှေ့ပိုင်းသည် စတုရန်းမိုင် ၁၃ မိုင် ကျော်ရှိသည်ဖြစ်၍ အနောက်ပိုင်းမှာ စတုရန်းမိုင် ၁၂ မိုင်ကျော်ရှိ သည်ဟု သိရသည်။

အရှေ့ပိုင်းတွင် ကျေးရွာအုပ်စု ငါးအုပ်စု ဖြင့် ရပ်ကွက်ပေါင်း ကိုးရပ်ကွက်ပါဝင်မည်ဖြစ် ပြီး အနောက်ပိုင်းတွင် ကျေးရွာအုပ်စု လေးအုပ်စုဖြစ်ကာ ရပ်ကွက်ပေါင်း ၁၁ ရပ်ကွက် ပါဝင်သွားမည်ဖြစ်သည်။ လူဦးရေမှာ လည်း အရှေ့ပိုင်းတွင် လေးသိန်းကျော်နှင့် အနောက်ပိုင်းတွင် သုံးသိန်းကျော်ရှိနေမည်ဟု တာဝန်ရှိသူတစ်ဦး၏ ပြောပြမှုအရ သိခွင့် ရခဲ့သည်။

အရေးတကြီးလိုအပ်လာ

မူလပထမ မြို့နယ်တည်ဆောက်မှုအရ ယခု ခွဲခြားလိုက်သော အရှေ့ပိုင်းသည် ဌာန ဆိုင်ရာ အဆောက်အအုံများ အများဆုံးရှိရာ အပိုင်းဖြစ်နေသည်။ အနောက်ပိုင်းအတွက် လိုအပ်နေသော ဌာနဆိုင်ရာ အဆောက်အအုံ များ တည်ဆောက်ပေးရန် အရေးတကြီး လိုအပ်လာတော့မည်ဖြစ်သည်။

ယင်းအကြောင်းအရာနှင့် ပတ်သက်၍ လှိုင်သာယာမြို့နယ် တိုင်းဒေသကြီး မဲဆန္ဒ နယ် အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်က "လှိုင်သာယာမြို့နယ် စတည် ဆောက်ကတည်းက အခု အရှေ့ပိုင်းလို့ သတ်မှတ်တဲ့ နယ်မြေမှာ ဌာနဆိုင်ရာ အဆောက်အအုံတွေက အတော်များများ ရှိနေ ပြီးသား၊ အနောက်ပိုင်းအတွက် လိုအပ်တဲ့ ရုံး အဆောက်အအုံတွေကတော့ ပြန်တည် ဆောက်ရမှာဖြစ်ပါတယ်။ ဝန်ထမ်းတွေလည်း လိုအပ်လာမှာပေါ့" ဟု ရှင်းပြခဲ့သည်။

စီးပွားရေးအားဖြင့် မြို့နယ်အတွင်း မွေးမြူရေးဇုန်အပါအဝင် ၁၃ ဇုန်ရှိရာ ခွဲခြားမှု အရ အရှေ့ပိုင်းမြို့နယ်အတွင်း စက်မှုဇုန် (၁) မှ (၇) အထိ အပြင် ရွှေလင်ဗန်းစက်မှုဇုန်တို့ ပါဝင်သွားမည်ဖြစ်သည်။ အနောက်ပိုင်းတွင် မွေးမြူရေးဇုန်၊ ငွေပင်လယ်၊ ရွှေသံလွင်၊ အနော်ရထာ၊ မြစိမ်းရောင် စက်မှုဇုန်များ ကျန်ရစ်ခဲ့မည်ဖြစ်သည်။

အဦးဆုံးကျန်းမာရေးစောင့်ရှောက်မှု

ကျန်းမာရေးနှင့်ပတ်သက်၍ အရှေ့ပိုင်း တွင် ကျေးလက်ကျန်းမာရေးဌာနတစ်ခု၊ ဒေသန္တရဆေးခန်းတစ်ခုနှင့် များမကြာမီက တည်ဆောက်ခဲ့သော ခုတင် ၅၀၀ ဆံ့ ဆေးရုံ ကြီးတို့က အထင်းသားရှိနေမည်ဖြစ်သည်။ အနောက်ပိုင်းမြို့နယ်ရှိ ပြည်သူများအတွက် အဦးဆုံးကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်လာမည်ဖြစ်သည်။

ပညာရေးကဏ္ဍအားဖြင့် အရှေ့ပိုင်းမြို့ နယ်အတွင်း အခြေခံပညာအထက်တန်း ကျောင်း ရှစ်ကျောင်း၊ အလယ်တန်းကျောင်း ငါးကျောင်း၊ မူလတန်းကျောင်း ၁၄ ကျောင်း ရှိထားနှင့်ပြီးဖြစ်ကာ အနောက်ပိုင်းမြို့နယ် အတွက်မှာမူ အထက်တန်းကျောင်း ၁၁ ကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်း၊ မူလတန်းကျောင်း ၁၇ ကျောင်းအပြင် အဆင့် မြင့်နည်းပညာတက္ကသိုလ်တစ်ခု ရှိထားမည် ဖြစ်ရာ ပညာရေးအတွက် ကွာဟချက်မှာ အထူးအထွေခြားနားမှုမရှိနိုင်ဟု ဆိုကြ သည်။

လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတွင် အရှေ့ပိုင်း၊ အနောက်ပိုင်းတို့၌ ရဲစခန်း တစ်ခုစီ ရှိပြီးသားဖြစ်သည်။ ယင်းသို့ ခွဲခြားလိုက်ခြင်း အားဖြင့် စခန်းအပိုင်၊ နယ်မြေအပိုင် စိုးမိုးမှုမှာ ပိုမိုထိရောက် မြန်ဆန်သွားနိုင်မည့်အပြင် ရဲတပ်ရင်းတစ်ခုမှာ အနောက်ပိုင်းတွင် ရှိနေ သည်ဟု သိရသည်။

နယ်မြေကျယ်ပြန့်မှု၊ အိမ်ခြေများပြား ခြင်းကြောင့် မီးဘေးအန္တရာယ်အတွက်မူ အရှေ့ ပိုင်း၌ မီးသတ်စခန်းတစ်ခု ရှိထားသော်လည်း အနောက်ပိုင်းအတွက်မူ မီးသတ်စခန်း ရှိရေးမှာ အရေးတကြီးလိုအပ်ချက်တစ်ခုဟု ဆိုကြသည်။

ပြည်သူ့ဆန္ဒများဖြည့်ဆည်း

နောက်ဆုံးအားဖြင့်ဆိုရသော် မြို့နယ် အတွက်၊ ပြည်သူများအတွက် လိုအပ်နေသော ပြည်သူ့ဆန္ဒများ ဖြည့်ဆည်းနိုင်ရေးကို လွှတ်တော်အသီးသီးတွင် တင်ပြနိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး တိုးရှိလာနိုင် မည်ဖြစ်သကဲ့သို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှစ်ဦး စုစုပေါင်း လွှတ်တော် ကိုယ်စားလှယ် သုံးဦး အများဆန္ဒနှင့်အညီ တိုးမြှင့် တင်မြှောက်ပေးနိုင်တော့မည် ဖြစ်သည်။

လှိုင်သာယာမြို့နယ်အား ယင်းကဲ့သို့ နှစ်ပိုင်းခွဲခြားလိုက်ခြင်းအားဖြင့် မြို့နယ်များ၏ အဓိက တရားဥပဒေစိုးမိုးရေးမှာ လက်လှမ်း တမီ လွှမ်းခြုံလာနိုင်တော့မည်ဖြစ်သကဲ့သို့ အုပ်ချုပ်ရေးယန္တရားသည်လည်း ပိုမိုလည်ပတ် လာနိုင်မည့်အပြင် မြို့နေလူမှုစီးပွားဘဝ များလည်း ယခုထက် ပိုမိုတိုးတက်ဝေစည် လာနိုင်တော့မည်ဟု ယုံကြည်မိပါတော့ သည်။ ။

လှိုင်သာယာအရှေ့ပိုင်းနယ်မြေတွင် ပါဝင်သည့် လှိုင်သာယာမြို့နယ်တရားရုံး။ ဓာတ်ပုံ- စွန်ရဲ (လှိုင်သာယာ)

လှိုင်သာယာအနောက်ပိုင်းနယ်မြေတွင် ပါဝင်သည့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်။

ပင်ကိုစွမ်းအားအသုံးပြုကာ မူးယစ်အန္တရာယ်ဖယ်ရှားပါ

ရှင်နော်

ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်း၌ လူငယ်များအား ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအဖြစ် ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်ပေးစဉ်။

နေ့ရက်တစ်ရက်၏ နံနက်ခင်းကို စတင်လိုက်တိုင်း ရန်ကုန်မြို့လမ်းမများထက်တွင် လူသွားလူလာတို့က တစ်စတစ်စ များပြားလာလေ့ရှိသည်။ ထိုသို့ သွားလာနေကြသော ရန်ကုန်လူထုအပေါင်းတို့တွင် လူငယ်လူရွယ်တို့က အများဆုံးဖြစ်သည်။ ခိုင်မာသော ယုံကြည်ချက်ကို ဆုပ်ကိုင်ထားဟန်ရှိသော အားမာန်အပြည့် မျက်နှာတို့က ရန်ကုန်မြို့အနှံ့ အမြဲတစေ တွေ့ရလေ့ရှိသည်။ ရန်ကုန်မြို့တော်ကြီးကို သာယာလှပသော ခေတ်မီမြို့တော်တစ်ခုအဖြစ် တည်ဆောက်ကြရာတွင် လူငယ်လူရွယ်တို့၏ ခွန်အားများသည် လွန်စွာမှပင် အသုံးဝင်လှပေသည်။

ရန်ကုန်လူငယ်ထုအကြား စိမ့်ဝင်ပျံ့နှံ့

ထိုသို့ မိမိရပ်ရွာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွန်အားကောင်းများဖြင့် အထောက်အပံ့ပြုနိုင်သည့် လူငယ်လူရွယ်များကို ပစ်မှတ်ထားတိုက်ခိုက်နေသည့် မူးယစ်ဆေးပြဿနာကလည်း ရန်ကုန်လူငယ်ထုအကြားတွင် စိမ့်ဝင်ပျံ့နှံ့လျက်ရှိသည်။ မကြာခဏ ဆိုသလို မူးယစ်ဆေးဖမ်းဆီးရမိသော သတင်းများကို တွေ့ရတတ်လေ့ရှိသည်။ ရန်ကုန်မြို့ မရမ်းကုန်မြို့နယ် ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်း၌ ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပသော မူးယစ်ဆေးဖြတ်ပြီးသူများအား စခန်းအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်းဆင်းပွဲအခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက မူးယစ်ဆေးပြဿနာသည် ရန်ကုန်တိုင်းဒေသကြီး၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်နေသော အန္တရာယ်တစ်ခုဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ လူငယ်များ မူးယစ်သံသရာထဲမှ ရုန်းမထွက်နိုင်ပါက ဒေသဖွံ့ဖြိုးရေး၊ လူမှုရေးနှင့် လူစွမ်းအားအရင်းအမြစ်များစွာ ဆုံးရှုံးလာနိုင်ကြောင်း၊ မူးယစ်ဆေးစွဲနေသူ လူငယ်များအား ပြန်လည်ထူထောင်ရေးသင်တန်းများ တိုးမြှင့်ဖွင့်လှစ် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် ဦးစားပေးဆောင်ရွက်ရန် လိုအပ်မည့်လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ဥပဒေကို ပြန်လည်သုံးသပ်နေ

မူးယစ်ဆေးသုံးစွဲမှုကြောင့် မိသားစုနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ ယုံကြည်မှု ကျဆင်းလာပြီး လူအများ၏ ရှောင်ခွာမှုကို တွေ့ကြုံရမည်ဖြစ်သည်။ နိုင်ငံတော်တည်ဆောက်ရာတွင် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဖြစ် မူးယစ်ဆေးစွဲသူများကို ကုသပေးရန်၊ ပြန်လည်ထူထောင်ပေးရန်၊ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းနိုင်ရန်၊ ပရဟိတအဖွဲ့အစည်းများ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်မည်ဖြစ်သည့်အတွက် နိုင်ငံတော်အနေဖြင့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒကို ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြန်လည်သုံးသပ်နေသောကာလဖြစ်သည်။

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်

ထို့အတူ ၁၉၉၃ ခုနှစ် မူးယစ်ဥပဒေပုဒ်မ ၁၅ အရ မူးယစ်ဆေးသုံးစွဲသူများကို အပြစ်ပေးသော လုပ်ငန်းများကို ပယ်ဖျက်လိုက်သော်လည်း မူးယစ်ဆေးသုံးစွဲခဲ့သူများမှာ ပြစ်ဒဏ်များ ကျခံနေရဆဲ ဖြစ်သည်။ အကျဉ်းထောင်နှင့် အချုပ်ခန်းများတွင်လည်း မူးယစ်ဆေးသုံးစွဲမှုကြောင့် အရေးယူခံရခြင်းများပြားနေဆဲဖြစ်သည်။ ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်း၌ ကျင်းပသော စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းဆင်းပွဲ (၁/၂၀၁၉)၌ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက မူးယစ်ဆေးဖြတ်ပြီးသော သင်တန်းသားများနှင့်တွေ့ဆုံရာတွင် "အဓိကကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်လာရင် ဘာမဆို လုပ်လို့ရတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်လို့ရှိရင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီးတော့ အရာရာကို စွမ်းဆောင်နိုင်တယ်။ ပြန်လည်ထူထောင်ရေးဆိုတာ အလွန်အရေးကြီးတဲ့ လုပ်ငန်းပါ။ မူးယစ်ဆေးဝါးအန္တရာယ် ဘယ်လောက် ကျရောက်နေတယ်ဆိုတာ သင်တန်းသားတွေက ပိုသိတာပေါ့။ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး ရပ်ကွက်တွေမှာ စိတ်မကောင်းဖွယ်ရာ တွေ့နေရတာတွေက တချို့ကလေးတွေဆို စိတ်မမှန်တဲ့ အဆင့်တွေရောက်နေတာတွေ့ရတယ်။ ပြဿနာတွေက အများကြီးပဲ။ တိုင်းပြည်ဆင်းရဲမှုရဲ့နောက်မှာ လူတွေက စီးပွားရေး အလွယ်လုပ်တာတွေ ဖြစ်လာတယ်။ သင်တန်းလာတဲ့ ညီအစ်ကို မောင်နှမတွေလည်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ဖို့လိုတယ်။ ကိုယ် လူထုထဲ ပြန်ပြီးဝင်ဆံ့ဖို့ ဌာနဆိုင်ရာ တာဝန်ရှိသူတွေက စွမ်းဆောင်ပေးကြတာ။ တစ်ကြိမ်တစ်ခါမှာတော့ လူဆိုတာ ဖြစ်တတ်တာပဲ။ ဒါပေမယ့် ဒီဟာကို ကျော်လွန်သွားနိုင်မယ်ဆိုရင် ကိုယ်အောင်မြင်မှု အကြီးကြီးရသွားတာပဲ" ဟု ပြောသည်။

ပညာရပ်များ သင်ကြား

ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့သော စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း (၁/၂၀၁၉)ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၆ ရက်မှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၃ ရက်အထိ သုံးလကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသား ၂၀ တက်ရောက်ခဲ့သည်။ သင်တန်းတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးမှုများသာမက အသက်မွေးဝမ်းကျောင်းပညာရပ်များကိုလည်း သင်ကြားပေးခဲ့သည်။

သင်တန်းပို့ချရာတွင် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြင်ပမှ အသိပညာရှင်၊ အတတ်ပညာရှင်များပါ လာရောက်၍ စိတ်ခွန်အားဖြစ်စေမည့် စကားပိုင်းများ၊ စာဖတ်ပိုင်းများပါ ဖြည့်စွက်ပို့ချခဲ့ကြောင်းသိရသည်။ သင်တန်းဆင်းပြီးသူများအား စခန်းရှိဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများက တစ်လတစ်ကြိမ် အိမ်တိုင်ရာရောက် သွားရောက်ကာ နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းများကို တစ်နှစ်အထိ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်သည်။

"ကျွန်မတို့က သက်ဆိုင်ရာ အစိုးရအသိအမှတ်ပြုဆေးရုံ၊ ဆေးခန်းမှာ အနည်းဆုံး နှစ်ပတ်ဆေးဖြတ်ပြီးတဲ့ သင်တန်းသားတွေကို လက်ခံပါတယ်။ သူတို့ရဲ့ရုပ်ပိုင်းနဲ့ စိတ်ပိုင်းကို ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ပေးဖို့အတွက် ဆောင်ရွက်ပေးပါတယ်။ နောက်ပြီးအသက်မွေးဝမ်းကျောင်းလုပ်ငန်းထည့်ပေးပါတယ်။ ဆေးဖြတ်ပြီးခါစမှာ ပြောင်းလဲမှုတွေ အများကြီးဖြစ်လာတယ်။ မိသားစုနဲ့ရော ပတ်ဝန်းကျင်နဲ့ပါ သင့်တင့်အောင်၊ အဆင်ပြေအောင် စိတ်ပိုင်းဆိုင်ရာတွေကို အဓိကထားပြီး ပြန်လည်ထူထောင်ရေးလုပ်ပေးတာပါ" ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်း တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ခေါ်ခင်ဆွေလှိုင်က ပြောသည်။

ပြန်လည်ထူထောင်ရေးစခန်းများဖွင့်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြန်လည်ထူထောင်ရေး ဦးစီးဌာနအနေဖြင့် မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ နမ့်လတ်၊ မြဝတီ၊ ကော့သောင်းတို့တွင် ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ်ထားသည်။

လူငယ်များအနေဖြင့် မိမိအသက်အရွယ်အတွေ့အကြုံအရဖြစ်စေ၊ အပေါင်းအသင်းခင်မင်မှုကြောင့်ဖြစ်စေ တစ်ကြိမ်တစ်ခါ အမှားကျူးလွန်မိခြင်းရှိနိုင်သော်လည်း ထိုအမှားတစ်ခုကို ဘဝတစ်သက်တာလုံး လက်တွဲခေါ်ဆောင်သွားရန် မလိုအပ်ပေ။ အပြစ်ရှိသော အမှားတစ်ခုကို အချိန်မီ လက်တွဲဖြုတ်ရန်သာ အရေးကြီးပေသည်။ ထို့ကြောင့်ပင် ရန်ကုန်မြို့တော်ရှိ လူငယ်လူရွယ်များအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို သတိထားရှောင်ရှားကာ မိမိတို့၏ ပင်ကိုစွမ်းအားအရင်းအမြစ်များကို အသုံးချ၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးတွင် ကျရာကဏ္ဍမှ ပါဝင်အားဖြည့်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ။

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်မှာ ဖော်ဆောင်မယ့် BDS Smart City စီမံကိန်း ပုံစံငယ်။

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်မှာ ဖော်ဆောင်မယ့် BDS Smart City စီမံကိန်း . . . မှ

အဆင့်အတန်းမီမီ နေထိုင်နိုင်ရေး စတဲ့အရာတွေအတွက်ပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတစ်ဝန်းမှာ အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေး၊ လူမှုရေးစတဲ့ အခြေအနေတွေကြောင့် ရန်ကုန်မြို့ကို ရွှေ့ပြောင်းအခြေချသူတွေ နှစ်စဉ်တိုးပွားလျက်ရှိပါတယ်။ ဒီလိုအခြေအနေတွေကြောင့် ရန်ကုန်မြို့ဟာ ပိုမိုကြီးမား ကျယ်ပြန့်လာသလို အိမ်ရာတိုက်ခန်း လိုအပ်ချက်တွေလည်း များပြားလာပါတယ်။ အိမ်ရာတိုက်ခန်းတွေရဲ့ တန်ဖိုးကလည်း အခြေခံပြည်သူတွေ လက်လှမ်းမီ ဝယ်ယူနိုင်အောင်ဖြစ်ဖို့ လိုအပ်တာမို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရက မြေစိုက်ပြီး ရင်းနှီးမြှုပ်နှံသူတွေက ငွေကြေးစိုက်ကာ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

စမတ်စီးတီးစီမံကိန်းတစ်ခု အကောင်အထည်ဖော်နိုင်ဖို့အတွက် အစိုးရရဲ့ မူဝါဒ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းတွေ လိုအပ်သလို လုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေအနေနဲ့ ပြဿနာတွေကို နည်းပညာတွေနဲ့ ပေါင်းစပ်ဖြည့်ဆည်းဖို့ လိုအပ်ပါတယ်။ စမတ်စီးတီးမှာ နေထိုင်တဲ့ ပြည်သူတွေအနေနဲ့ စည်းကမ်းတကျ နေထိုင်ဖို့လည်း သိရှိအောင် ပိုင်းဝန်းကူညီပေးကြရမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ရဲ့ Master Plan ကို ဂျပန်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)နဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းပြီး ၂၀၄၀ ပြည့်နှစ်အထိ ရေးဆွဲထားပါတယ်။ ရန်ကုန်မြို့ကို မြန်မာနိုင်ငံရဲ့ စီးပွားရေး မြို့တော်ကြီးအဖြစ် ပီပီပြင်ပြင်ဖော်ဆောင်နိုင်ဖို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးတွေကို ရည်မှန်းချက် လေးရပ်နဲ့ ဆောင်ရွက်နေပါတယ်။

အဲဒီရည်မှန်းချက်တွေက မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ စိမ်းလန်းသော ဇရိယာဖြစ်စေရေး၊ နေချင့်စဖွယ် မြို့တော်ဖြစ်စေရေး၊ မြန်မာနိုင်ငံရဲ့ အဓိက စီးပွားရေး မြို့တော်အဖြစ် ပေါ်ပေါက်လာစေရေးစတဲ့ အချက်တွေဖြစ်ပြီး အဲဒီအတိုင်း ဆောင်ရွက်မယ်လို့ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်မြို့ UMFCCI မှာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၆ ရက်က ပြုလုပ်တဲ့အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှုဖိုရမ်မှာ ပြောထားပါတယ်။

ရန်ကုန်မြို့မှာ အခုဆိုရင် လှည်းကူးစက်မှုဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းနဲ့ တောင်ပိုင်းမြို့နယ် လေးထောင့်ကန်ရွာ အနီးမှာ ဖော်ဆောင်မယ့် နိုင်ငံတကာအဆင့်မီ ရန်ကုန် အမာတာစမတ်စီးတီးနဲ့ အီကိုစီးတီး။ ထန်းတပင်စက်မှု မြို့တော်၊ ညောင်နှစ်ပင်မှာ တည်ဆောက်နေတဲ့ ကိုရီးယား–မြန်မာ စက်မှုမြို့တော်စတဲ့ စီမံကိန်းတွေအပြင် ရန်ကုန်မြို့သစ် စီမံကိန်းလည်း ရှိနေပြီဖြစ်ပါတယ်။

အခုဆိုရင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်မှာ အကောင်အထည်ဖော်တော့မယ့် စမတ်စီးတီး စီမံကိန်းကလည်း ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ထုတ်မယ့် နေရာတစ်ခု ဖြစ်လာမယ့်အပြင် အိမ်ရာတိုက်ခန်းလိုအပ်သူတွေအတွက် ရွေးချယ်နေထိုင်နိုင်မယ့် စီမံကိန်းတစ်ခုလည်း ပေါ်ထွက်လာမှာဖြစ်ပါတယ်။